
Future Publishing House

www.burmeseclassic.com

# အောင်သင်း

## ခေတ်သစ်ကမ္ဘာအတွက် ပညာရေးနှင့် စာရိတ္တပျိုးထောင်မှု




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**စာမူ ခွင့်ပြုချက် အမှတ်**
၁၂၉၆/၂၀၀၃ (၁၂)

**မျက်နှာဖုံး ခွင့်ပြုချက် အမှတ်**
၁၂၄/၂၀၀၄ (၂)

**ပုံနှိပ်ခြင်း**
၂၀၀၄ - ခုနှစ်၊ မေလ၊
ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

**မျက်နှာဖုံး ဒီဇိုင်း**
ပန်းချီ သန်းမြင့်အောင်

**တန်ဖိုး**
၉၀၀ - ကျပ်

**မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်သူ**
ဦးထွန်းထွန်း (၀၂၇၂၆)၊ အောင်မြင့်ထွန်း ပုံနှိပ်တိုက်၊
အမှတ်(၂၂၄)၊ လမ်း-၄၀၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးဝင်းသိန်းဦး (မြ-၀၃၈၉၆)
Future Publishing House
အမှတ်(၅၂-က)၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။

**ကွန်ပျူတာစာစီ**
Future Computer Bureau

**အတွင်းဖလင်**
ကိုသစ် (အေ-ဇက်)

**စာအုပ်ချုပ်**
ကိုရဲအောင် (ရွှေနဒီ)

# ခေတ်သစ်ကမ္ဘာအတွက် ပညာရေး နှင့် စာရိတ္တပျိုးထောင်မှု

## အောင်သင်း

**FUTURE**
**Publishing House**
No.52(A),Ground Floor, 12th Street
Lanmadaw Twonship, Yangon.
Ph:(01) 224431

www.burmeseclassic.com

www.burmeseclassic.com

## Future Publishing House

၏

စာအုပ်ကောင်းများ

၁။ တက်တိုး — မိမိအပေါ်မိမိ သစ္စာရှိခြင်း
၂။ အောင်သင်း — စာစီစာကုံးများနှင့် တွေးနည်းရေးနည်း
၃။ အောင်သင်း — မျိုးဆက်သစ်အတွက် ပိဋကတ်မိတ်ဆက်
၄။ အောင်သင်း — မျိုးဆက်သစ်အတွက် ဂန္ထဝင်မိတ်ဆက်
၅။ အောင်သင်း — ကမ္ဘာ့ပြဿနာ ရှင်းတဲ့နေ့
၆။ အောင်သင်း — ပေးသူနှင့်ယူသူ
၇။ အောင်သင်း — ခေတ်သစ်ကမ္ဘာအတွက်ပညာရေးနှင့် စာရိတ္တပျိုးထောင်မှု
၈။ လူထုစိန်ဝင်း — မန်နေဂျာကောင်းဆိုတာ
၉။ လူထုစိန်ဝင်း — အလင်းတန်း ဆောင်းပါးများ
၁၀။ ဝင်းငြိမ်း — စာပေလူကြမ်းမင်းသား အောင်သင်းနှင့် တွေ့ဆုံပေးခြင်း
၁၁။ ညွန့်ဝေမိုး — ကုမ္ပဏီအတွင်းရေးမှူးများအတွက် အင်္ဂလိပ်စာ
၁၂။ မောင်မောင်မြင့်သိန်း — အင်္ဂလိပ်စာတိုးတက်ရေး နည်းလမ်းကောင်းများ
၁၃။ မောင်မောင်မြင့်သိန်း — ဝေဖန်ရေးအလှ ရှာပုံတော်
၁၄။ ဝင်းသိန်းဦး — ကျွန်ုပ်တို့အမှန်တကယ် ယဉ်ကျေးကြပြီလော
၁၅။ ဝင်းသိန်းဦး — ရှေးဘဝနောက်ဘဝ ဗုဒ္ဓ မဝေဖန်
၁၆။ ဝင်းသိန်းဦး — မင်္ဂလာရှိသော မန်နေဂျာ

# မာတိကာ


စီစဉ်သူ့စကား — ၆
မြန်မာပြန်ဆိုသူ၏အမှာစကား — ၉
ဆရာကြီး၏အမှာစကား — ၁၁
၁။ ခေတ်သစ်ကမ္ဘာအတွက် ပညာရေး (Education for the Modern World) — ၁၄
၂။ ပညာရေးနှင့် စာရိတ္တပျိုးထောင်မှု (Education and the Training of Character) — ၈၀
၃။ ဖြုဟ္ဟစိုရ်ပညာရေး (Education for a Civilized Democracy) — ၁၄၀




www.burmeseclassic.com

www.burmeseclassic.com

## စီစဉ်သူ့စကား

ယခုစာအုပ်ဟာ တက္ကသိုလ် ပြဋ္ဌာန်းစာအုပ် တစ်အုပ် ဖြစ်ခဲ့ဖူးတဲ့ 'Some Tasks for Education by Sir Richard Livingstone' ပါ ဟောပြောချက်သုံးခုကို မြန်မာပြန်ဆို စုစည်းထားခြင်း ဖြစ်ပါတယ်။

မြန်မာပြန်ဆိုသူ ဆရာ ဦးအောင်သင်းဟာ ၁၉၉၀ ပြည့်လွန်နှစ်များက စလို့ လူငယ်ထု တိုးတက်ကြီးပွားရေးနဲ့ ပတ်သက်တဲ့ စာပေများကိုသာ တစ်စိုက်မတ်မတ် ရေးသားလာသူဖြစ်ပြီး ဆရာ ရေးသားခဲ့သမျှကိုလည်း စာအုပ်တွေအဖြစ် စုစည်း ထုတ်ဝေနိုင်ခဲ့တယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ယခု စာအုပ်ကိုလည်း ဆရာက လူငယ်များအတွက် ရည်စူးပြီး ဘာသာပြန်ဆိုခဲ့ခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီစာအုပ်ရဲ့ ထူးခြားချက်က ပုဂ္ဂလိက လူတစ်ဦးချင်း တိုးတက် ကြီးပွားရေးထက် ပတ်ဝန်းကျင် လူ့အဖွဲ့အစည်း စည်ပင်ဖွံ့ဖြိုးရေးအတွက် ဘယ်လို ပြုပြင်ပြောင်းလဲမှုတွေ လိုအပ်တယ်၊ လူကြီး၊ လူငယ်မရွေး ဘယ်လို ပါဝင် ဆောင်ရွက်သင့်တယ်ဆိုတာကို သူ့ရဲ့မှတ်ချက်တွေပါ ထည့်သွင်းပြီး ခြေခြေမြစ်မြစ် ဖွင့်ဆိုတင်ပြထားခြင်းပဲဖြစ်ပါတယ်။



တကယ်တော့ လူသားများအနေနဲ့ မိမိတို့နေထိုင်ရာ လူ့အဖွဲ့အစည်းကြီး စည်ပင်ဖွံ့ဖြိုးပါမှ မိမိတို့ရဲ့ ပုဂ္ဂလိက ဘဝတစ်ခုချင်းဟာလည်း တိုးတက်ကြီးပွားလာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မိမိတို့ရဲ့ ပုဂ္ဂလိက ဘဝတစ်ခုချင်းကို တိုးတက်ကြီးပွားလိုသူတိုင်း မိမိတို့နေထိုင်ရာ လူ့အဖွဲ့အစည်းအတွင်းမှာ ပညာရည်ပြည့်ဝပြီး စာရိတ္တကောင်းမွန်တဲ့ လူ့စွမ်းအားအရင်းအမြစ်များ ကြွယ်ဝလာအောင် ပံ့ပိုးဖော်သွားကြရမှာ ဖြစ်ပါတယ်။ အဲဒီလို ပံ့ပိုးဖော်ကြရာမှာ ယခုစာအုပ်က စာဖတ်ပရိသတ်ကြီးအတွက် ချင့်ချိန်တွေးဆစရာ အတွေးအမြင်များနဲ့ ရှေ့ဆောင် လမ်းပြပေးနိုင်လိမ့်မယ်ဆိုတဲ့ ယုံကြည်မှုနဲ့ စီစဉ်ထုတ်ဝေလိုက်ရခြင်းဖြစ်ပါတယ်။ ။

ဝင်းသိန်းဦး

(၂၀. ၁. ၂၀၀၄)



www.burmeseclassic.com

www.burmeseclassic.com

# လူထုစိန်ဝင်း
# အလင်းတန်းဆောင်းပါးများ




စာမူခွင့်ပြုချက် ၁၁၁၉/၂၀၀၃ (၁၁)

အနယ်နယ်အရပ်ရပ်ရှိ စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။

## မြန်မာပြန်သူ၏အမှာစကား

လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ကျော်လောက်က ဤ Some Tasks for Education by Sir Richard Livingstone စာအုပ်ကို ဝိဇ္ဇာသိပ္ပံတန်း နောက်ဆုံးနှစ်တွင် ပြဋ္ဌာန်းခဲ့ဖူးပါသည်။ ကျွန်တော်မှတ်မိသလောက် ကျောင်းသားအများစုမှာ သိပ်ပြီး စိတ်မဝင်စားလှကြပါ။

အခြားရွေးချယ်ခွင့် စာအုပ်များလည်းရှိခဲ့သေးသည်ဟု ထင်မိပါသည်။ ကျွန်တော်ကတော့ အလွန် စိတ်ဝင်စားခဲ့မိသည်သာမက ကျွန်တော့်အဖို့ အတွေးအခေါ် ကျယ်ပြန့်ပွင့်လင်းလာစေခဲ့သည့် စာအုပ် တစ်အုပ်အဖြစ် ကျေးဇူးတင်နေမိပါသည်။

ဆရာကြီးဆာရစ်ချတ် လစ်ဗင်းစတုန်းမှာ 'ကောပတ်စ်ခရစ္စတီ' ကောလိပ်၏ ဥက္ကဋ္ဌ၊ အောက်စဖို့ဒ် တက္ကသိုလ်၏ ဒုတိယအဓိပတိ ဖြစ်ပါသည်။ ကနေဒါနိုင်ငံ 'တိုရန်တိုတက္ကသိုလ်' တွင် ဟောပြောခဲ့သည့် ဟောပြောချက်များကို စုစည်းပုံနှိပ်ထားခြင်း ဖြစ်ပါသည်။

Future Publishing House

www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် လူငယ်စာဖတ်ပရိသတ် အတွက် ရည်ရွယ်ပြန်ဆိုခြင်း ဖြစ်သောကြောင့် အချို့ နေရာများတွင် ကျွန်တော်ကိုယ်တိုင် ဆက်စပ် တွေးခေါ်မိသည် ကလေးများကိုလည်း သီးသန့် ကြားညှပ်ပြီး တင်ပြထားပါသည်။ ဤသို့သော စကား ညှပ်ကလေးများကြောင့် ဆရာကြီး၏ အာဘော်ကို မထိခိုက်ရုံမျှသာမက အထောက်အပံ့ပင် ဖြစ်နိုင်သည် ဟုလည်း ယုံကြည်ပါသည်။

ဆရာကြီး၏ ခြေခြေမြစ်မြစ် ဆင်ခြင်စဉ်းစား ပုံကို ဖတ်ရှုမိခြင်းအားဖြင့် စာဖတ်သူ လူငယ်များသည် လည်း သွေးကူးယူလိုက်မိသကဲ့သို့ မိမိတို့ တွေ့ကြုံ သမျှ ကြံစည်သမျှ ပြဿနာတို့တွင် ခြေခြေမြစ်မြစ် တွေးတော ဆင်ခြင်တတ်သည့် အလေ့အထ ပေါ်ပေါက်လာကြ ကောင်းရာ၏ဟု မျှော်လင့်မိပါသည်။

**အောင်သင်း**



## ဆရာကြီး၏အမှာစကား

လူသားတို့သည် မိမိတို့ တောင့်တမျှော်မှန်းရာ လောကနိဗ္ဗာန်စခန်း အစပ်နားတွင် ကပ်လျက် မြင်ပြီး ခါမှ နီးလျက်နှင့် ဝေးသွားပြန်၍ မွတ်သိပ်ဆာလောင် တောရိုင်း ခေါင်ခေါင်သို့ ပြန်ရောက်ခဲ့ကြလှပေပြီ။ ထို လောကနိဗ္ဗာန်သို့ ရံဖန်ခဏ ဝင်လိုက်ရပြီးနောက် မောဟမှောင်မိုက် ဒုစရိုက်ကြောင့် ဆုံးရှုံးခဲ့ပြန်ရသည် မှာလည်း များလှပါချေပြီ။ ကျွန်တော်တို့သည် ရှေးက လူများထက် ကံမကောင်း နိုင်ကြပြီလော။ ကံကြမ္မာ အခွင့်သာအောင် မည်သို့မည်ပုံ ပြုလုပ်ကြမည်နည်း။ အောက်ပါ ဟောပြောချက်များမှာ ထိုပြဿနာများ အတွက် အနည်းငယ်မျှသော ပံ့ပိုးမှုများဖြစ်ပါသည်။ ပြဿနာများကိုလည်း ထုတ်ဖော်တင်ပြ ထားပါသည်။ တစ်စိတ်တစ်ဒေသအားဖြင့်လည်း အဖြေများကို အကြံပြုထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုရန်တို တက္ကသိုလ်တွင် ၁၉၄၅ခု၊ စက်တင်ဘာလတွင် ဟောပြောခဲ့ပြီး ရှေ့ပိုင်းသုံးခုမှာ ဝိတိုရိယ တက္ကသိုလ် ဘားဝပ်ရှ်ဖောင်ဒေးရှင်းတွင်ဖြစ်၍ နောက်ဆုံး ဟောပြောချက်မှာ ဆာ၊ ရောဘတ် ဖေါ်လ်ကွန်နား အောက်မေ့ဖွယ်ရာ အခမ်းအနားတွင် ဟောပြောခဲ့ခြင်း ဖြစ်ပါသည်။

ပထမနှင့် ဒုတိယ ဟောပြောချက်များကို အတန်အသင့် အကျဉ်းချုပ်ပြီး 'အတ္တလန်တစ် လစဉ်' တွင် ထည့်သွင်း ဖော်ပြခဲ့ဖူးပါသည်။ အစီအစဉ်ဖြင့် ဆက်တိုက် မဟုတ်သော်လည်း ပညာရေးအားဖြင့် ကျွန်ုပ်ကိုယ်ကို လည်းကောင်း၊ လူ့အဖွဲ့အစည်းကို လည်းကောင်း မည်သို့ မြင့်တင်ကြမည်နည်းဟူသော အချက်ကို ဗဟိုပြုဆွေးနွေး တင်ပြထားပါသည်။

ပထမဟောပြောချက်တွင် **မျက်မှောက်ခေတ်သစ်ကမ္ဘာကြီးနှင့် သင့်တင့်လျော်ကပ်သော ပညာရေးကို စီစဉ်ကြရန်နှင့် မျက်ကွယ်ပြု မေ့ကျန်နေတတ်သော လိုအပ်ချက်တစ်ရပ်** ကို တင်ပြထားပါသည်။ ဒုတိယဟောပြောချက်တွင် **စာရိတ္တထူထောင် လေ့ကျင့်ရေးအကြောင်း** ကို ဆွေးနွေးပြီး လုပ်ဆောင်ဖွယ်ရာ အချို့ကိုလည်း အကြံပြုထား ပါသည်။ တတိယ ဟောပြောချက်တွင် **ယဉ်ကျေးသော ဒီမိုကရေစီစနစ်**





**ထူထောင်မှုနှင့် ရှေးခေတ်ဂရိ ဒီမိုကရေစီ ပညာရေးနှင့် ကျွန်တော်တို့ပညာရေး** ကို နှိုင်းယှဉ်တင်ပြထားပါသည်။ စတုတ္ထ ဟောပြောချက်တွင် လူများကို ပွင့်လင်းရိုးသား ခမ္မမိဋ္ဌာန်ကျအောင် မည်သို့ လေ့ကျင့်ပေးနိုင်ပါသနည်း ဆိုသည်ကို ပြဿနာတင်ပြထားပါသည်။

ကနေဒါနိုင်ငံသို့ ကျွန်တော် ရောက်သွားစဉ် ထိုကာလကရော ယခုတိုင်ပါ တသသ ကြည်နူးခြင်း ဖြစ်ရအောင် ရက်ရောဖော်ရွေလှသည့် မိတ်ဆွေများနှင့် ပရိသတ်များကို လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်းကို မဖော်ပြဘဲ ဤအမှာစကားကို နိဂုံးမချုပ်ရက်နိုင်ပါတော့ပြီ။

**ရစ်ချတ် လစ်ဗင်းစတုန်း**



www.burmeseclassic.com

www.burmeseclassic.com

# ခေတ်သစ်ကမ္ဘာအတွက် ပညာရေး (၁)

*အရာရာ၏ 'ဋ၊ အ' ကို လူတိုင်း သိနေကြသော်လည်း တစ်စုံတစ်ရာ၏ 'က၊ ခ' ကို မည်သူမျှ မသိကြချေ။*

*ဘားနဒ်ရှော*

လူတိုင်း နားယဉ်နေကြပြီ ဖြစ်တဲ့ စကားလေး တွေနဲ့ပဲ နိဒါန်း ချီလိုက်ပါရစေ။ အဲဒီ စကားကတော့ 'ခေတ်သစ်ကမ္ဘာကြီး အတွက် ခေတ်သစ်ပညာရေးကို လိုအပ်နေပြီ' 'လူငယ်တွေကို ခေတ်နဲ့အပြိုင် လူ့အဖွဲ့ အစည်းမှာနေပြီး ခေတ်ပြိုင် ပြဿနာတွေကို ရင်ဆိုင် နိုင်အောင် အသင့်ပြင်ပေးထားရမယ်' ဆိုတာမျိုး တွေပါပဲ။ ဒီစကားမျိုးတွေကို ကြားလိုက်ရရင် ရုတ်တရက်တော့ ဘဝင်တွေ့သွားလောက် အောင်ပါပဲ။ စင်းစင်းတွေးပြီး ရှင်းရှင်းပြောချလိုက်တာ ဆိုတော့ ဖြုန်းခနဲဆိုရင် ကြိုက်လောက်စရာ ဖြစ်တဲ့ပြင် သင်ရိုး ညွှန်းတမ်းကိုတောင် ဒက်ထိ ညွှန်ပြလိုက်သလိုပါပဲ။





ဒါပေမယ့် ဆက်ပြီး စဉ်းစားစရာ ဖြစ်လာတာ က လူငယ်တွေကို ခေတ်ပြိုင်ပြဿနာတွေကို ရင်ဆိုင် ဖြေရှင်းနိုင်အောင် ပညာသင်ကြားပေးရမယ် ဆိုတာက ဟုတ်ပြီ။ အတိအကျအားဖြင့် ဘာပြဿနာတွေလဲ၊ ဘယ်သင်းက အရေးကြီးဆုံးလဲ။ ဒီမေးခွန်းတွေက ထွက်လာပြန်တယ်။ ခေတ်သစ်ကမ္ဘာကြီး အတွက် ခေတ်သစ်ပညာရေးကို ဖန်တီးကြရမယ် ဆိုတာက တော့ ငြင်းနေစရာ မလိုပါဘူး။ ဒါပေမယ့် ခေတ်သစ် (မော်ဒန်)ဆိုတာ ဘာလဲ. . .။ ကျွန်တော်တို့ ကမ္ဘာကြီး က ဘယ်နေရာမှာ 'ခေတ်သစ်'နေတာလဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ထောင် နှစ်ထောင်ကနဲ့ ဘယ်နေရာ တွေမှာ ကွာနေသလဲ။

'ဒီခေတ်သစ်' (မော်ဒန်) ဆိုတာကို သေချာ မစဉ်းစားဘဲ ဒီလိုသာ ပြောနေကြတော့မယ် ဆိုရင် ဒီမှန်ယောင်ကား စကားတွေကို ချွေးသိပ်ထားသလို ဖြစ်နေတော့မှာ အမှန်ပဲ။ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်က ကျွန်တော့်ဆီကို စာလေးနှစ်စောင် ရောက်လာပါတယ်။ အဲဒီစာလေးနှစ်စောင်က အဲဒီပြဿနာအတွက် လက်ခနဲ အလင်းရောင်လေး ပေးလိုက်ပါတယ်။ တစ်စောင်က ရောဂါဗေဒ ပါမောက္ခ တစ်ယောက် ဆီကပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက နောက်ပိုင်း အသက်လေး ရလာတဲ့ အပိုင်းမှာ အင်္ဂလိပ်ဘာသာပြန် 'ပလေတို' ကို ဖတ်နေရင်း ရေးလိုက်တာ ဖြစ်ပါတယ်။ သူရေးထားတာက-

'ကျွန်တော်တို့ ယောင်လို့တောင်မှ မစဉ်းစားဘူးတဲ့ ကိစ္စတွေကို ဘေးချိတ်ထားလိုက်ဦး၊ ကျွန်တော်တို့မှာ ခေါင်းခြောက်လောက်အောင် စဉ်းစားမိပါလျက် ဝိုးတဝါး ဖြစ်နေတာတွေကို ကြည်လင်သွားအောင် လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာလောက်က ပြောပစ်ခဲ့တာတွေကို အံ့သြလို့ မဆုံးနိုင်ဘူးဗျာ' တဲ့။

နောက်တစ်စောင်ကတော့ ကျောင်းနေဖက် သူငယ်ချင်း တစ်ယောက်ဆီကပါ။ မြန်မာပြည် စစ်မြေပြင်မှာ ကျဆုံးသွားရှာတဲ့ သူ့သားလေး ဂျင်အကြောင်းကို ရေးထားပါတယ်။ သူရေးထားတာက ဂျင်က သူ့စာတစ်စောင်ထဲမှာ ရင်ဆိုင်တိုက်ခိုက်နေရတဲ့ အခါမျိုး မဟုတ်ရင် ကတုတ်ကျင်းကလေးထဲမှာ ရေနံဆီမီးခွက်ကလေးနဲ့ ပလေတိုကထာတွေကို ဖတ်နေလေ့ရှိကြောင်း ရေးထားတာကို သတိရမိတယ်။

နောက်တစ်စောင်ထဲမှာတော့ တိုက်ပွဲ ထွက်ရတော့မယ်ဆိုရင် 'အပိုလိုဂျီကထာ' က သူဖတ်နေကျ စာပိုဒ်ကလေး နှစ်ခုကို ထည့်ပြီးရေးထားတယ်။ အဲဒါတွေက 'အကြင်သူသည် လောက၌ လူဖြစ်ရကျိုးနပ်လိုသူ ဖြစ်၏။ ထိုသူသည် သေရေးရှင်ရေးကို ထည့်၍ မတွေးအပ်။ မိမိ ကိုယ်နှုတ်နှလုံး အမူအရာသည် တရားနှင့်ယှဉ်သလော၊ မယှဉ်သလော ဟူသော အချက်ကိုသာ တွေးအပ်သည်' ဆိုတာရယ် 'ယောကျ်ားကောင်း မည်သည်မှာ မိမိအလိုရှိရာ စစ်မြေပြင်၌ဖြစ်စေ၊ မိမိ၏ ဗိုလ်မှူးစစ်ကဲက တာဝန်ပေးထားရာ စစ်မြေပြင်၌ဖြစ်စေ သေဘေးကို ရင်ဆိုင်ရမည်သာဖြစ်သည်။ သေရေးကို ထည့်၍မတွေးအပ်၊ ရှက်ဖွယ်အရေးကိုသာ တွေးအပ်သည်' ဆိုတဲ့ စာပိုဒ်တွေပါပဲတဲ့။

ဘယ်လောက်များ အံ့သြဖို့ ကောင်းလိုက်ပါသလဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာလောက်က ထွန်းညှိခဲ့တဲ့ မီးတန်ဆောင်ဟာ မြန်မာပြည်က တောအုပ်မြက်မည်း သေမင်းရှေ့မှောက်မှာတောင် မညှိုးမမှိန် ထွန်းလင်းနေဆဲ ဖြစ်ခဲ့ရတယ်။ လူ့ဘဝဆိုတာ သိပ်ပြောင်းလဲတာမှ မဟုတ်ဘဲ။ ပြောင်းလဲပါတယ်ဆိုရင် 'ဒန်တေ' တို့ 'ရှိတ်စပီးယား' တို့ဆိုတာ ကျွန်တော်တို့အဖို့ ဘာအဓိပ္ပာယ် ရှိနိုင်ပါတော့မလဲ။ လူသားတို့ရဲ့ အမြင့်မြတ်ဆုံး စံဆိုတာကလည်း သိပ်ပြီး ပြောင်းလဲတာ မဟုတ်ပါဘူး။

ရဟူဒီတွေက 'လူသားတို့၏ ရည်မှန်းချက်





www.burmeseclassic.com

www.burmeseclassic.com



သည် ဘုရားသခင်၏ ဆန္ဒတော်အတိုင်း လုပ်ဆောင်ရန် ဖြစ်သည်' လို့ ယုံကြည်ခဲ့ကြတယ်။

ဂရိလူမျိုးတွေက 'လူ့ဘဝ၏အမြင့်ဆုံး အဆင့်သို့ ရောက်ရှိရန်ဖြစ်သည်' လို့ ယုံကြည်ခဲ့ကြတယ်။

နှစ်ပေါင်း နှစ်ထောင်လောက် ကြာပြီးတဲ့ ခုအချိန်မှာလည်း အဲဒါတွေထက် ဘာမှ မပိုနိုင်သေးပါဘူး။ လေ့လာသင်ယူနည်းတွေက ပြောင်းချင် ပြောင်းမယ်။ အဲဒီနည်းသစ်တွေကို လေ့လာဖို့ လိုအပ်ကောင်း လိုအပ်မယ်။ ဒါပေမယ့် အရေးကြီး နက်ရှိုင်းတဲ့ ကိစ္စတွေက မပြောင်းလဲပါဘူး။

ပညာကို ရှာဖွေစူးစမ်းစေတဲ့ သိလိုစိတ်တွေ၊ ဘယ်လောက်ပဲ အခက်အခဲ ကြုံကြုံ၊ မတွန့်တဲ့ဇွဲသတ္တိတွေ၊ လောကကြီးကို အရှိအတိုင်း အဖြစ်အတိုင်း မြင်နိုင်တဲ့ စွမ်းရည်တွေ၊ အရေးပါတာနဲ့ မပါတာကို ခွဲခြားသိနိုင်တဲ့ သတ္တိတွေ၊ ကျိုးကြောင်း ယုတ္တိမဲ့တာ မမဲ့တာကို ခွဲခြားသိနိုင်တဲ့ စွမ်းရည်တွေဟာ သိပ္ပံပညာရဲ့ စွမ်းအားနဲ့ အဓိပ္ပာယ်ကို ပေါ်ထွန်းစေတယ်။

ဟိုးရှေးခေတ် အိုင်အိုနီးယန်း တွေးခေါ်ရှင်တွေ ကမ်းမမြင်တဲ့ ပင်လယ်ပြင်ကို စတင်ပြီး ရွက်လွှင့်ခဲ့ကြစဉ်ကလည်း ဒီလိုစိတ်မျိုးတွေကြောင့်ပါပဲ။





ဆော့ခရတ္တိက လူ့ဘဝအကြောင်း၊ ဘာသာရေး တရားရှိခြင်း မဲ့ခြင်းအကြောင်းတွေ၊ အလှတရားနဲ့ အကျည်းတန်တရား၊ တရားမှုနဲ့ မတရားမှု၊ ကျိုးကြောင်းရှိမှုနဲ့ မရှိမှု၊ နိုင်ငံတော်နဲ့ နိုင်ငံသား၊ အစိုးရအဖွဲ့နဲ့ သူ့စွမ်းပကားစတဲ့ လူကိုလူပီသစေတဲ့ အရည်အသွေးတွေ အကြောင်းကို ဆွေးနွေးခဲ့စဉ်ကလည်း ဒီလို စိတ်မျိုးတွေကြောင့်ပါပဲ။ ဒီလိုစိတ်မျိုးဟာ လူသားထဲမှာ ထာဝရ ကိန်းအောင်းနေတာမို့ တကယ့်အခြေခံ ပြဿနာတွေဟာ ရှေးကနဲ့ အခုနဲ့ အတူတူပဲ ဖြစ်နေတာပါပဲ။

***ခေတ်သစ် (မော်ဒန်) ဆိုတဲ့စကားမှာ အနက်နှစ်ခွထွက်နေတာကို ကျွန်တော်တို့ သေချာ သတိပြုသင့်ပါတယ်။***

***တစ်ခုက အချိန်ကာလအားဖြင့် ခေတ်သစ်ပြိုင်ဖြစ်ခြင်း။*** အဲဒီ သဘောနဲ့ဆိုရင် ပလေတို၊ အက်ပီကူးရပ်စ်၊ ရှိတ်စပီးယား၊ မွန်တိန်းတို့ဟာ ခေတ်သစ် (မော်ဒန်) မဟုတ်ကြတော့ဘူး။

***နောက်တစ်ခုက စိတ်ဓာတ်အားဖြင့် ခေတ်သစ်မှု။*** ဒီသဘောနဲ့ဆိုရင် ပလေတိုနဲ့ အက်ပီကူးရပ်စ် တို့က ရှိတ်စပီးယားနဲ့ မွန်တိန်းတို့ထက်တောင်မှ ခေတ်သစ်နေသေးတယ်လို့ ဆိုရမယ်။ ခေတ်သစ်တယ် ဆိုတာဟာ အချိန်ကာလကိုမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အတွေးအမြင်ကိစ္စ ဖြစ်ပါတယ်။

မှတ်ချက်

၁။ အက်ပီကူးရပ် (Epicurus) = ဂရိဒဿနဆရာ (၃၄၂ -၂၇၀ ဘီစီ)

၂။ မွန်တိမ်း (Montaigne) = ပြင်သစ် စာတမ်းဆရာ (၁၅၃၃ - ၉၂)

'အကြင်သူသည်
လောက၌ လူဖြစ်ရကျိုး နပ်လိုသူ ဖြစ်၏။
ထိုသူသည် သေရေးရှင်ရေးကို
ထည့်၍ မတွေးအပ်။
မိမိ ကိုယ်နှုတ်နှလုံး အမူအရာသည်
တရားနှင့်ယှဉ်သလော၊
မယှဉ်သလော ဟူသော အချက်ကိုသာ
တွေးအပ်သည်'



## ခေတ်သစ်ကမ္ဘာအတွက် ပညာရေး (၂)

ခေတ်သစ် (မော်ဒန်) ဆိုတဲ့ စကားကို ချင့်ချင့်ချိန်ချိန် သုံးကြသင့်ကြောင်းကို ပြောပြီးတဲ့နောက်မှာ ပစ္စက္ခခေတ်ကြီးအတွက် ဘာပညာရေးမျိုးကို လိုအပ်သလဲ ဆိုတာကို စဉ်းစားကြည့်ကြဖို့ ကင်ပြချင်ပါတယ်။

ဒီနေရာမှာ ဒီနေ့ခေတ်ကြီးရဲ့ ပြဿနာတွေဟာ ဘာတွေလဲ၊ ဘယ်ပြဿနာတွေဟာ အရေးကြီးဆုံးလဲ ဆိုတာကို ပြက်ပြက်ထင်ထင် သိလာအောင်လည်း မလွဲမသွေ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ အကြမ်းအားဖြင့် ကြည့်လိုက်မယ်ဆိုရင် ပြဿနာတွေ အားလုံးဟာ **'ခေါင်းစဉ်ကြီးနှစ်ခု'** အောက်မှာ ရောက်သွားတာကို တွေ့ကြရမှာပါပဲ။

တစ်ခုက ရှုပ်ထွေးပွေလီလှတဲ့ ဒီနေ့လူ့ဘောင်ကြီးထဲက **'လူမှုရေးပြဿနာတွေ'**၊ ကုန်သွယ်ရေး၊ စီးပွားရေးတို့၊ ဒေသန္တရအစိုးရ၊ ဗဟိုအစိုးရအဖွဲ့တို့၊ နိုင်ငံခြားရေး၊ နိုင်ငံတကာဆက်ဆံရေးတို့ ဆိုတာမျိုးတွေပေါ့။ နောက်တစ်ခုက အပြောကျယ်လှတဲ့ **'သိပ္ပံပညာနဲ့ အသုံးချသိပ္ပံ'** ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ပညာရေးဆိုတာဟာဖြင့် ဒီပြဿနာကြီး နှစ်သွယ်ကို သင်ကြားပေးနိုင်အောင် စီရင်ထားရ မယ် ဆိုတဲ့သဘောမျိုး ဖြစ်လာတယ်။ **လူမှုရေးသိပ္ပံ နဲ့ သဘာဝသိပ္ပံ** ရယ်လို့ အဓိကကဏ္ဍကြီးနှစ်ခု ရှိလာရမယ်။ အဲဒီပညာရေးစနစ်ဟာဖြင့် ခေတ်သစ်ကမ္ဘာကြီးရဲ့ ပဓာန လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှာ ပဲပေါ့။

ကောင်းပါပြီ။ ဒါဖြင့် အဲဒီပညာရေးစနစ်မျိုးဟာ တကယ်တမ်း ပြည့်စုံလုံလောက်နေပါပြီလား။ ပထမဆုံး လူမှုရေးသိပ္ပံအခြေခံတဲ့ ပညာရေးကို သုံးသပ် ကြည့်ကြ ရအောင်။

မကြာသေးခင်က ပညာရေးစာအုပ် တစ်အုပ်ကို ဖတ်လိုက်ရတယ်။ သင်ရိုးညွှန်းတမ်းနဲ့ ပတ်သက်ပြီးတော့ ဘယ်လို ရေးထားသလဲဆိုတော့. . .

*'ခေတ်သစ်ကမ္ဘာကြီးကို မည်သို့ ဖွဲ့စည်းထားသည်။ မည်ပုံလှုပ်ရှား ဆောင်ရွက်နေသည် စသည်တို့ကို တပည့်များ သဘောပေါက်လာအောင် ဆရာများက စပ်ဆိုင်သမျှ ကြောင်းရာပစ္စည်း စုံလင်ရန် ကြိုးစားပမ်းစား စုဆောင်းပြီး ကျကျနန ကိုင်တွယ်သင်ကြားလိုက်နိုင်မည် ဆိုပါက အလွန်သင့်မြတ်ပေလိမ့်မည်။*

*သဘာဝကြီးက ခွန်အားကို ကြိုးကိုင်သုံးစွဲပုံ၊ ရုပ်ပစ္စည်းများကို အသွင်ပြောင်းပစ်လိုက်ပုံ၊ ကုန်ပစ္စည်း*





*ထုတ်လုပ်ဖြန့်ချိပုံ၊ ဝန်ထမ်းလုပ်သားများ ဖွဲ့စည်းပုံ၊ လုပ်ခကြေးငွေပေးပုံ၊ ကိုင်တွယ် အုပ်ချုပ်ပုံ၊ မြို့ပြနိုင်ငံ စီမံခန့်ခွဲပုံ စသည်တို့ကို နိုင်ငံသားတိုင်း အတန်အသင့် သိထားသင့်ပေသည်။*

*ကျွန်ုပ်တို့၏ စီးပွားရေးလူ့ဘောင်၊ လူမှုရေး ထုံးတမ်းများကို မည်သည့်တွန်းအားများက ပြောင်းလဲ ပုံဖော်နေသည်ကိုလည်း ထိုက်သည့်အားလျော်စွာ သိထားရပေလိမ့်မည်'* တဲ့၊ ကဲ မရှင်းဘူးလား။

အဲဒါဟာ ခေတ်သစ်ကမ္ဘာအတွက် ခေတ်သစ် ပညာရေးပဲ မဟုတ်ဘူးလား။ ကျွန်တော်တို့ လိုချင် နေတာ အဲဒါပဲ မဟုတ်လား။ ကျွန်တော့်အနေနဲ့ ကတော့ တယ်ပြီး ဘဝင်မကျချင်လှဘူး။ ကျွန်တော့်ကို က သို့လောသို့လော ဖြစ်တတ်လွန်းလေသလား မပြော တတ်ဘူး။

ဘာအကြောင်းကိုပဲ သင်လိုက်သင်လိုက် ဆေးစက်ကျရာ အရုပ်ထင်ဆိုတဲ့ ရှားရှားပါးပါး ပါရမီရှင် ကျောင်းဆရာမျိုးများ သင်ပေးလိုက်ရင် တော့ဖြင့် မပြောတတ်ဘူး။

ကျောင်းသား လူငယ်တွေဆိုတာက လူ့အဖွဲ့ အစည်းလောကထဲကို လက်တွေ့ ရောက်ကြရသေးတာ မဟုတ်ဘူး။ အပေါ်ယံ ရုပ်ရုပ်ကလေးသာ လက်စပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြရသေးတာ။ သူလို ငါလို ဆရာမျိုးတွေက အဲဒီလို အကြောင်းအရာတွေကိုသာ သွားသင်လိုက်ရင် အကုန်လုံး ငိုက်ကုန်မှာ သေချာတယ်။ ဒီသင်ရိုး ညွှန်းတမ်းမျိုးမှာ အဲဒီအပြင်လဲပဲ အပြစ်ထောက်ပြစရာရှိနေသေးတာပဲ။ သင်လိုက်ရမယ့် ဟာတွေက တစ်ပုံကြီး။

ဒါ့ရတာင်မှ ကျန်ရစ်နေသေးတာက သင်ရိုးညွှန်းတမ်းမှာ ပါပြီးသားတွေထက်တောင် ပိုများနေသေးတယ်။

ဆိုပါစို့ ကိုးကွယ်မှု ဘာသာရေးကိစ္စ၊ ဘာသာစကားကိစ္စ၊ အနုပညာဂီတ ဒါတွေ တစ်ခုမှ မပါသေးဘူး။ ရသစာပေတို့ သမိုင်းတို့ ဆိုတာတွေကိုဆို စကားတောင်မစပ်ဘူး။ သိပ္ပံဆိုတာတောင်မှ တခြား သူတို့ သင်မယ့် ဘာသာရပ်နဲ့ အကြောင်းစပ်လာပါမှ မတော်တဆ ပါလာရတော့မယ်။ ခက်တာက အဲဒါတွေကို ဖြုတ်မထားခဲ့ပြန်ရင်လည်း သင်လိုက်ရမှာတွေက ပွတ်သိပ် ကျပ်ခဲနေတော့မယ်။

ပညာရေးမှာ ပွတ်သိပ် ကျပ်ခဲနေခြင်းဟာလည်း လူနေအိမ်ခြေ ပွတ်သိပ်ကျပ်ခဲနေတဲ့ 'ပုံကျ' ရပ်ကွက်လိုပဲ ကျန်းမာရေး ထိခိုက်တတ်လေတော့ ကျောင်းသားတွေဟာလည်း 'ပုံကျ ပညာရေး ရပ်ကွက်ကြီးတွေ' ဖြစ်လာမှာ သေချာတယ်။





အဲဒီလို ပွတ်သိပ်ပညာရေးလောကမှာ ကြောက်စရာကောင်းတဲ့ ရောဂါတစ်မျိုးဖြစ်လေ့ရှိတာ မမွတာပဲ။ ဒါကိုလည်း အရေးတယူ သတိမပြုတတ်ကြဘူး။ အဲဒါကတော့ တပည့်တွေကို ပညာဆိုတာရဲ့ အဓိပ္ပာယ်ကို သင်မပေးလိုက်မိတဲ့ ရောဂါပဲ။

ဒီလိုသင်ရိုးညွှန်းတမ်းမျိုးမှာ အပေါ်ယံ ရှပ်ရှပ်လောက်ထက်ပိုပြီး သင်မပေးနိုင်တော့ဘူး။ အချိန်မှ မပေးနိုင်တော့ပဲကိုး။

အပေါ်ယံ အပြင်ပန်းဆိုတာ ဘဝကို စိတ်ဝင်စားအောင် ဖန်တီးနိုင်တယ်၊ သူ့နေရာနဲ့သူ အသုံးကျတဲ့ အခါလည်း ရှိပါတယ်။ ဒါပေမယ့် အကန့်အသတ်အားဖြင့် ကျဉ်းတယ်။

အဲဒါအပြင် ပိုပြီးကြောက်စရာကောင်းတဲ့ အန္တရာယ် တစ်ခုရှိသေးတယ်၊ ဘာလဲဆိုတော့ ကိုယ်တကယ် မသိပါဘဲလျက် 'သိတယ်' လို့ အထင်ရောက်သွားစေမှု ဖြစ်ပါတယ်။

ပညာမတတ်သူတွေဟာ လောကအတွက် အန္တရာယ်ပဲ။ ဒီထက်ပိုပြီး ကြောက်စရာ ကောင်းတဲ့ အန္တရာယ်တစ်ခုကိုတော့ သတိမပြုမိကြဘူး။ အဲဒါက ပညာမတတ်တတတ် တတ်ယောင်ကားသူတွေရဲ့ အန္တရာယ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ တတ်ယောင်ကား ဦးရေကို လျှော့ချပစ်ဖို့ဟာ ပညာရေးရဲ့ အဓိကဦးတည်ချက်ပဲ။ အဲဒီဦးတည်ချက်ထိ ပေါက်မြောက် အောင်မြင်ဖို့ ဆိုတာက မှတ်သားစရာ တိုတိုထွာထွာ သုတကလေးကို ပေးနေရုံနဲ့ ပြီးတာမဟုတ်ဘူး။

အလုံးစုံ သိစရာဟူသမျှ သိသွားအောင် သင်ပေးလိုက်ဖို့ ဆိုတာမျိုးကလည်း လက်တွေ့ လုပ်ဆောင်လို့ရနိုင်တာမျိုး မဟုတ်ဘူး။ သို့သော်လည်း လူတွေကို ပညာဆိုတာ ဘာလဲဆိုတာကို သိသွားအောင်တော့ လုပ်ပေးနိုင်ပါတယ်။ အဲဒီလို ဖြစ်လာအောင် သင်နည်းက လွယ်လွယ် ရှင်းရှင်းကလေးပါ။

ကျောင်းသား တစ်ယောက်ကို သင်ရိုးမှာပါတဲ့ ဘာသာရပ်တွေထဲက အနည်းဆုံး ဘာသာရပ် တစ်ခုလောက်ကို ကျကျနန ထဲထဲဝင်ဝင် လေ့လာခိုင်းလိုက်ပါ။

ပညာဆိုတာ ဘာလဲ သူသိလာပါလိမ့်မယ်။ ပညာရဖို့ ဘယ်လောက် ခက်တယ်။ ဘယ်လောက် အားထုတ်ရတယ်၊ ဘယ်လောက် သေချာရတယ်၊ ပညာဆိုတာကို ခပ်လှမ်းလှမ်းက မြင်ရရုံလေးလောက် အတွက်တောင်မှ ဘယ်လောက် ဇွဲကောင်းရတယ် ဆိုတာကို သိလာပါလိမ့်မယ်။





ဒီနေ့ပညာရေးစနစ်တွေမှာ အများအားဖြင့် တွေ့ရလေ့ရှိတဲ့ 'ဟာကွက်' က အဲဒါပဲ။

လူမှုရေး လူ့ဘောင်လေ့လာမှု သင်ရိုးညွှန်းတမ်းတွေကို ကြည့်လိုက်ရင် ပမာနချွတ်ယွင်းချက်က သင်လိုက်ရတဲ့ အကြောင်းအရာတွေက တစ်ပုံတစ်ခေါင်းကြီး၊ သင်ရိုးမာတိကာကို ကြည့်လိုက်ပြန်တော့လည်း ဟိုစပ်စပ်ဒီစပ်စပ် ပြည့်ညပ်နေပြီး ဘာတစ်ခုကိုမှ မည်မည်ရရ နှိုက်နှိုက်ချွတ်ချွတ် လေ့လာချိန် မရှိဘူး။

အဲဒီလို လေ့လာရကောင်းမှန်းကို မသိလိုက်ရတော့ဘူး။

ဒီလိုပညာရေးမျိုးမှာ အဲဒါတွေထက် ပိုပြီးဆိုးတဲ့ ပျော့ကွက်ကြီး ရှိသေးတယ်။ အဲဒါကိုတော့ နောက်ပိုင်းကျမှ ပြောတော့မယ်။

ခုလောလောဆယ်တော့ သဘာဝသိပ္ပံကို အခြေခံတဲ့ ပညာရေးမှုကို စဉ်းစားလိုက်ကြဦးစို့။

လူမှုရေးသိပ္ပံကို အခြေခံတဲ့ ပညာရေးမှာ ကျောင်းသားတွေဟာ ဟိုစပ်စပ် ဒီစပ်စပ် လေ့လာကြရတဲ့အတွက်ကြောင့် ပညာရဲ့အဓိပ္ပာယ်ကို အလေးအနက် သဘောပေါက်ခွင့် မရလိုက်ဘူး။

သင်ရိုးအားဖြင့် သိပ္ပံကို အခြေခံတဲ့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေမှာတော့ ဒီလိုပြောလို့ မရတော့ဘူး။

ဘာကြောင့်လဲဆိုတော့ ယုတ်စွအဆုံး သိပ္ပံဘာသာရပ် တစ်ခုခုမှာတော့ ကျကျနန လေ့လာကြတာကိုး။

အဲဒီအပြင် သိပ္ပံပညာနှင့် သိပ္ပံသဘောက နှစ်ပေါင်း နှစ်ထောင်ကျော်လာခဲ့ပြီ ဆိုစေဦးတော့ 'အသုံးချသိပ္ပံနှင့် နည်းပညာ' ဆိုတာတွေက ဒီနေ့ လူ့ဘောင် ယဉ်ကျေးမှုကြီးရဲ့ ပဓာန သွင်ပြင်လက္ခဏာတွေ ဖြစ်နေတယ်။

သိပ္ပံသဘောတရားပေါ်မှာ ခြေစုံရပ်ပြီး အသုံးချသိပ္ပံနှင့် နည်းပညာဟာ ဖွံ့ဖြိုးလာခဲ့တယ်။

အဲဒါတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ လူသားတို့ရဲ့ ဘဝဟာလည်း ပြောင်းလဲ တိုးတက်လာခဲ့တယ်။ ဒါကြောင့် 'အသုံးချသိပ္ပံနှင့်နည်းပညာ' ဟာ လူသားဘဝရဲ့ ကြင်ဖော်ကြင်ဖက် အနာဂတ် မျှော်လင့်ချက်တွေ ဖြစ်လာရတယ်။

ဒီတော့ အဲဒီပြောင်းလဲတိုးတက်မှုကို အမီလိုက်နိုင်အောင် ပညာရေးကလဲ ပြောင်းလဲပေးရမယ်။

ဒါကြောင့် သိပ္ပံဘာသာရပ်ကို တစ်ခဲနက် အလေးတင် ပေးရမယ်ဆိုတဲ့ အဖြေထွက်လာတယ်။

ရှင်းနေတာပဲ၊ ဒါပေမယ့် တကယ်ရှင်းရဲ့





လား။ တကယ် ဟုတ်ပါရဲ့လား။

ကဲ - ဆိုလိုက်ကြပါစို့၊ သိပ္ပံဟာ လူသားတို့ရဲ့ ကြီးမားသော စွမ်းဆောင်အောင်မြင်မှု ဖြစ်တယ်။

အမြင့်မားဆုံး လုပ်ဆောင်နိုင်မှု ဖြစ်တယ်။

လူ့လောကအတွက် အတိုင်းမသိသော အခွင့်အလမ်းတွေကို ဖွင့်ပေးခဲ့တယ်။

အသုံးချနိုင်တဲ့ အဆင့်ကို ရောက်လာလိုက်တော့ ဒီနေ့ ကမ္ဘာကြီးရဲ့ အရေးအပါဆုံးသော 'စွမ်းအားသစ်ကြီး' ဖြစ်လာတယ်။

ဒါကြောင့် နိဂုံးချုပ်လိုက်တော့ အနာဂတ် လူ့ဘောင်အတွက် သိပ္ပံသဘော သိပ္ပံကျွမ်းကျင်မှုရှိတဲ့ လူပေါင်းများစွာကို မွေးထုတ်ပေးရမယ်။

သိပ္ပံရဲ့ စွမ်းအားနှင့် သိပ္ပံရဲ့ အရေးပါမှုကို လူတိုင်း သိနားလည်အောင် လုပ်ပေးရမယ်။

သိပ္ပံဘာသာရပ်ကို အထူးတလည် လေ့လာနေသူ မဟုတ်ရင်တောင်မှ သိပ္ပံသမိုင်းကို လေ့လာရင်း ဒီသဘောကို ခရီးသွားဟန်လွှဲ နားလည်နေစေရမယ်။

အဆင့်မြင့် ပညာရေးမှာတော့ သိပ္ပံရဲ့ အရေးပါမှုကို မလွဲမသွေထည့်ပြီး သင်ပေးရမယ့် ကိစ္စလို့ သဘော ထားသင့်တယ်။

ဒီလိုမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ - အဲဒါကို ထားလိုက်တော့။

သိပ္ပံရဲ့ နယ်ပယ် ကျဥ်းမြောင်းမှု၊ သိပ္ပံရဲ့ အကန့်အသတ်ကို ဆက်ပြီး စဥ်းစားလိုက်ကြဦးစို့။

ပညာမတတ်သူတွေဟာ လောကအတွက်
အန္တရာယ်ပဲ။
ဒီထက်ပိုပြီး ကြောက်စရာကောင်းတဲ့
အန္တရာယ်တစ်ခုကိုတော့
သတိ မပြုမိကြဘူး။ အဲဒါက
ပညာမတတ်တတတ် တတ်ယောင်ကားတွေရဲ့
အန္တရာယ်ပါပဲ။



## ခေတ်သစ်ကမ္ဘာအတွက် ပညာရေး (၃)

သိပ္ပံရဲ့ နယ်ပယ်ကျဥ်းမြောင်းမှုဘက်ကို လှည့်လိုက်ပါရစေဦး။ ရုတ်တရက် ကြည့်လိုက်ရင်တော့ သိပ္ပံရဲ့ နယ်ပယ်ကြီးဟာ အကန့်အသတ်မရှိ အနန္တပါပဲ ရယ်လို့ အောက်မေ့စရာ ရှိပါတယ်။ ပြောလိုက်ရဦးမယ်။ လွန်ခဲ့တဲ့ ၁၉၄၄ ခုနှစ်က ကျွန်တော် တာဝန်ထမ်းဆောင်နေတဲ့ အောက်စ်ဖို့ဒ် တက္ကသိုလ်က သုတေသန လက်တွေ့စမ်းသပ်ခန်း တစ်ခုထဲကို ရောက်သွားခဲ့ပါတယ်။

ကျွန်တော်တို့ တက္ကသိုလ်က ပညာရှင်တွေဟာဆိုရင် ပြည်တွင်းမှာရော ပြည်ပမှာပါ နိုင်ငံတော်အစိုးရတာဝန်ကို ထမ်းဆောင်နေကြတာ အနှံ့အပြားပါပဲ၊ တစ်ယောက်ဟာဆိုရင် ပြည်တွင်း လုံခြုံရေးဌာနအရင်းဇယားပြုစုရေးမှာ တာဝန်ထမ်းဆောင်နေတယ်။ သူ့လက်အောက်မှာကိုပဲ လူ တစ်ရာငါးဆယ်လောက်ရှိတယ်။ နောက်တစ်ယောက်က ကမ္ဘာအရှေ့ပိုင်းမှာ

www.burmeseclassic.com



မာတုစစ်ရေးကာကွယ်မှု သုတေသနလုပ်နေတယ်။ နောက်တစ်ယောက်က အီတလီမှာ ထိခိုက်ဒဏ်ရာကြောင့် ချောက်ချားမှုကုသရေး သုတေသနအဖွဲ့မှာ လုပ်နေတယ်။ အဲ- နောက်တစ်ယောက်က ဘုရင့်လေတပ်မတော်အတွက် သုတေသန လုပ်ပေးနေတယ်။

အဲ ခုနကပြောခဲ့တဲ့ စမ်းသပ်ခန်းထဲကို ဝင်ကြည့်လိုက်တော့ တွေ့လိုက်ရတဲ့ သုတေသနလုပ်ငန်းတွေက ငှက်ဖျားရောဂါ၊ အသားဝါရောဂါ၊ ထိခိုက်ဒဏ်ရာ ကုသမှုသုတေသနလုပ်ငန်းတွေ၊ ဓာတ်ငွေ့စစ်ဆင်မှု လျှို့ဝှက်သုတေသနတွေ အဲဒီကနေစပြီး ကာလသားရောဂါ ကုသမှုအတွက် အရေးပါလောက်တဲ့ တွေ့ရှိချက်တွေ၊ စုံနေတာပါပဲ။ ဒါဟာဆိုရင် တက္ကသိုလ်တစ်ခုပဲ ရှိသေးတယ်။ အဲဒါမှာတောင်မှ တက္ကသိုလ်တစ်ခုလုံး မဟုတ်သေးဘူး။ ဌာနလေးတစ်ခုရဲ့ သိပ္ပံလုပ်ဆောင်မှုတွေပဲ။ တခြားသိပ္ပံနေရာဌာနတွေပါ ပွားကြည့်လိုက်မယ်ဆိုရင် ထောင်သောင်းသိန်းသန်း အံ့မခန်း လောက်အောင် ရှိနေတော့မှာပေါ့။

နောက်ပြီး သူတို့လုပ်ခွင် ပတ်ဝန်းကျင်ကိုများ ဝင်ကြည့်လိုက်ရင် စိတ်ထက်သန်မှု၊ ဇွဲသန်မှု၊ ကျွမ်းကျင်မှုဆိုတဲ့ အသိပညာ၊ အတတ်ပညာ အဟုန်ကြီးနဲ့ ယန္တရားကြီးကို မောင်းနှင်နေတာ။





ပြီးတော့ အပြန်အလှန်အားဖြင့် အဲဒီ ယန္တရားကြောင့် သူတို့ လုပ်ရှားနိုင်ပြန်တာတွေကို တွေ့ကြရမှာ ဖြစ်ပါတယ်။ နောက်ပြီး ဒီလို လက်တွေ့တန်ခိုးသတ္တိတွေ၊ တကယ့်ကို ကျေးဇူးဖြစ်ထွန်းအောင် လုပ်ဆောင်နေတာတွေဟာလဲ လူသားတို့ရဲ့ အမြင့်ဆုံးသော ပါရမီ ဖွံ့ရည်ကျက်စားရာ နယ်မြေကြီးဖြစ်ကြောင်း ပြနေတယ် မဟုတ်လား။ ဒီတော့ ဒါမျိုးတွေကို နဖူးတွေ့ ဒူးတွေ့ ကြုံလိုက်ရတဲ့ လူတစ်ယောက်အဖို့ လောကမှာဖြင့် သိပ္ပံကလွဲလို့ တခြားဘာမှ အရေးမကြီးဘူး၊ သိပ္ပံသည်သာလျှင် ဆည်းပူးအပ်သော ပညာ၊ သိပ္ပံနဲ့ သိပ္ပံရဲ့ ရင်သွေးများ သည်သာလျှင် ကမ္ဘာကြီးရဲ့ မှိုင်းလဲလျောင်းပုန်းအောင်းရာ 'သိပ္ပံ သရဏံ ဂစ္ဆာမိ' ရယ်လို့ ဖြုန်းခနဲ ကောက်ချက် ဆွဲလိုက်မိရင် ဘာမှအံ့ဩစရာ မရှိပေဘူးပေါ့ခင်ဗျာ။ ဒါပေမယ့် ဆက်ပြီး စဉ်းစားစရာတွေ ဖြစ်လာပြန်တာက ကျွန်တော်တို့ဟာ ၁၉၁၄ ခုက စပြီး ရောမ စစ်ပွဲကြီးနှစ်ခုကို ဆင်နွှဲခဲ့ကြရတယ်။ အဲဒီစစ်ပွဲတွေကို ဘယ်ပုံဘယ်နည်း တိုက်ခိုက်ခဲ့တယ် ဆိုတာနဲ့ ပတ်သက်ပြီး သိပ္ပံက အတော်များများ ရှင်းပြနိုင်ပါတယ်။ ဒါပေမယ့် ဒီစစ်ကြီးတွေ ဘာကြောင့် ဖြစ်ခဲ့ရတယ်၊ ဒီလို သတ္တန္တရကပ်ကြီးမျိုးတွေကို ဘယ်လိုတားဆီး နိုင်လောက်တယ် ဆိုတာမျိုးကျတော့ သိပ္ပံက



www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုဘာမှ မပြောနိုင်သလောက် ပါပဲ။ ဒီတော့ သိပ္ပံရဲ့ တန်ခိုးသြဇာ မသက်ရောက်နိုင်တဲ့ နယ်ပယ်တွေ ရှိနေသေးတယ်ဆိုတာ ထင်ရှား မနေပေဘူးလား။

ဒီလိုပဲ ကမ္ဘာချီးအောင် တည်တံ့နေမယ့် စာကြီးပေကြီးတွေ၊ အနုပညာကြီးတွေကို ဖန်တီးခဲ့တဲ့ လူသားတို့ရဲ့ စိတ်စွမ်းပကား အကြောင်းကိုလည်း သိပ္ပံက ဘာဆိုဘာမှ မပြောနိုင်ဘူး။ ကျွန်တော်တို့တစ်တွေ 'ဟုမ္မား' ကို ဖတ်နေတဲ့အခါ၊ သို့မဟုတ် 'ဗေထိုးဗင်' ရဲ့ ဂီတသံစုံတီးဝိုင်းကြီးကို နားထောင်နေတဲ့အခါ၊ သို့မဟုတ် 'ပါသီနွန်ဗိမာန်' ကြီးကို ငေးမောနေမိတဲ့ အခါ၊ သို့မဟုတ် 'စစ္စတင်း ဘုရားကျောင်း' ထဲက ပန်းချီတွေကို တမေ့တမော ကြည့်နေမိတဲ့အခါ၊ အဲဒီလို အခါမျိုးတွေမှာ ကျွန်တော်တို့ရင်ထဲမှာ ဘယ်လိုခံစားရသလဲ၊ ဘာကြောင့် ခံစားရသလဲ ဆိုတာမျိုးကိုလည်း သိပ္ပံက တစ်ကွက်ကလေး အလင်းရောင် မပေးနိုင်ဘူး။

လီယိုနာဒိုရဲ့ လက်ရာ 'ခရစ်တော်၏ နောက်ဆုံး ညစာစားပွဲ' ဆိုတဲ့ ပန်းချီကားကို မြင်ရတာဟာ နံရံပေါ်မှာ သုတ်ထားတဲ့ ဆေးရောင်စုံနဲ့ စက္ခုအကြည်ဓာတ်တို့ တွေ့ဆုံမြင်ရုံသက်သက် မည်ကာမတ္တမျိုး မဟုတ်ဘူး။ ဗေထိုးဗင်ရဲ့ ဂီတသံစုံ တီးဝိုင်းကို နားထောင်လိုက်ကြတဲ့ အခါမှာလဲ ကြေး-ကြိုး-သားရေ





-လေ-လက်ခုပ်တို့ကို တီးခတ်လိုက်သောအခါ သောတဝိညာဉ်ဖြစ်စေသော (ကြားစကောင်းသော) အသံတို့ကို ပြုစုတယ် ဆိုတာမျိုး သက်သက်မဟုတ်ဘူး။ သိပ္ပံရဲ့ နယ်ပယ် ကျဉ်းမြောင်းမှုနဲ့ ပတ်သက်ပြီး ကဗျာဆရာကြီး ရောဘတ်ဘရစ်ဂျက်စ် (Robert Bridges) ဖွဲ့ထားလိုက်တာကဖြင့် တကယ့်ကို ပြောင်မြောက် ပီပြင်ပါတယ် ခင်ဗျား။ ရွတ်ပြလိုက်ပါရစေဦး-

အရောင်နဲ့အသံ၊ သိပ္ပံဘာကိုသိ
လုံးဝ ဘာမသိ။
တိကျသေချာ တိုင်းထွာထား
အီသာလှိုင်းနဲ့ လေလှိုင်းများ၊
နားနဲ့ မျက်စိ မုခ်ဝဖောက်
ငါးဖြာအာရုံ နယ်မြေရောက်
သိပ္ပံအမဲခွေး အနံ့ပျောက်။
မြင်သာသမျှ ပစ္စည်းပေါင်း
မမြင်သာတဲ့ အဖြစ်ပြောင်း
အနုစိတ်တိုင်းတာ ရုပ်အပေါင်း
မတိုင်းသာတဲ့ နာမ်သို့ပြောင်း
အာပတ်ဖြေလို့ စိတ်ကြည်ခြင်း
သိပ္ပံကိန်းခန်း ဘယ်သို့ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သန္တိသုခ ငြိမ်းချမ်းခြင်း
သိပ္ပံကိန်းခန်း ဘယ်သို့ရှင်း၊
အလှဆိုသည့် ထိုတရား
သိပ္ပံ တွေ့နိုင်ပါမည်လား။

***What kenneth she***

*Of colour or sound ? Nothing;*
*though science measure true*
*Every wave-length of ether or*
*air that reacheth sense,*
*There the hunt checketh,*
*and her keen hounds are at fault;*
*For when the waves have passed*
*the gates of ear and eye*
*All scent is lost:*
*suddenly escaped the visibles*
*Are turned to invisible;*
*the fine-measured motions*
*To immeasurable emotions;*
*the cypher'd fractions*
*To a living joy that man felleth*
*to shrive his soul.*
*How should science find beauty ?*





ကဲ - ဘယ်လောက်များ ပီပြင်လိုက်ပါသလဲ။
ဒီလိုပါပဲ . . . ပျော်ပါးရွှင်သည်း၊ ဝမ်းနည်းငိုကြွေး၊
ချစ်ရေးကြည်မှု၊ 'ငါ' ဟု ကြုံးဟန်၊ လူသားမာန်။
*Exultations, agonies*
*And Love, And Man's Unconquerable Mind:*

ဆိုတာမျိုးတွေနဲ့ ပတ်သက်ပြီး မေးခွန်းထုတ်လိုက်ရင်လဲ သိပ္ပံဟာ ဆွံ့အသွားတာပါပဲ။

'မျှော်ကိုးမှု' က တစ်ကမ္ဘာလောက်
ကြာတယ်ထင်တဲ့ ဝေဒနာကို ခံစားရတာ
သေခြင်းနဲ့ လမိုက်သန်းခေါင်၊
အဲဒီထက် မည်းမှောင်တဲ့ ယုတ်မာမှုကို
ခွင့်လွှတ်ရတာ အနန္တထင်ဖွယ်ရာ၊
တန်ခိုးအာဏာကို အန်တုရတာ
ချစ်ရတာ၊ ကြံ့ကြံ့ခံရတာ
'မျှော်ကိုးမှု' က အပျက်ထဲက အဖြစ်ဆောင်၊
စိတ်တိုင်းကျအောင် ဖန်တီးတဲ့တိုင်
မျှော်ကိုးရတာ
အဲဒါဟာ -- ကောင်းဖို့ ကြီးမြတ်ဖို့၊ ပျော်ဖို့၊
လှဖို့၊ လွတ်လပ်ဖို့၊
ဒါသည်ပင် - ဘဝ၊ သုခ၊ နိုင်ငံတော်ကြီးနဲ့
အောင်ပွဲ။



www.burmeseclassic.com

www.burmeseclassic.com



*To Suffer woes*
*which Hope thinks infinite;*
*To forgive wrongs*
*darker than death or night;*
*To defy Power,*
*which seems omnipotent;*
*To love and bear;*
*to hope till Hope creates*
*From its own wreck*
*the thing it contemplates.*
*This is to be Good , great and joyous,*
*beautiful and free;*
*This is alone Life, Joy, Empire,*
*and Victory.*

အဲဒီ ကဗျာကို သီကုံးရေးဖွဲ့နေစဉ်က 'ရှယ်လီ' ရဲ့ ရင်ထဲမှာ ဘာတွေ ခံစားနေရတယ် ဆိုတာကို သိပ္ပံက ဘာများ ပြောနိုင်မှာတဲ့လဲ။

အဲဒီလို 'နေ့စဉ်ကြုံလျှက်၊ အသိခက်' နေတဲ့ ကိစ္စမျိုးတွေဟာ လောကုတ္တရာ ဘာသာရေးတွေ၊ ကဗျာ၊ အလင်္ကာတွေ အနုပညာတွေနဲ့ ဆိုင်တဲ့ ကိစ္စတွေပဲ၊ သိပ္ပံနဲ့ မဆိုင်တော့ဘူး။

ဒါပေမယ့် အဲဒါတွေဟာလဲ အကျုမြူတို့





ဒြပ်စင်တို့ ဆိုတာတွေလို တကယ်ရှိ အဟုတ်ရှိ ရှိနေတဲ့ ဒီကမ္ဘာလောကကြီးရဲ့ အစိတ်အပိုင်းတွေပဲ မဟုတ်လား။

နောက်ပြီး 'သိပ္ပံရှင်မ' ဟာ သူ့ကိုယ်သူ ပိုင်တာ မဟုတ်ဘူး။ သိပ္ပံက ကျွန်တော်တို့အတွက် ဘာတွေ လုပ်ပေးသလဲဆိုတာ သူ့ပေါ်မှာ မတည်ဘူး။ ကျွန်တော်တို့အပေါ်မှာ တည်တယ်။ 'သိပ္ပံရှင်မ' က တစ်ဖက်သောလက်ကား အဆိပ်ဓာတ်ငွေ့နှင့် အကျုမြူ ဖုံးကိုစွဲလျက်၊ တစ်ဖက်သောလက်ကား မေ့ဆေးထုံ ဆေးနှင့် ပင်နီဆီလင်ကို စွဲလျက် ကျွန်တော်တို့ဆီကို ရောက်လာတယ်။ ကျွန်တော်တို့က ဘာကိုရွေးမလဲ၊ ဘယ်လိုသုံးမလဲ။ သူက ကျွန်တော်တို့အတွက် ဘာတွေ လုပ်ဆောင် ပေးရသလဲ ဆိုတာနဲ့ ပတ်သက်လို့တော့ 'သိပ္ပံရှင်မ' အဖို့ 'နကမ္ဗတိ' ပဲ။

ကျွန်တော်တို့ အကျုမြူဖုံးကို ရွေးလိုက်ရင်လဲ သူ့အပြစ်မဟုတ်ဘူး။ ရွေးချယ်တာ၊ သူ့တာဝန်မဟုတ်ဘူး။ ကျွန်တော်တို့ တာဝန်။ သိပ္ပံရဲ့ ဘာသာစကားအဘိဓာန်မှာ 'ကုသိုလ်၊အကုသိုလ်' ဆိုတဲ့ စကားလုံးတွေ မပါဘူး။ အဲဒီစကားလုံးတွေရဲ့ အနက်ကိုသိချင်ရင် တခြား နယ်ပယ်က အဘိဓာန်တွေမှာ ရှာကြရလိမ့်မယ်။

ဆော့ခရတ္တိရဲ့ အတွေ့အကြုံဟာ ခုထက်ထိ မှန်နေတုန်းပါပဲ။ *'အချင်းတို့ ငါသည် ငယ်စဉ်ကသော်*



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် ဖြစ်လာရသနည်း၊ အဘယ်ကြောင့် ပျက်ရသနည်း၊ အဘယ်ကြောင့် တည်ရှိနေရသနည်း (ဥပါဒ်၊ ဌီ၊ ဘင်) တို့၏ အကြောင်းရင်း စသော သဘာဝ သိပ္ပံဟု ခေါ်ကြသည့် ပညာလက်တက်ငယ် တွင် အရှုံးအမှုး စိတ်ဝင်စားခဲ့ဖူးပါ၏' လို့ ပြောခဲ့တယ်။ သူဟာ ပထမတော့ သိပ္ပံရဲ့ညှို့သက်မိတာကို ခံလိုက်ရသေးတယ်။ နောက်ပိုင်းမှ ကြည်ကြည်လင်လင် လွတ်လာခဲ့တယ်။ စကြဝဠာနဲ့ ပတ်သက်တဲ့ သိပ္ပံရဲ့တွေ့ရှိမှုဟာ သူ့အတိုင်းအတာနဲ့သူ အလွန်တိကျပါတယ်။ ဒါပေမယ့် မပြည့်စုံဘူး။ တစ်ပိုင်းတစ်စသာ ဖြစ်နေတယ်။ ရုပ်ဝါဒီတွေဟာ ကမ္ဘာလောကကြီးရဲ့အကြောင်း နာမ်ပိုင်းဆိုင်ရာ ရှင်းလင်းချက်တွေကို ပစ်ပယ်ကြတဲ့ပြင် စိတ်ရဲ့ စွမ်းပကားတွေကိုတောင်မှ သဘာဝ လောကဓာတ်ကြီးထဲကို စာရင်းသွင်း ပစ်လိုက်ကြတဲ့ အတွက် အတော်လေးကို စိတ်ပျက်ညည်းတွားခဲ့ပါတယ်။ ဆော့ခရတ္တိဟာ သဘာဝသိပ္ပံထဲမှာ ကိုယ်ရောစိတ်ပါ နှစ်မြုပ်နေမိရာက 'ငါ၏ဝိဉာဉ်မျက်လုံးကို ဆုံးရှုံးရတော့ အံ့လော' လို့ လန့်သွားခဲ့ပါတယ်။ 'ငါသည် အခြင်းအရာတို့ကို မံသ မျက်စိဖြင့် ကြည့်လျက် အာရုံငါးပါးဖြင့် ဖမ်းယူရန် အားထုတ်နေရင်း ငါ၏ဝိဉာဉ်မျက်စိ ပိတ်ကွယ်လေတော့အံ့တကား' လို့ စိုးရိမ်သွားခဲ့ဖူးပါတယ်။ အမှန်





တရားကို ရှာတယ်၊ ဘယ်ဟာရဲ့ အမှန်တရားကို ရှာကြရမှာလဲဆိုတာ သိပ္ပံအပြင် တခြားသော နည်းလမ်းတွေ လိုနေပြန်ပါပြီ။

သိပ္ပံနဲ့ ပတ်သက်ပြီး ကျွန်တော် နည်းနည်းလေး စကားရှည်သွားပါတယ်။ 'ခေတ်သစ်ကမ္ဘာကြီးအတွက် ခေတ်သစ် ပညာရေး' ဆိုတဲ့ စကားမျိုးကို ခပ်ပေါ့ပေါ့ ခပ်လွယ်လွယ် ပြောနေကြခြင်းရဲ့ အန္တရာယ်ကို ထင်ရှားစေချင်လွန်းလို့ စကားကြော ရှည်ခဲ့ရတာပါ။

'သိပ္ပံရှင်မ' က

တစ်ဖက်သောလက်ကား

အဆိပ်ဓာတ်ငွေ့နှင့် အဏုမြူဗုံးကို စွဲလျက်၊

တစ်ဖက်သောလက်ကား

မေ့ဆေးထုံဆေးနှင့် ပင်နီဆီလင်ကို စွဲလျက်

ကျွန်တော်တို့ဆီကို ရောက်လာတယ်။

ကျွန်တော်တို့က

ဘာကိုရွေးမလဲ၊ ဘယ်လိုသုံးမလဲ။



www.burmeseclassic.com

www.burmeseclassic.com

## ခေတ်သစ်ကမ္ဘာအတွက် ပညာရေး (၄)

ကျွန်တော်တို့ရဲ့ ခေတ်သစ်ကမ္ဘာဆိုတာက တစ်ဝက် တစ်ပျက်ကလေးပဲ သစ်နေတာ။ တကယ့်ကို အရေးပါလှပါပေ့ ဆိုတဲ့ ကိစ္စရပ်ကြီးတွေ ဆိုတာက ဒါဝင်တို့၊ ဖာရာဒေး တို့၊ ရှုသာဖို့ တို့ မပေါ်မီ ဟိုးကမ္ဘေကမ္ဘာ နှစ်ပေါင်း ထောင်သောင်းကတည်းက ရှိနေခဲ့တာ။ အသုံးချသိပ္ပံတို့၊ နည်းပညာတို့၊ အုပ်ချုပ်ရေး နည်းသစ်တို့ စီးပွားရေးစနစ်သစ်တို့ ဆိုတာတွေက လူ့လောကရဲ့ အပေါ်ယံ အဝတ်သစ်၊ အစားသစ် အပြောင်းအလဲ ကလေးတွေသာ ဖြစ်ပါတယ်။ ပုထုဇဉ် လူ့သဘာဝ ဆိုတာ ကြီးက ပြောင်းလဲပါတယ် ဆိုရင်တောင်မှ မဖြစ်စလောက် ကလေးသာ ပြောင်းတာပါ။

ဘယ်ခေတ်မှာမဆို ခေတ်နဲ့အညီတော့ ဝတ်ကြ ဆင်ကြရမှာပေါ့။ ဝတ်နည်းဆင်နည်းကိုလဲ ထတ်ကြရမှာပေါ့။ ဒါပေမယ့် အပေါ်ယံ ပကာသန ကိုချည်း အာရုံပြုလွန်းတာကြောင့် ထာဝရကို မေ့သွား



တာမျိုးတော့ မဖြစ်သင့်ကြပါဘူး။ ပျော်စရာ လွမ်းမော စရာကောင်းတဲ့ သုတ္တန်ဒေသနာတွေကို ဟောနေ ပေမယ့် အဘိဓမ္မာကလေးနဲ့တော့ နိဂုံးချုပ်လိုက်ပါမှ သာစုခေါ်လို့ ကောင်းမှာပေါ့။

ချမ်းသာကြွယ်ဝသလောက် ရှုပ်ထွေးမွေလီလှတဲ့ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းမျိုးရဲ့ ပျော့ကွက်က အဲဒါ ပါပဲ။ နေတာထိုင်တာမှာလဲ အဲဒီလိုအပေါ်ယံ သက်သက် အလေးမှာပဲ မွေ့လျော်နေတတ်တယ်။ ပကာသနကလေး ကိုပဲ စိတ်ဝင်စားနေကြတယ်။ ဒါပေမယ့် ခက်တာက ပညာရေးမှာလဲပဲ အဲဒီလိုအပေါ်ယံကလေး ကိုပဲ ဧရာမ ကိစ္စကြီးလုပ်ပြီး အခြေပြုလိုက်တော့ တကယ်တန်း အရေးကြီးတဲ့ ပြဿနာကြီးတွေကို လျစ်လျူရှုလိုက် သလို ဖြစ်သွားတော့တာပဲ။ အဲဒီလို ပညာရေးမျိုး ဆိုတာ က 'ပညာသည် သက်သက်' ကိုပဲ မွေးထုတ်ပေးနိုင်မှာ ပေါ့။ ကျွန်တော် ပြောချင်တဲ့ 'ပညာသည် သက်သက်' ဆိုတာက သူတို့နဲ့ဆိုင်တဲ့လုပ်ငန်း ကွက်ကွက်ကလေးကို သေချာနားလည်တယ်၊ ကျွမ်းကျင်တယ်။ ဒါပေမယ့် သူတို့လုပ်ငန်းရဲ့နောက်ဆုံး ပန်းတိုင်ကြီးကိုတော့ သူတို့ မသိတော့ဘူး။ လောကကြီးရဲ့ ဘယ်အစိတ်အပိုင်းကို လုပ်နေရတယ် ဆိုတာကိုလဲ သူတို့ မသိတော့ဘူး။ အဲဒါ ဒီကနေ့ တွေ့နေရလေ့ရှိတဲ့ ပုံစံတွေပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူမှုရေးသိပ္ပံ၊ သို့မဟုတ် သဘာဝသိပ္ပံ အပေါ်မှာ ပညာရေးကို အခြေခံချင်ကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်လို့ ကျွန်တော် ပြောချင်တာက သူတို့တစ်တွေဟာ ဒီကနေ့လူ့ဘောင်ရဲ့ လိုအပ်ချက် တချို့တစ်ဝက်ကို သေချာသိတယ်။ ဒါပေမယ့် အရေးအကြီးဆုံး လိုအပ်ချက်ကို မမြင်ကြဘူး။

ပညာရေးရဲ့ လုပ်ငန်းဆောင်တာဆိုတာ အလွန်မှ များပြားပါတယ်။ အသိဉာဏ်ကို လေ့ကျင့်ပေးရတယ်၊ စိတ်ကို ကျယ်ပြောစေရတယ်၊ သိချင်စိတ်ကို ဖွံ့ဖြိုးစေရတယ်၊ ခေတ်သစ် လူ့ဘောင်ကြီး အခြေပြုထားတဲ့ အောက်ခြေ နည်းစနစ်တွေကို သိစေရတယ်။ ဒါတွေကို အားလုံးသင်ပေးနေပါတယ် ဆိုသော်လဲ တကယ့်. . . ပဓာန ပြဿနာကြီးကို ကျန်သွားစေနိုင်သေးတာပဲ။

ရိုင်းစိုင်းတာနဲ့ ယဉ်ကျေးတာ ဘာကွာသလဲ။ လူတွေဟာ အရိုင်းအစိုင်းဘဝက လွန်မြောက်လာတာ ဘာကြောင့်လဲ။ တီထွင်မှုတွေကြောင့်လား၊ သိပ္ပံကြောင့်လား။ ဒါမှမဟုတ် အင်ဂျင်နီယာတွေ၊ ဓာတုပညာရှင်တွေရဲ့ လုပ်ဆောင်မှုကြောင့် ယဉ်ကျေးလာရတာလား။

ရှည်ရှည်ဝေးဝေး ကြည့်နေစရာ မလိုပါဘူး။ လတ်တလောဖြစ်ခဲ့တဲ့ သမိုင်းကြောင်း ပူပူနွေးနွေး





ကလေးကို ပြန်ပြီး ကြည့်လိုက်ရင်တောင်မှ ယဉ်ကျေးမှုမြင့်တယ်ဆိုတာ အဲဒါတွေကြောင့် မဟုတ်ဘူး ဆိုတာ အထင်အရှား တွေ့နေရတာပဲ။ အဲဒီလို ပညာမျိုးတွေရှိနေပါလျက်နဲ့ကိုပဲ တောနေ၊ ဂူအောင်း အရိုင်းအစိုင်းတွေထက် အောက်တန်း ကျလောက်အောင် ရိုင်းနိုင်သေးတယ်ဆိုတာကို ကျွန်တော်တို့ မျက်မြင်ပဲ။

စီးပွားရေးတို့ သိပ္ပံတို့ နည်းပညာတို့ စည်းရုံးလုပ်ဆောင်မှုတို့ ဆိုတာတွေဟာ ယဉ်ကျေးမှုရဲ့ လိုအပ်သမျှ အရည်အသွေးပါပဲဆိုရင် ဂျာမဏီနိုင်ငံဟာ ပိုလေသေးမရှိ ယဉ်ကျေးခဲ့တယ် ဆိုရမှာပေါ့။

ကျွန်တော်တို့မှာ ရုပ်ပစ္စည်းပိုင်းအနေနဲ့ ဘာမှ ညံ့ပါဘူး။ အဲ. . . ညံ့နေတာက ကျွန်တော်တို့။

တကယ့်ပြဿနာက ကျွန်တော်တို့ တစ်တွေဟာ တန်ခိုးအာဏာတို့၊ ကာမဂုဏ်ငါးဖြာတို့ရဲ့ နောက်ကို လိုက်မလား၊ ဒါမှမဟုတ် ကုသိုလ်တရား၊ အလှတရား၊ ဆင်ခြင်တုံတရားတို့ရဲ့ နောက်ကို လိုက်မလားဆိုတဲ့ ပြဿနာပါပဲ။ သိပ္ပံရဲ့ စွမ်းအားတို့၊ စီးပွားရေးစနစ်နဲ့ အစိုးရယန္တရားရဲ့ အရေးပါပုံတို့ ဆိုတာတွေကို ကျွန်တော်တို့ မြင်အနေသားပဲ။ ဒါပေမယ့် အဲဒါတွေကို မှန်မှန်ကန်ကန်မှ အသုံးမပြုတတ်ရင် ဘာများ အသုံးကျတော့မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လက်ထဲ ရောက်လာတဲ့ သိပ္ပံစွမ်းအားက ပိုကြီးလာလေလေ ကောင်းကျိုးကို ပိုလုပ်နိုင်သလို ဒုစရိုက်ကိုလဲ လုပ်နိုင်လေလေပဲ မဟုတ်လား။ မွဲနေတဲ့လူ၊ မွဲနေတဲ့ ကမ္ဘာဆိုလို့ ရှိရင်တော့ မွဲနေတဲ့အတွက်ကြောင့် အန္တရာယ်ကိုလဲ သေးသေးပဲ လုပ်နိုင်တယ်။ နည်းနည်းပိုပြီး ချမ်းသာလာလေလေ အန္တရာယ် ကြီးကြီး လုပ်နိုင်လေလေပဲပေါ့။ ခုတော့ဖြင့် ကျွန်တော်တို့ တစ်တွေဟာ အတောမသတ် အန္တရာယ်ကြီးတွေကို လုပ်နိုင်တဲ့ခေတ်ကြီးထဲကို ရောက်နေကြရပြီ။

ပညာရေးက ဒီစွမ်းအားတွေကို ဘယ်လိုသုံးနိုင်တယ် ဆိုတာကို သင်ပေးရုံမျှသာ မဟုတ်ဘူး။ ကောင်းကျိုး ဖြစ်ထွန်းအောင် ဘယ်လိုလုပ်ရမယ် ဆိုတာကိုပါ သင်ပေးကြရပါလိမ့်မယ်။ နိစ္စဓူဝ ကြုံတွေ့နေရတဲ့ 'စက်မှုယန္တရားဘဝ' ကြီးရဲ့ တိုက်စားမှုကို မပွန်းမရိ ကြံ့ကြံ့ခံနိုင်တဲ့ စိတ်ပိုင်းဆိုင်ရာဘဝ လူတိုင်းမှာ ကိန်းအောင်းလာအောင် တည်ဆောက်ပေးကြပါလိမ့်မယ်။ အဲဒါဟာဖြင့် တန်းမြင့်ကျောင်းတွေ တက္ကသိုလ်ကျောင်းတွေ လုပ်ဆောင်ကြရမယ့် အခက်လည်း အခက်ဆုံး၊ အဓိကလည်း အကျဆုံး ပညာရေးပါပဲ။





ဒီခေတ်ကြီးရဲ့ အရေးအကြီးဆုံး ပြဿနာက တခြားမဟုတ်ဘူး။ 'လူ'ကို 'လူပီသ' လာအောင် လုပ်ပေးဖို့ပဲ ဖြစ်ပါတယ်။ စိတ်ပိုင်းဘဝ မြင့်မြတ်စင်ကြယ်မှု မရှိရင် ဘယ်ပျော်ရွှင်မှု၊ ဘယ်အောင်မြင်မှုမှ မတည်မြဲဘူးဆိုတာကို သိလာအောင် လုပ်ကြရလိမ့်မယ်။ အဏုမြူကို ခွဲချတတ်ရုံ မဟုတ်ဘဲ ကောင်းကျိုး ဖြစ်ထွန်းအောင် ဘယ်လိုခွဲရမယ် ဆိုတာကိုပါ သဘောပေါက်တဲ့ လူတွေကို မွေးထုတ်ပေးရမယ်။ ဒီလို အသိမျိုးကို လူမှုရေးသိပ္ပံကလည်း မပေးနိုင်ဘူး၊ သဘာဝ သိပ္ပံကလည်း မပေးနိုင်ဘူး။

လူမှုရေးသိပ္ပံ သို့မဟုတ် သဘာဝသိပ္ပံ ကို အခြေခံတဲ့ ပညာရေးစနစ်တွေရဲ့ ချွတ်ယွင်းချက်တွေကို ကျွန်တော် ထောက်ပြခဲ့ပြီးပါပြီ။ ဆက်ပြီး . . . ဒီပညာရေးပုံစံ နှစ်မျိုးနဲ့ တခြားပညာရေး ပုံစံတစ်မျိုးကို ယှဉ်ပြလိုက်ချင်ပါသေးတယ်။

အခု . . . ဆက်ပြောမယ့် ပညာရေးပုံစံ ကတော့ ဒီခေတ်ကြီးနဲ့ ပိုလို့တောင် ဟပ်လို့စပ်လို့ နေနိုင်အောင်ပါပဲ။ သို့သော်လည်း စိတ်ပိုင်းဘဝ မြင့်မားမှုအတွက် ဆိုရင်ဖြင့် သူကတောင် ပိုပြီး 'အားဆေးကြီးအာ' ဓာတ်ပိုပြီး ကြွယ်နေပါသေးတယ်။ အဲဒါကတော့ ရှေးခေတ် ပညာရေးရဲ့သင်ရိုး ညွှန်းတမ်းတွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ်ပညာရေး သင်ရိုးညွှန်းတမ်းမှာ လက်တွေ့ သင်တဲ့အခါမှာ ရှိတတ်တဲ့ ပျော့ကွက်တွေအပြင် (လက်တွေ့ သင်တဲ့အခါမှာ ဖြစ်ပေါ်တတ်တဲ့ ချွတ်ယွင်းချက် ဆိုတာမျိုးကတော့ ဘယ်ပညာရေး ပုံစံမဆို ရှိစမြဲပါဘဲ) အဲဒီလို ချွတ်ယွင်းချက်မျိုးတွေ အပြင် သင်ရိုးညွှန်းတမ်း ကိုယ်၌မှာကိုပဲ ချွတ်ယွင်းချက်တွေ ရှိနေသေးတယ်။ အဆိုးဆုံးကတော့ ဘယ်သူဘယ်ဝါ သင့်၏မသင့်၏ မရွေးတော့ဘဲ တစ်ပြေးတည်း 'ခွဲ' ပြီး သင်ပေးလိုက်တဲ့ အချက်ပါပဲ။ ဒီတော့ 'ဆာ' နေတဲ့ ကလေး ဆာတတ်တဲ့ ကလေးမျိုးဆိုရင်လဲ 'မဝ' သေးခင်မှာ ကျောင်းကထွက် လာရတယ်။ ဒီတော့ သူတို့ အထုံပါတဲ့ အသိပညာနဲ့ ပတ်သက်ပြီး ဆန့်တင့်တင့် ဖြစ်ကျန် နေရစ်တော့တာပဲ။ ရှေးခေတ် ပညာရေးပုံစံနဲ့ ပတ်သက်ပြီး ဒီ . . အချက်ကို ခဏခဏ အပြစ် ထောက်ပြကြတယ်။

အဲဒါကြောင့် မကြာသေးမီက ပညာရေးပုံစံ ပြောင်းလဲတိုးတက်မှု လုပ်လိုက်နိုင်တာကတော့ ကလေးတွေကို သူတို့ ဝါသနာမပါတဲ့ ဘာသာစကားဆိုရင် ဇွတ်သင်မပေးတော့ဘူး။ အဲဒီအပြင် နောက်တစ်ဆင့် အလယ်တန်းမှာ စကားလုံးတွေ စာတွေနဲ့ မစဉ်းစားချင်တဲ့ ကလေးတွေကို သူတို့ခြေလက်တွေ၊





ပစ္စည်းတွေနဲ့ စဉ်းစားခိုင်းလိုက်တယ်။ (အလယ်တန်းစက်မှုလက်မှု ပညာသင်ကျောင်းများကို ဆိုလိုသည်။ မြန်မာပြန်သူ)

ရှေးခေတ် သင်ရိုးညွှန်းတမ်းတွေမှာ တွေ့ရငဲ့ ချွတ်ယွင်းချက် နောက်တစ်ခုကတော့ အားလုံး မဟုတ်ရင်တောင်မှ များသောအားဖြင့် ကလေးတွေဟာ သိပ္ပံကို လုံးဝမသိတဲ့ပြင် ဒီကမ္ဘာကြီးမှာ သိပ္ပံဟာ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုတာတောင်မှ မသိလိုက်ရတဲ့ အဖြစ်ပါဘဲ။ တကယ်ဆိုတော့ သိပ္ပံကို သင်ပေးလိုက်မယ်ဆိုရင် သင်ရိုးမှာပါတဲ့ 'ဂရိစာပေ' သင်ကြားမှုကို ဘာမှ မထိခိုက်နိုင်တဲ့ပြင် သိပ္ပံတို့ သင်္ချာတို့ကို ပထမဆုံး အရေးပေးခဲ့တဲ့ ဂရိအတွေးအခေါ်ကိုတောင် ပိုပြီး သဘောပေါက်လာအောင် အထောက်အကူ ဖြစ်နိုင်ပါသေးတယ်။

ကဲ . . အစဉ်အလာ ဂန္ထဝင်သင်ရိုးညွှန်းတမ်းနဲ့ ပတ်သက်ပြီး ကျွန်တော်သိသမျှကို ပြောလိုက်ပါရစေဦး။ (ဒီနေရာမှာ တောင်းပန်ချင်တာက ကိုယ်ရေးဆန်လွန်း အားကြီးနေရင် သည်းခံကြပါ။ ဒါပေမယ့် ကိုယ်တိုင် ကြုံတာကို ကိုယ်အသိဆုံးပဲ မဟုတ်လား)

ကျွန်တော်က 'ဂရိ' နဲ့ 'လက်တင်' ကို အတော်လေး ကျွမ်းခဲ့ပါတယ်။ ပြင်သစ်ကို ဒိုးဒိုး ဒေါက်ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



ဖတ်နိုင်တယ်။ ဂျာမန်ကိုလဲ အသင့်အတင့် တတ်ပါတယ်။ သင်္ချာကိုတော့ ကျွန်တော့် အတွက် လိုအပ်သမျှ အတိုင်းအတာထိ တတ်ခဲ့ပါတယ်။ သမိုင်းမှာတော့ တချို့အပိုင်းတွေကို ကျကျနန သင်ပေးပါတယ်။

ဒါပေမယ့် အရွယ်ကလဲ နုသေးတော့ ဘာမှ စွဲစွဲမြဲမြဲ မကျန်ရစ်ခဲ့ပါဘူး။ လောကုတ္တရာ ဘက်မှာဖြင့် ဘာသာရေးရဲ့သဘော၊ ရဟူဒီဘာသာ၊ ခရစ်ယာန် ဘာသာတို့ရဲ့ သဘောတွေ ဘာတစ်ခုမှ မရလိုက်ပါဘူး။ 'ဓမ္မသစ်ကျမ်း' ထဲက တချို့အရေးအသားတွေ ဟာဖြင့် ဘယ်ခုနှစ် ဘယ်ခေတ်လောက်ဆီက ဖြစ်ဟန် ရှိတယ် ဆိုတာမျိုးတွေနဲ့ တချို့ဝေါဟာရတွေကို အသေး စိတ်ရှင်းပြခဲ့တာလောက်ပဲ ရှိပါတယ်။ ဓာတုဗေဒနဲ့ သိပ္ပံကို နည်းနည်းသင်တယ်။ ဒါပေမယ့် သင်ပေးပုံက အချိန်ကုန်တာ သက်သက်ဖြစ်ပြီး ဘာမှမကျန်ရစ်ခဲ့ တဲ့ပြင် တကယ့်ဘာသာရပ်ကြီးတွေကို တကယ် စိတ်ပျက်သွားတာ လောက်ကိုပဲ မှတ်မိနေတော့တယ်။

အဲဒါဟာ ၁၉-ရာစု အင်္ဂလန်ရဲ့ အလယ်တန်း ပညာရေး ပုံစံပါပဲ။ အဲဟို ပုဂ္ဂိုလ်များ ပြောကြတဲ့ သင်ရိုး ညွှန်းတမ်းက လိုအပ်ချက် ဆိုတာမျိုးတွေ ဆိုလို့တော့ တစ်လုံးမှ မပါပါဘူး။ ဒါပေမယ့် အဲဒီရှေးခေတ်က ပညာရေးပုံစံဟာ ချွတ်ယွင်းချက်တွေ ဘယ်လောက်ပဲ





ရှိနေစေဦးတော့ ဒီနေ့သူတို့ပြောနေတဲ့ ပညာရေးပုံစံ ထက်တော့ ပိုကောင်းတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

**မှန်ဆိုသူ၏မှတ်ချက်**

၁။ ဒါဝင် (Charles Darwin) = သက်ရှိ သတ္တဝါတို့၏ မူလအစ၊ ဇီဇအဆင့်ဆင့် တိုးတက် ပြောင်းလဲလာပုံကို တင်ပြခဲ့သူ။

၂။ ဖာရာဒေး (Michael Faraday) = သံလိုက်မှ လျှပ်စစ်ဓာတ် ထုတ်လုပ်နိုင်ခြင်းကို ပထမဆုံး တွေ့ရှိ ခဲ့သူ။

၃။ ရူသာဖို့ဒ် (Ernest Rutherford) = အဏုမြူ၏ ဖွဲ့စည်းတည်ဆောက်ပုံကို တွေ့ရှိခဲ့သူ။

'သုတ္တန်ဒေသနာကို ဟောနေပေမယ့် အဘိ ဓမ္မာကလေးနဲ့တော့ နိဂုံးချုပ်လိုက်ပါမှ သာဓု ခေါ်လို့ ကောင်းမှာပေါ့' ဟု မြန်မာဆန်အောင် ကျွန်တော် ဘာသာပြန်လိုက်ပါသည်။ ဆရာကြီး၏ ဟောပြောချက် မူရင်းတွင် ... *Shew your Pupil Vanity Fair, since he must live in it; but let him be at least as familiar With the Delectable Mountains.* ဟူ၍ ဖြစ်ပါသည်။

ထိုစကားများကို ဂျွန်ဘူညန် (John Bunyan)



www.burmeseclassic.com

www.burmeseclassic.com



ရေးသော ဘုရားဖူးခရီးသည် ( Pilgrim's Progress) မှ ကောက်နုတ်ထားခြင်း ဖြစ်ပါသည်။ ထို 'ဘုရားဖူး ခရီးသည်' မှာ ခရစ်ယာန် ဘာသာဝင်တို့ သတိသံဝေဂပြု လိုက်နာကျင့်သုံးဖွယ်ရာ ဝတ္ထုကြီး ဖြစ်သောကြောင့် သမ္မာကျမ်းစာမှအပ ဩဇာအကြီးဆုံး ရှိသေလေးမြတ်မှုအခံရဆုံး ဝတ္ထုကြီးဖြစ်ခဲ့သည်ဟု အဆိုရှိပါသည်။ ခရစ်တော် ဟောကြားချက်ကို တင်စားချက်များနှင့်ရေးထားခြင်းဖြစ်သည်။ သန့်ရှင်းသော ခရစ်ယာန်ခရီးသည်,သည် ဘုရားသခင်၏ နိုင်ငံတော်သို့ ရှေးရှုခရီးထွက်ခဲ့ရာ မာန၊ မောဟ စသော အပေါင်းအဖော်များက အတန်တန် ဖျက်ကြသည်။ လမ်းခရီးတွင်လည်း လောဘ၊ ဒေါသ၊ မာန၊ ကာမဂုဏ်တို့က ဖျက်ကြသည်။ အချို့မှာ ထိုသို့သောအဖျက်များ သွေးဆောင်မှုများကြောင့် ကျန်ရစ်ခဲ့ကြသည်။

ပကာသနဈေးခင်း (Vanity Fair) တွင် ကာမဂုဏ် ပကာသန ဟူသမျှကို ဝယ်လို့ရနိုင်သည်။ ဤသို့သော အဖျက်များကို လွန်မြောက်ပြီးမှ 'ပီတိတောင်တန်း' (Delectable Mountain) သို့ ရောက်တော့သည်။ ထိုတောင်တန်းမှ လှမ်းကြည့်လိုက်လျှင်တော့ ဘုရားသခင်၏ နိုင်ငံတော်ကို လှမ်းပြီး မြင်နိုင်ပါလေပြီ။





ကျွန်တော်တို့ ၅၅၀ နိပါတ်တော်တွင် ကနိဌသတို့သားသည် အပေါင်းအဖော် ငါးဦးနှင့် ခရီးထွက်ခဲ့ရာ လမ်းခရီးတွင် ဘီလူးမတို့က ရူပါရုံ သဒ္ဒါရုံ စသည့် ကာမဂုဏ်ငါးပါးနှင့် ဖြားယောင်းခြင်းကို မတွန်းလှန်နိုင်သောကြောင့် အပေါင်းအဖော် ငါးဦးမှာ ဘီလူးစာ ဖြစ်ခဲ့ကြရလျှက် ကနိဌသတို့သား တစ်ဦးသာလျှင် အာရုံငါးပါး ဖြားယောင်းမှုကို ကြံ့ကြံ့ခိုင်ခိုင် တွန်းလှန်နိုင်သောကြောင့် ခရီးပန်းတိုင်ရောက်ပြီး မင်းစည်းစိမ်ကို ရသည့် ဇာတ်လမ်းနှင့် ခပ်ဆင်ဆင် တူပါသည်။

ထို့ပြင် ကျွန်တော်တို့ ဗုဒ္ဓဘာသာ ဓမ္မကထိကဆရာတော်များ တရားချီးမြှင့်ကြရာတွင် ပဋ္ဌာစာရီ၊ ဆဒ္ဒန်ဆင်မင်း စသည့် သုတ္တန်ဒေသနာများကို ကြည်နူးဖွယ်ရာ၊ လွမ်းမောဖွယ်ရာ ချဲ့ထွင်ဟောပြောကြပါသော်လည်း နောက်ဆုံးတွင် သံဝေဂသင်ခန်းစာယူ၍ သံသရာမှ လွတ်ကြောင်း အာရုံပြုကြရန် သတိပေးသောအားဖြင့် အဘိဓမ္မာနှင့် အဆုံးသတ်လေ့ရှိကြပါသည်။ (ဤသည်မှာ ဘာသာရေးတရားပွဲများ၊ ဘာသာရေးစာပေများနှင့် ခပ်စိမ်းစိမ်းဖြစ်နေကြသော လူငယ်များအတွက် စကားချပ် သွင်းလိုက်ရခြင်း ဖြစ်ပါသည်။)

ဆရာကြီး၏ ဟောပြောချက်များနှင့် ဆက်သက်၍ ဆရာကြီးပြောသကဲ့သို့ 'ယဉ်ကျေးခြင်း'



www.burmeseclassic.com

www.burmeseclassic.com



ဟူသော စကားရပ်ကို အလေးအနက် ဆက်ပြီးတွေးသင့်သည်ဟု ထင်မိပါသည်။ သိပ္ပံပညာ၊ နည်းပညာများ တိုးတက်လျှင်၊ ထိုပညာများနှင့် လူ့အသုံးအဆောင် ပစ္စည်း အမျိုးမျိုးကို ပြုလုပ်တတ်လျှင်၊ သုံးစွဲတတ်လျှင် ယဉ်ကျေးမှု အဆင့်မြင့်လှပေပြီဟု အထင်ရောက်နေကြသော လူ့လောကကြီး၏ နာမကျန်းဖြစ်နေမှုကို ဆရာကြီးက ထောက်ပြထားခြင်း ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးကို ဖြစ်ပေါ်စေခဲ့သည့် ဂျာမဏီကို သာဓကအဖြစ် တင်သွားပါသည်။

ထို့ပြင် မွဲနေသော တိုင်းပြည်သည် မွဲနေသောကြောင့် အန္တရာယ်သေးသေးမျှသာ ပြုနိုင်သည်၊ ချမ်းသာလျှင် ချမ်းသာသလောက် အန္တရာယ်ကြီးကြီးကိုလည်း ပြုနိုင်သည်ဟူသော စကားကို ကြားလိုက်ရသောအခါ စာဖတ်သူသည်လည်း ပင်လယ်ကွေ့ရှိ ရေနံကြောင့် ချမ်းသာနေသော တိုင်းပြည်များကို သတိရလိမ့်မည်ဟု ထင်မိပါသည်။

ထို့ပြင် ချမ်းသာကြွယ်ဝသော နိုင်ငံများသည် အပေါ်ယံ ပကာသနတွေကိုသာလျှင် ဂုဏ်တုဂုဏ်ပြိုင် စိတ်ဝင်စားနေသကဲ့သို့ ပညာရေးတွင်လည်း စိတ်ပိုင်းဘဝ ထူထောင်မှုထက် အပေါ်ယံကိစ္စများကိုသာ ပညာရေးတွင် ထည့်သွင်းနေတတ်ကြသည်





ဆရာကြီးက ဆိုခဲ့ပါသည်။

ကျွန်တော့်အဖို့မှာတော့ နိုင်ငံနှင့်ချီပြီး စဉ်းစားနိုင်လောက်သော အတွေ့အကြုံမျိုး မရှိပါသောကြောင့် ကျွန်တော့် ကျောင်းဆရာဘဝ နယ်ပယ်ကျဉ်းကျဉ်းတလေးကိုသာ လှမ်းပြီး မြင်နိုင်ပါတော့သည်။ ကျွန်တော့် ပတ်ဝန်းကျင်တွင် ကျောင်းသား လူငယ်များစွာတို့ကို မြင်တွေ့နေရပါသည်။ အလွန်ချမ်းသာကြွယ်ဝသော မိဘတို့၏ သားသမီး ကျောင်းသားလူငယ်များမှာ များသောအားဖြင့် အပေါ်ယံ ပကာသနကိစ္စလေးများသာ တကယ့်အရေးပါသော ဘဝကိစ္စကြီးများသဖွယ် အထင်ရောက်ကာ အငမ်းမရ လိုက်လံရယူ နေတတ်ကြပါသည်။ ယောကျ်ားလေးများဆိုလျှင် နားကွင်း ဆွဲသည့်ကိစ္စ၊ ဆံပင်တစ်ထွေး လောက်ကိုသီးသန့် အရှည်ထားလိုက်သည့်ကိစ္စ၊ ဗွီဒီယို၊ ကက်ဆက်ကိစ္စ၊ ဆိုင်ကယ်ကိစ္စမျိုးတို့ကို တကယ့်ဘဝမှာ အလွန့်အလွန် အရေးကြီးနေသည့် ကိစ္စကြီးများသဖွယ် အရေးထားနေတတ်ကြပါသည်။ မိန်းကလေးများ ဆိုလျှင်လည်း ထိုကဲ့သို့ပင် အဝတ်အစားကိစ္စ၊ ခါးပတ်ကိစ္စ၊ ဆံပင် မိတ်ကပ်၊ ရေမွှေးကိစ္စများကိုသာလျှင် နေ့နေ့ညည စိတ်ဝင်စားနေတတ်ကြ ပါသည်။ ယုတ်စွအဆုံး ပညာသင်လိုက်ကြရာ၌ပင်လျှင် ပညာကို တကယ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးသည့်ကိုစွဲဟူ၍ မရှိကြတော့ဘဲ တက္ကသိုလ်ကျောင်းသူ ဟူသော ပကာသနကို မရလိုက်လျှင်ဖြင့် ခက်ကောင်း၊ ခက်ရချည့်ရဲ့ဟူသော သဘောမျိုးက ပိုလို့လွှမ်းမိုးနေပါတော့သည်။

ဆရာကြီးပြောလိုက်သည့် စကားများကို ကြားလိုက်ရသောအခါ ချမ်းသာကြွယ်ဝလွန်းသော နိုင်ငံများကို ကျွန်တော့်မှာ လှမ်းပြီး မမြင်နိုင်သေးဘဲ ချမ်းသာကြွယ်ဝလွန်းသော မိဘများ၏ သားသမီးများကိုသာ လှမ်းပြီးမြင်ယောင်လိုက်မိပါသည်။ ချမ်းသာသော မိဘတိုင်းတော့လည်း မဟုတ်ပါ။ 'အဘိဓမ္မာ' နှင့် သတ်နိုင်သော မိဘများကိုလည်း တွေ့ရဖူးသည်။ သို့သော် နည်းပါသည်။

ဤဘာသာပြန် နိဒါန်းမှာကတည်းကပင် အချို့နေရာများတွင် ကျွန်တော်၏ ထင်မြင်ချက်များကို အထူးသဖြင့် (လူငယ်များအတွက်) ထည့်သွင်းရေးသွားမည်ဖြစ်ပါသည်ဟု ဆိုထားခဲ့ပါသည်။ ယခုလည်း ထင်မြင်ချက်များကို ရေးလိုက်ခဲ့ပါပြီ။ မနှစ်သက်ပါလျှင် မသိကျိုးကျွံ ပြုနေလိုက်ရုံသာ ရှိပါသည်။



## ခေတ်သစ်ကမ္ဘာအတွက် ပညာရေး (၅)

ရှေးခေတ် ပညာသင်ကြားမှုကို ကျဉ်းမြောင်းတယ်လို့ ပြောမယ်ဆိုရင် ပြောနိုင်ပါတယ်။ ကျွန်တော့်အမြင်တော့ သိပ္ပံမှုအပ ကျဉ်းမြောင်းတယ်လို့ မထင်မိပါဘူး။ ဒါလဲပဲ အပြစ်ပြောကြမယ်ဆိုရင် သင်ရိုးညွှန်းတမ်းရဲ့ အပြစ်မဟုတ်ဘဲ သင်တဲ့ဆရာကိုသာ အပြစ်တင်ရမှာပါ။ ကျွန်တော်ကိုယ်တိုင် ကျောင်းပြီးတဲ့အခါမှာ တကယ် အရေးကြီးတဲ့၊ တကယ့်ကို သိဖို့လိုအပ်တဲ့ဟာတွေကို ဘာမှမသိဘဲကို ကျောင်းကထွက်လာခဲ့ရတာ အမှန်ပါပဲ။

ဒါကိုလဲ အပြစ်ရယ်လို့ ထောက်ပြနေကြတာကလဲ ပညာရေးဆိုတာကို ကျောင်းတွေ၊ တက္ကသိုလ်တွေမှာတင် ဆုံးခန်းတိုင်ခဲ့ရမယ်၊ ကျောင်းဆိုတာတာဖြင့် ပညာသင်ယူဖို့ နောက်ဆုံး အခွင့်အရေးဖြစ်တဲ့အတွက် ဘဝခရီးတလျှောက်မှာ လိုအပ်လေသမျှသိစရာ တတ်စရာအားလုံးကို နင်းသိပ်ပြီး ကျွေးလွှတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်စေရမယ်ဆိုတဲ့ တစ်ယူသန် အစွဲကြီးတွေကြောင့် အပြစ်လုပ်ပြီး ပြောနေကြတာပါ။ အမှတ်မထင် ခိုင်နေတဲ့ ဒီအစွဲကြီးဟာ ပညာရေးကို ငါးပါးမှောက်စေတော့တာပါပဲ။

တကယ်တမ်း ခံယူကြရမှာက ကျောင်းသင်ပညာရေးဆိုတာက ကောင်းပေ့ဆိုတဲ့ ပညာရပ်တစ်ခုခုကိုကျကျနနတတ်၊ ဆည်းပူးနည်းကိုလဲ သဘောပေါက် လောကကြီးကိုလဲ စိတ်ဝင်စားတဲ့ တပည့်မျိုးတွေ မွေးထုတ်ပေးလိုက်ဖို့သာ ဖြစ်ပါတယ်။ ဒီတော့ ပညာရေးဆိုတာ ကျဉ်းမြောင်းရတယ်။ အဲ. . . ဒုက္ခ ပေးနိုင်တဲ့ ကျဉ်းမြောင်းမှုမျိုးလဲ ရှိပါတယ်။ အဲဒီလို လည်း သုခပေးနိုင်တဲ့ ကျဉ်းမြောင်းမှုမျိုးလည်း ရှိပါသေး တယ်။ ပညာသင်တယ် ဆို တာမှာလဲ ခြိုးခြံချွေတာမှုရှိမှ စုမိဆောင်းမိ ဖြစ်ပါတယ်။

အခြေခံအားဖြင့် အချက်ကြီး နှစ်ချက်ရှိ ပါတယ်။

ပထမအချက်က တစ်စုံတစ်ခုသော ဘာသာ ရပ်၊ အဲ. . . တစ်စုံတစ်ခုဆိုပေမယ့် ဘာသာရပ် နှစ်မျိုး လောက်၊ နှစ်မျိုးထက်ပိုရင်လဲ မကောင်းဘူး။ လျော့ပြန်လဲ မကောင်းဘူး။ အဲဒီ ဘာသာရပ် နှစ်မျိုးလောက်





ကို အပိုင်အနိုင် တတ်ကျွမ်းပြီး ပညာဆိုတာ ဒါပါပဲ တလားလို့ ရိပ်စားမိသွားစေရမယ်။ အဲဒီလို သိသွားဖို့ ဆိုတာက အချိန်လဲ ပေးနိုင်မှ၊ အာရုံလဲ စူးစိုက်နိုင်မှ ဖြစ်တာ။ ဘာသာရပ်တွေ တစ်ပုံကြီး လျှောက်သင်နေ လို့ ရနိုင်တာမျိုး မဟုတ်ဘူး။

ဒုတိယအချက်က ဒီဘာသာရပ်တွေကို သင်နေရင်း တပည့်ဖြစ်သူဟာ 'ကြီးမားကျယ်ဝန်းခြင်း' (အနန္တ)ဆိုတာကြီးနဲ့ တွေ့တွေ့ဆိုင်ဆိုင် ပက်ပင်းကြုံသွား အောင် လုပ်ပေးလိုက်နိုင်ရမယ်။ အဲဒီလို 'အနန္တ' ကို သဘောပေါက် သွားတာလောက် ထိရောက်တာ ဘာမှ မရှိဘူး။

အစဉ်အလာ ဂန္ထဝင်ပညာရေးဟာ အဲ့ဒီ နှစ်မျိုးစလုံးကို ဖြည့်စွမ်းပေးနိုင်တယ်။ အဲဒီ ပညာရေးနဲ့ နစ်ဝင်သွားတဲ့ လူတွေဟာ ပညာရပ်ကြီး နှစ်ခုကို ပယ်ပယ်နယ်နယ် သိသွားတယ်။ နောက်ပြီး ပညာ ဆိုတာ ဘာလဲ၊ ပညာရဖို့ ဘယ်လောက်ထိ ကြိုးကုတ် ရသလဲ ဆိုတာကိုပါ သိသွားကြတယ်။

သူတို့ဟာ ကြီးကျယ်ပေ့ဆိုတဲ့ ဘာသာရပ်ကြီး နှစ်ခုက ကြီးကျယ်ခြင်းဆိုတာကို တွေ့သွားလိုက်ရ တယ်။ အဲဒါကြောင့် ဒီနေ့ပြောနေကြတဲ့ ဒီမော်ဒန် ခေတ်သစ်ကြီး ဘယ်လိုဖွဲ့စည်း လှုပ်ရှားနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို သိအောင်သင်ပေးရမယ်ဆိုတဲ့ ဟုတ်သယောင်ယောင် ပညာရေးထက် ရှေးခေတ်ပညာရေးက ပိုကောင်းတယ်။ ကောင်းသမှ အတော်ကြီးကို ပိုကောင်းတယ်လို့ ကျွန်တော် ယုံကြည်မိပါတယ်။

ပရိသတ်ကတော့ မေးချင်နေလိမ့်မယ်။ အဲဒီဂရိနဲ့လက်တင်စာပေတွေကို ဒီနှစ်ဆယ်ရာစု ခေတ်ကြီးမယ် ဘာသွားလုပ်ရမှာလဲပေါ့။ ခရစ်ယာန်အနေနဲ့ စဉ်းစားကြည့်ရင် ခရစ်ယာန်ဘာသာကို ဖန်တီးခဲ့တာဟာလဲ အဲဒီစာပေတွေပါပဲ။

လူကြီးမိဘတွေ အကြောင်းကို သိတာဟာ ကလေးတွေကိုသိဖို့ အထောက်အကူ မဖြစ်ပေဘူးလား။ တခြားတခြားသော ခေတ်တွေထက် ၅-ရာစု၊ ၄-ရာစု အေသင်နိုင်ငံနဲ့ ရောမအင်ပါယာကြီးဟာ တစ်မျိုးတစ်ဖုံစီ ကျွန်တော်တို့ရဲ့ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေကို ပိုပြီးမြင်သာစေတယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ ကျွန်တော်တို့နဲ့ အတော်လေးကို ပိုပြီးတူနေတာကြောင့် ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ ပြဿနာကလဲ အစုံစုံ၊ ပန်းတိုင်ကလဲ အဖုံဖုံ။ ဂရိခေတ်ရဲ့ ဘဝအမြင်ကတော့ သိပ်ပုံမှာလဲ ကြည်ကြည်လင်လင် ပြည့်စုံတာလဲ ပီပီပြင်ပြင်။ ဒီတော့ ဂရိခေတ်ကို သေချာ လေ့လာကြမယ်





ဆိုရင် ကျွန်တော်တို့ခေတ်အတွက် အမြတ် မထွက်နိုင်ပေဘူးလား. . .။ ဒီအချက်ကို တချို့ ပုဂ္ဂိုလ်များက ပိုတောင် သဘောတူကြပါလိမ့်ဦးမယ်။ ဘာကြောင့်လဲဆိုတော့ ကိုးကွယ်မှုသမိုင်းအရ ဘာသာရေးမှာ ခရစ်ယာန်နဲ့ အံဝင်တဲ့ပြင် အထွတ်အထိပ်ခေတ်မှာ ထာဝရဘုရားကို ယုံကြည်လာတာကို တွေ့ရပေမယ့် စရိယဉ်ကျေးမှု အနုပညာဟာ ယုံကြည်ကိုးကွယ်မှု အပေါ်မှာ အမြစ်မှီတွယ်နေတာ မဟုတ်လို့ပါပဲ။

ကဲ. . . ထားပါတော့။ ကျွန်တော်တို့ရဲ့ ဆင်ခြေဆင်လက်တွေကို ရှည်ရှည်ဝေးဝေး ပြောမနေတော့ပဲ ပုဂ္ဂိုလ်ကျော် သုံးဦးကို သက်သေ ထူလိုက်ပါရစေတော့။

ပထမပုဂ္ဂိုလ်ကျော်ကတော့ သက်ရှိဒဿနပညာကျော်ကြီး 'မစ္စတာရှုတ်ဟာက်' ပါပဲ။ ၁၉၂၆- ခု ဩဂုတ်လထုတ် 'အတ္တလန်တစ်မဂ္ဂဇင်း' ထဲမှာ သူရေးလိုက်တာက-

"ကျွန်ုပ်၏ ကိုယ်ပိုင် ယုံကြည်ချက်ကလေး တစ်ခုကို ယခုမှ ဖွင့်ချလိုက်ရဦးမည်။ နိုင်ငံရေး ခွဲခြင်းမှ သင်ကြားရေးနှင့် ပတ်သက်၍ 'ဟားဗတ် တက္ကသိုလ် နိုင်ငံရေးနှင့် အုပ်ချုပ်ရေး သင်တန်းကျောင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ လောက်က



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန် ရှေးခေတ် ပညာရေး သင်ကြားမှု၏ ခြေဖျားကိုပင် မမီချေ” တဲ့။

ဒုတိယ သက်သေကတော့ နာမည်ကျော် ဝေဖန်ရေးဆရာ ‘မစ္စတာ ပါဆယ်လ်စမစ်’ ပါပဲ။ ‘မမေ့နိုင်သော နှစ်များ’ ဆိုတဲ့ စာအုပ်မှာ ဘယ်လိုရေးခဲ့သလဲ ဆိုတော့-

“ယခုလို အနည်ကျလာချိန်တွင် ပြန်ပြီး စဉ်းစားကြည့်သောအခါ အောက်စ်ဖို့ဒ်တက္ကသိုလ် ‘လူမှုကျမ်းစာသင်ကျောင်း’ သည် ကျွန်ုပ် ကြားဖူးသမျှ ပညာရေးတွင် အကောင်းဆုံး ဖြစ်သည်။ ပို့ချပေးလိုက်သော ဘာသာရပ်များမှာလည်း အတွေးအခေါ်၊ ဆက်ဆံမှု၊ လူအဖွဲ့အစည်းဆိုင်ရာ ဟူသော ထာဝရ ပြဿနာများချည်းသာ ဖြစ်သည်။ ခေတ်ပေါ် ရေပန်းစား စကားလုံးများနှင့် ဆွေးနွေး ပို့ချခြင်းမဟုတ်ဘဲ တခြားလောက တစ်ခုဆီသို့ တခြားဘာသာစကား တစ်ခုနှင့် ပြန်ပြီး ပို့ချပေးခြင်း ဖြစ်သည်။”

(ဂရိစာပေ၊ လက်တင်စာပေတို့ကို လေ့ကျက်၍ ဂရိခေတ်၊ ရောမခေတ်အကြောင်း သင်ကြားကြရသည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ မြန်မာပြည်တွင် ရှေးခေတ်က ပါဠိ၊ သက္ကတ တို့ကို သင်ယူပြီး ဘုရားရှင် လက်ထက်တော်ခေတ်၊ ကာလီဒါသခေတ် စသည်တို့ကို





ဆည်းပူးကြခြင်းနှင့် ခပ်ဆင်ဆင် တူသည်ဟု ဆိုနိုင်ပါသည်။ မြန်မာပြန်သူ)

တတိယ သက်သေ ပုဂ္ဂိုလ်ကျော်ကတော့ အုပ်ချုပ်ရေး၊ နိုင်ငံရေး လောကမှာ တစ်သက်လုံး ကျင်လည်ခဲ့ရပြီး သူ့ခေတ်ရဲ့ရှေ့ကို ကျော်ပြီးမြင်ခဲ့တဲ့ အတွေးအခေါ်ပညာရှင်ကြီး ‘လော့ဒ်မင်လ်နာ’ ဖြစ်ပါတယ်။ ‘အင်္ဂလိပ် ဂန္ထဝင်အသင်းရဲ့မှတ်တမ်း’ မှာ သူ ပြောခဲ့တာတွေကို တွေ့နိုင်ပါတယ်။ သူ့အဆိုက -

‘ကျွန်တော် ပညာသင်ခဲ့ရပုံကတော့ ဘာမှ ပြောမနေနဲ့၊ တကယ့် ဂန္ထဝင် ပညာရေးစစ်စစ်ပဲ။ ဂန္ထဝင် ဆိုတာက တကယ့် ရှေးစနစ်ဟောင်းလို့ ဆိုလိုတာပါ။ လုပ်ရတာကတော့ စာတွေကို ကုန်းနေအောင် ဖတ်ရတယ်။ တကယ့်စာကြီးပေကြီးတွေကို ဖတ်ပြီး သူတို့ တွေးပုံတွေးနည်း၊ ကိုယ်ပြောချင်တာ ပြောပုံပြောနည်း တွေကို မှတ်ထားရတယ်။ အဲဒီပြင် နိုင်ငံရေး ဘောဂဗေဒ နည်းနည်းပါးပါးက လွဲလို့ တခြားဘာကိုမှ မသင်ခဲ့ဘူး။ အဲဒီ သင်လိုက်သမျှ နိုင်ငံရေး ဘောဂဗေဒကလဲ များသောအားဖြင့် တလွဲတချော်တွေ ချည်းပဲ။ ကျွန်တော့်မှာ အမှားတွေကို ဖျောက်ပစ်ဖို့ နှစ်ပေါင်း ၄၀ လုံးလုံးကိုပဲ ကြိုးစားခဲ့ရပါတယ် ခင်ဗျား။ တန်ဖိုး ဖြတ်နိုင်တာ ကတော့ နှစ်အနည်းငယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကာလအတွင်း ကြောက်ခမန်း လန့်ခမန်း ပညာရေး ဆိုတဲ့ ဆရာသမားများ ခြေတော်ရင်းမှာ ဝပ်ဆင်းပြီး သူတို့ရဲ့ မိုးမြင့်ဘုံဖျား အတွေးအခေါ်တွေ၊ မဆုတ်မနစ်တဲ့ ဥဿာဟတွေရဲ့ အငွေ့အသက်ကိုခံရင်း လှပေ့ ထည်ဝါပေ့ဆိုတဲ့ သူတို့ရဲ့နှုတ်ထွက် စကားတွေထဲက ကိုယ်တွက်ကလေး တစ်ခုခုကျန်အောင် အမိလိုက်ဖမ်း ရတာပါပဲ။ ခက်လိုက်ပုံကလဲ ဘယ်မှာမီအောင် လိုက်နိုင်ပါမလဲ။ ဒါပေမယ့် ကျွန်တော့်ဘဝတိုက်ပွဲကြီး အတွက် စိတ်ဓာတ်မှာ လက်နက်အပြည့် ဆင်ပြီးသား ဖြစ်သွားတယ်။ ဒီထက်ပြောရရင် ဇွဲတွေ၊ တက်ကြွမှုတွေ အကုန်လုံး ရလာခဲ့တယ်။ ဒါတွေအားလုံးဟာ ဒီဆရာကြီး သမားကြီးများရဲ့ ကျေးဇူးတော်ပါပဲ။ သူတို့ရဲ့ ကျေးဇူးတော် အနန္တကို ကော်ရော်ခြင်းဟာ ဒီနေ့တိုင် တစ်ရွေးသား မလျော့ဘူး။ ကြည်ညို ပျပ်ဝပ်ခြင်းဟာလဲ နှမ်းတစ်လုံး မယိမ်းယိုင်ပါဘူး။ သူတို့ရဲ့ ဩဝါဒတွေကို ကျွန်တော့်ပါးစပ်က ဒိုးကန် ဒေါက်ကန် ရွတ်မပြနိုင်ပါဘူးဆိုရင် လောကမှာ အကောင်းဆုံး၊ အမြင့်မြတ်ဆုံးလို့ သူတို့ မမှိတ်မသုန် ယုံကြည်ခဲ့ကြတဲ့ တရားတွေကို မခွဲတမ်း စွဲလမ်း နေအောင် သူတို့ရဲ့ ဝိညာဉ်ကိုပါ အရဖမ်းပြီး မျိုလိုက် တာကြောင့် ပါးစပ်ကအသံ မထွက်နိုင်တော့တာပါ





လို့သာ ပြောလိုက်ချင်ပါတော့တယ်။ ဒီတော့ ဘာသာ စကားသင်ယူမှု၊ စာပေဆည်းပူးမှု၊ လူ့စိတ်လူ့စရိုက် လေ့လာမှု၊ ယုတ်စွအဆုံး ယဉ်ကျေးတဲ့ ဥရောပ တိုက်သား ဖြစ်လာစေမှုအတွက် အကောင်းဆုံးလမ်း ကတော့ ဂရိနဲ့ရောမစာပေကို လေ့လာခြင်းပါပဲ။ တခြား နည်းလမ်းတွေ မရှိတော့ဘူးလို့တော့ မဆိုလိုပါဘူး။ ဒါပေမယ့် ဒီလမ်းက အသေချာဆုံးနဲ့ အနီးဆုံးပါပဲ' တဲ့။

ဒီပုဂ္ဂိုလ်ကျော်ကြီးတွေကဖြင့် ဒီခေတ်သစ်ကြီး မှာ နေကြရမယ့် လူတွေအတွက် ခေတ်ဟောင်းက ပညာရေးဟာ လက်တွေ့အကျဆုံးပဲလို့ အကြွင်းမဲ့ ယုံကြည်ကြသူများ ဖြစ်ပါတယ်။

ဒါပေမယ့် ရှေးခေတ် ပညာရေးမှာ အန္တရာယ် တွေတော့ ရှိသပေါ့လေ။ ဒါတော့ ခေတ်သစ်ပညာရေး မှာလဲ ဒီလိုပါပဲ။ ပစ္စည်းတစ်ခုကို အနီးကပ်ကြည့်လွန်း အားကြီးရင် 'အဝေးမှုန်' ရောဂါ ဝင်လာတတ်သလို၊ ကိုယ့်ခေတ် ကွက်ကွက်ကလေးကိုချည်း ကြည့်နေဖန် များလာရင် ယဉ်ပါးလွန်းပြီး အမြင်အား နည်းသွား တတ်ပါတယ်။ ခေတ်သစ် ကွက်ကွက်ကလေးကိုသာ ကြည့်ပြီး လေ့လာနေသူတွေဟာလဲ အဝေးမှုန်ရောဂါ ဆင့်ပြီး ကိုယ့်ခေတ်ကိုယ် အကဲမဖြတ်တတ်တော့ဘူး။ အဲဒီကနေပြီး ဒေသစွဲရောဂါ၊ အတ္တစွဲရောဂါ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာကိုယ်ပဲ ဟန်လုပ်ပြီထင်နေတဲ့ ရောဂါ၊ ကိုယ့်ကိုယ်ကို မသိတဲ့ရောဂါ ဝင်လာတတ်ပါတယ်။ နှိုင်းယှဉ်ချိန်ထိုးကြည့်စရာ တခြားပစ္စည်း၊ တခြားသူကိုယ့်ထက်သာတဲ့လူ မရှိရင် ကိုယ့်ကိုယ်ကို သိဖို့ သိပ်ခက်ပါတယ်။

ကိုယ့်ယဉ်ကျေးမှုကို ကိုယ်သိဖို့လိုအပ်သလို ဝေဖန်တတ်ဖို့လဲ လိုအပ်ပါတယ်။ ဒီလောကထဲမှာ နေရင်းက အပေါ်စီးက လှမ်းမြင်တတ်ဖို့လဲ လိုပါတယ်။ တစ်ခေတ်တာ ကာလကလေး အတွက်သာ မဟုတ်ဘဲ ကာလကြီးတလျှား ကမ္ဘာဝေလို့ တရားတော်စီရင်တဲ့ တရားခွင်မှာ သုံးသပ်သလို ထိအောင် မျှော်ကြည့်သင့်ပါတယ်။

'ဟားဗတ်အစီရင်ခံစာ' က အဆိုကလေး တစ်ခုဟာဖြင့် ကောင်းမြတ်လှပါပေတယ်။

*'ပညာရေး၏ တစ်ခုသော ရည်ရွယ်ချက်ကား စိတ်ကို တင်းကျပ်စွာ နှောင်ဖွဲ့ထားတတ်သည့် ပစ္စုပ္ပန်နှောင်ကြိုးကို ဖြတ်တောက်ပစ်ရန် ဖြစ်ပေသည်'* တဲ့။

အဲ့ဒါဟာဖြင့် သွေး ထွက်အောင်ကို မှန်တဲ့စကားပါပဲ။

ဒါကို ကျွန်တော်တို့ အလေးအနက်ထားပြီး စဉ်းစားကြရပါမယ်။





<u>ဖြန့်ဆိုသူ၏မှတ်ချက်</u>

ဆရာကြီး ဆာရစ်ချတ် လစ်ဗင်းစတုန်းက ပညာသင်နေရင်း တပည့်ဖြစ်သူကို ကြီးမားကျယ်ဝန်းခြင်း(အနန္တ) Greatness နှင့် ပက်ပင်း ရင်ဆိုင်မိသွားအောင် ဖန်တီးပေးလိုက်ရမည်ဟု အဆိုပြုပါသည်။ ထိုအချက်ကိုလည်း ရှေးခေတ် ပညာရေးစနစ်ကသာ ပေးနိုင်သည်ဟု ဆိုပါသည်။

သူတို့ ရှေးခေတ်ပညာရေးနှင့် ကျွန်တော်တို့အရှေ့တိုင်း အထူးသဖြင့် မြန်မာတို့ သင်ကြားကြရသော ပညာရေး ဘာသာရပ်များမှာ အတော်ကြီးကွာခြားသောကြောင့် နေရာတိုင်းတွင် နှိုင်းယှဉ်ရန် မဖြစ်နိုင်ပါ။ သို့သော် ကျွန်တော်တို့ဆီက ရှေးခေတ်ဘုန်းတော်ကြီးကျောင်း ပညာရေးတွင် အနန္တသဘောကြီးကို ပက်ပင်းတွေ့လောက်အောင် သင်ကြားမှုများရှိသည်ဟုတော့ ထင်ပါသည်။

ဆရာတော် ရှင်မဟာ သီလဝံသ၊ ရှင်မဟာ ရဋ္ဌသာရ၊ ဆရာတော် ဦးဗုဓ်၊ မန်လည်၊ လယ်တီသော ဆရာတော်ကြီးများ၊ ယောအတွင်းဝန် ဦးဖိုးလှိုင်သော လူပညာရှိများသည် ထိုကဲ့သို့ အနန္တသဘောကြီးကို အလေးအနက် ခံစားမိသွားကြသူများ ဖြစ်သည်ဟု ထင်ပါသည်။ ရှင်မဟာ ရဋ္ဌသာရ၏ 'ပုဏ္ဏောဝါဒသင်' ချို



www.burmeseclassic.com

www.burmeseclassic.com



နှမလက်လျော့ နေလေတော့ ဟူသော ကဗျာကို ကျွန်တော် ဖတ်ကြည့်ခံစားလိုက်တိုင်း သာသနာ့ဘောင်နှင့် အိမ်ထောင်လောကီတို့ လွန်ဆွဲကြခြင်းထက် ပညာဆည်းပူးခြင်း၊ စာပေ၌ ပျော်မွေ့ရခြင်းတို့ကို မရောင့်ရဲနိုင်သောကြောင့် ရဟန်းဘဝကို ရွေးချယ်သွားလေခြင်း ဖြစ်လေသလောဟု မကြာခဏ စိတ်ကူးကြည့်ခဲ့မိဖူးပါသည်။

ရှေးခေတ် မြန်မာလူမျိုး ရဟန်းရှင်လူတို့အဖို့ ဗုဒ္ဓမြတ်ရှင်၏ ဒေသနာပိဋကတ် သုံးပုံမှာ လေ့လာလို့ မကုန်၊ ဆည်းပူးလို့ မခန်း၊ နှိုက်လေ နက်လေ ဖြစ်သည် သာမက ပစ္စုပ္ပန်ရော သံသရာအတွက်ပါ သွန်သင်ပေးသော ပညာရပ်ကြီးဖြစ်သောကြောင့် တရိုတသေ ကြိုးကုတ် ဆည်းပူးကြသည့် ပညာရေးကြီးကို လှမ်းပြီး မြင်ယောင်မိပါသည်။

ကျွန်တော်တို့ မြန်မာလူမျိုးတို့သည် ပညာ၏ ကြီးကျယ်မြင့်မြတ်ခြင်းကို မျိုးရိုးစဉ်ဆက် သွေးထဲ သားထဲတွင် ပါလာဘိသည့်အလား ရှိသေစွာ သိကြသည်ဟု ထင်မိပါသည်။ ပညာတန်ဖိုး ရှိကြောင်း၊ ပညာကို ကြိုးစားသင်အပ်ကြောင်း တိုက်တွန်း ဆုံးမသည့် စာများ၊ လင်္ကာများမှာ ကျွန်တော်တို့ မြန်မာစာပေလောက် များပြားသည့် အခြားစာပေ ရှိပါသေး၏





လောဟုပင် အောက်မေ့မိပါသည်။

ပညာရေးကို အားပေးရာတွင်လည်း ထိုနည်းတူ ဖြစ်ပါသည်။ ရှေးခေတ် ဘုန်းကြီးကျောင်း ပညာရေးတွင်သာမက ယခုခေတ်တိုင်အောင်ပင် ပိဋကတ်တော်ကို အဘယ်မျှကြာကြာ သင်ချင်ပါသနည်း။ တစ်သက်လုံး သင်ချင်လျှင်လည်း တစ်သက်လုံး ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြရန် အသင့်ရှိသည်။ ပညာချွန်သော ကျောင်းသား၊ သာမဏေ ဆိုလျှင် အလုအယက် ရဟန်းဒကာ လုပ်ချင်ကြသည်။ နန်းတွင်း၌ပင် သာမဏေကျော်ခိုးမှုကြီး ဖြစ်လာခဲ့ဖူးသည်။ ထိုကဲ့သို့ ပညာမြတ်နိုးမှုကြီးကို ကျွန်တော် အလွန် ချစ်မိသည်။ တွေးမိတိုင်း ကိုယ့်လူမျိုးကို ကိုယ်ချစ်မိသည်။

ပညာရပ်ကြီးများကို လေ့လာရင်း ဆည်းပူးနည်းကို ရသွားအောင်၊ လောကကို စိတ်ဝင်စားအောင် သင်ပေးလိုက်ရမည်ဟု ဆရာကြီး၏အဆိုအမိန့်ကို ကျွန်တော် တရိုတသေခံယူမိပါသည်။ ဘယ် တက္ကသိုလ်မှ ပညာကိုဆုံးခန်းတိုင်အောင် သင်ပေးလိုက်နိုင်သည် မဟုတ်ပါ။ သိချင်စိတ်ယိုဖိတ်အောင်၊ ဆည်းပူးနည်း တတ်ကျွမ်းအောင်၊ လောကကိုချစ်တတ်အောင် (မေတ္တာစိတ်) သင်ပေးလိုက်နိုင်လျှင် ထိုကျောင်းသားအဖို့ ပညာသင်ရကျိုး နပ်သွားမည်သာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ပစ္စုပ္ပန်နှောင်ကြိုးကို ဖြတ်တောက်ပစ်ရန် ဟူသောအချက်ကိုလည်း ဆရာကြီးပြောသလို အလေးအနက် စဉ်းစားကြည့်မိပါသည်။ ဟိုအဝေးအနာဂတ်ကို မမျှော်တော့ဘဲ လက်ငင်းကိစ္စကို အားကြိုးမာန်တက် လုပ်တတ်ကြသည်မှာ လူ့သဘာဝပင် ဖြစ်ပါသည်။ ပညာရေးတွင်လည်း ထိုကဲ့သို့ပင် ကျင့်သုံးနေမိတတ်ကြပါသည်။ ခေတ်အချိန်အခါအလျောက် ဆေးပညာ၊ အင်ဂျင်နီယာပညာတို့ကိုသာ သဲကြီးမဲကြီး သင်ယူချင်ကြသည်။ နောက်တော့လည်း သင်္ချာသား ရေကြောင်းပညာကို စိတ်ဝင်စားလာကြပြန်သည်။ နောက်တော့ ကွန်ပျူတာကို ရောက်သွားပြန်သည်။ လက်ငင်းကိစ္စကိုသာ ကြည့်နေမိကြသည့်သဘောပင် ဖြစ်ပါသည်။ ပစ္စုပ္ပန်နှောင်ကြိုးဖြတ်ရန်ဆိုသည်မှာ လေးနက်သလောက် မလွယ်လှသည့် ကိစ္စပါတကားဟု အောက်မေ့ လိုက်မိပါသည်။



# ခေတ်သစ်ကမ္ဘာအတွက် ပညာရေး (၆)

ကောင်းပြီ။ ဒီလိုဆင်ခြင်စိတ်မျိုးကို ဘယ်လိုလေ့ကျင့် သင်ကြားပေးမလဲ။ ကိုယ်ရှင်သန်နေရတဲ့ ခေတ်ကြီးကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်နိုင်အောင် ဘယ်လို သွန်သင်ပေးမလဲ။ လူသားတို့ ကြိုးပမ်းအောင်မြင်ခဲ့သမျှ၊ မျှော်မှန်းလုပ်ဆောင်ခဲ့သမျှ အကြီးမြတ်ဆုံးတွေကို ပြလိုက်မှသာလျှင် ကိုယ့်ခေတ်ကိုယ် အကဲဖြတ်နိုင်မှာပေါ့။ အဲဒီလို ယှဉ်ကြည့်လိုက်မှ အဆင့်တို့၊ စံတို့၊ အားကျမှုတို့ ဆိုတာတွေ ပေါ်လာနိုင်မှာပေါ့။ လူသားတို့ရဲ့ အမြင့်ဆုံး ကြိုးပမ်းအောင်မြင်မှုကို ဘယ်မှာ တွေ့နိုင်သလဲ၊ သမိုင်းမှာတွေ့နိုင်တယ်။ လူသားတို့ရဲ့ အမြင့်ဆုံး မျှော်မှန်းတောင့်တမှုတွေကို ဘယ်မှာ တွေ့နိုင်သလဲ။ စာပေမှာ တွေ့နိုင်တယ်။ အဲဒီစာပေဆိုတာထဲမှာ ဘာသာရေးစာပေလဲ အပါအဝင်ပါပဲ။ အဲဒါတွေရဲ့ မြစ်ဖျားခံရာ၊ စကားဆိုရာ။ ရှင်သန်နေဖို့ ထောက်ပံ့နေတဲ့အရာက ဘာလဲဆိုတော့ (တခြားစကားလုံး ရှာမရလို့ ပြောလိုက်ပါရစေ) မဟာနာဓိဉာဉ်ကြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အမြင့်ဆုံး ဘုံယံစံသည့် ဝိဉာဉ်
ငါတို့ဘဝ လမ်းပြစမ်းရေယဉ်
ထိုရေယဉ်စမ်း၊ လမ်းပြတ်လေလျှင်
တိုက်ရင်းခိုက်ရင်း သေခြင်းသို့ဝင်
ဝိဉာဉ်ရေစမ်း မခန်းလေလျှင်
ဘဝတုံး မဆုံးရှင်လျက်ပင်။

ပညာရေးမှာ ဂရိစာပေဟာ ယနေ့ထက်တိုင် မယိမ်းမယိုင် တည်နေခြင်းဟာ တချို့လူတွေ ရမ်းတုတ်နေကြသလို ဂရိမှာ ရှေးဟောင်းအဆောက်အအုံ ပစ္စည်းကြီးတွေ ထုနဲ့ထည်နဲ့ အမွေခံရထားလို့ မဟုတ်ပါဘူး။ လူသားတို့ မနောဝိဉာဉ်အတွက် အာဟာရ တန်ဖိုး ကြီးလွန်းလို့သာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒါတွေကို ပြောနေတာဟာ ဂရိစာပေကို လေ့လာကြဖို့လျှောက်လဲနေတဲ့ အဖြစ်မျိုးရောက်သွားမှာကိုလဲ အလွန်စိုးရိမ်ပါတယ်။ ကြီးမြတ်ခြင်းကို သဘောပေါက်လာအောင် ဂရိစာပေကို လေ့လာဖို့ မေတ္တာရပ်ခံခြင်းမျှသာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရှေးခေတ်ဂရိဟာ ကြီးမြတ်ခြင်းမှာ အကောင်းဆုံးစံပြ ဖြစ်နေတာကြောင့် အဲဒါကို မလေ့လာဖူးတဲ့သူဟာ လူသားတို့ရဲ့ အမြင့်မားဆုံးသော





ကြိုးပမ်းလုပ်ဆောင်မှုကို မတွေ့ဖူးရာ ရောက်နေပါလိမ့်မယ်။ လူနည်းစုသာလျှင် ဂရိဘာသာစကားကို ကျွမ်းနိုင်မယ်ဆိုတာကတော့ အထူးပြောနေစရာ မလိုပါဘူး။ ဒါပေမယ့် ဂရိလိုမတတ်တဲ့ လူတွေအတွက်လဲ စိတ်ဝင်စားမယ်ဆိုရင် ယုတ်စွအဆုံး အင်္ဂလိပ်လို ပြန်ထားတဲ့ 'အပိုလိုဂျီ' (ချေပချက်)၊ 'ခရိတော် ဖီဒေါ'၊ 'သမ္မတနိုင်ငံ' ဆိုတဲ့ ကထာတွေ ရှိနေသားပဲ။

ကျွန်တော် ပြောချင်တာက လူတို့ရဲ့ စိတ်သန္တာန်အရ အလှမ်းနိုင်ဆုံးသော အဆင့်၊ အရောက်နိုင်ဆုံးသော အမြင့်ကို လူသားတိုင်း တစ်နည်းနည်းနဲ့ သဘောပေါက်ထားဖို့ဟာ လိုရင်းပါပဲ။ ပညာရေးမှာ အခြား ဘာတွေပဲ ဘယ်လောက်တောင်ပဲ ပါနေနေ အဲဒီအချက်မပါရင် မပြည့်စုံပါဘူး။ အဆင့်နိမ့်နေမှာပါပဲ။

ကျွန်တော် ချဲ့ချဲ့ကားကား ပြောလွန်းလို့သာပါ။ ဒီနေ့ ပညာရေးမှာလဲ အဲဒီအချက်ကို လျစ်လျူရှုမထားပါဘူးလို့ အောက်မေ့ချင် အောက်မေ့ကြပါလိမ့်မယ်။ ကောင်းပါပြီ။ ဒီလိုဆိုရင် ဒီခေတ်ကြီးမှာ များသောအားဖြင့် 'သမ္မာကျမ်းစာ' ကို မသိကြတော့ ဘာကိုတော့ ဘာပြောကြမလဲ။ လောကီဘက်ကပဲ ကြည့်ကြည့်၊ လောကုတ္တရာဘက်ကပဲ ကြည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ် ဘာသာစကားကို သုံးစွဲပြောဆိုနေတဲ့ လူတစ်ယောက်အဖို့ အင်္ဂလိပ် သမ္မာကျမ်းစာဟာ ပညာရေးရဲ့ အုတ်မြစ်ကြီး မဖြစ်သင့်ပေဘူးလား။ ခရစ်ယာန်ဘာသာရဲ့ ရင်းမြစ်ရော၊ ဖွံ့ဖြိုးပြန့်ပွားလာပုံရောအပြင် ခရစ်ယာန် တရားတော်ကို ကမ္ပည်းတင်ထားတဲ့ ကျမ်းတော်ကြီးမို့လို့ ကျေးဇူးတော်ရှင် ဘုရားသခင်နဲ့ တွေ့နိုင်တဲ့ ကျမ်းကြီးလဲဖြစ်တယ်။ ခရစ်ယာန်ဘာသာဝင်မှန်ရင် ကိုယ့်သားသမီးကို ဒီကျမ်းတော်ကြီးနဲ့ကင်းပြီး ကြီးပြင်းလာစေဖို့ ဘယ်သူမှ လိုလားနိုင်ကြမယ် မဟုတ်ပါဘူး။ ကြီးမြင့် ခမ်းနားခြင်းနဲ့ ပတ်သက်လို့ကတော့ စိတ်နေမြင့်ဖို့ စာရိတ္တသွန်သင်ဖို့အတွက်ဖြစ်စေ၊ နောက်တစ်ပိုင်း ဇာတ်ကွက်ဖန်တီးမှု၊ စိတ်ကူးစိတ်သန်း ရေးဖွဲ့မှုဆိုင်ရာမှာဖြစ်စေ အင်္ဂလိပ်စာပေမှာ 'သမ္မာကျမ်းစာ' ထက် ကြီးကျယ်ခမ်းနားတာ မရှိတော့ပါဘူး ဆိုတာ ခရစ်ယာန် ဘာသာကို ပစ်ပယ်တဲ့သူများကတောင် ဝန်ခံကြရပါတယ်။ အင်္ဂလိပ်စာပေမှာ အကြွယ်ဝဆုံး ဘဏ္ဍာတိုက်ကြီး ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့က ကြီးမြင့်ခြင်းကို တကယ်တမ်း မြတ်နိုးတန်ဖိုးထားကြပါတယ်ဆိုရင် ဒီကျမ်းတော်ကို ဒီလိုဘေးဖယ် ထားကြပါ့မလား။

လူသားတစ်ရပ်လုံးဟာ 'ယဉ်ကျေးမှုအတွက် ဒီဇိုင်း' လို့ ခေါ်နိုင်မယ့် ပန်းချီကားကြီးတစ်ချပ်ကို ရေးခြယ်နေကြတယ်။ ဒါပေမယ့် ဘာရုပ်ရေးရမယ်ဆိုတာကို ပြတ်ပြတ်သားသား မသိကြဘူး။ စုတ်တွေ၊ ဆေးတွေ၊ ပန်းချီဆရာတွေက သေအောင် ကောင်းနေပေစေ။ ကိုယ်ရေးရမယ့် အရုပ်ကိုမှ ပြတ်ပြတ်သားသား မသိရင် စတူဒီယိုထဲမှာပဲဖြစ်ဖြစ်၊ အပြင်တကယ့်ဘဝမှာပဲ ဖြစ်ဖြစ် ဘယ်တော့မှ မအောင်မြင်နိုင်ဘူး။ လူသားတွေက ဘယ်လို 'ဒီဇိုင်း' မျိုး ဖြစ်စေချင်တယ်ဆိုတာ ဒီနေ့ (မော်ဒန်) ခေတ်သစ်ကြီးဟာ စမ်းတဝါးဝါး အနိုင်ဆုံးပဲ။ နောက်ပြီး (လက်တစ်ဆုပ်စာ လူနည်းစုမှအပ) သူ့စ်လျှူ အရှုဆုံးပဲ။





ကျွန်တော် တင်ပြ တိုက်တွန်းချင်တာကတော့ လူသားတစ်ရပ်လုံး ရေးခြယ်ဖို့လုပ်နေကြတဲ့ ပန်းချီကားကြီးရဲ့ ရုပ်ပုံဟာ လူ့သဘာဝက ခွင့်ပြုသလောက် မီးကုန်ယမ်းကုန် လူပီသစေရေးပဲ ဖြစ်သင့်ပါတယ်။ ဒါကြောင့် လူသားတို့ရဲ့ကောင်းခြင်း၊ ကြီးမြတ်ခြင်းကို စံပြအဖြစ်ထားပြီး ရေးကြခြယ်ကြရမှာပဲ။ ဒီတော့ ဘာသာရေး၊ ဒဿန၊ စာပေ၊ သမိုင်းနဲ့တကွ လူသားတို့ရဲ့ အမြင့်ဆုံး အဆင့်ကို ထွန်းလင်းပေါက်မြောက်ခဲ့ရာ ရင်းမြစ်ကို အခြေပြုပြီးရေးကြမှသာ သင့်မြတ်ပါတော့မယ်။ ဒီလူသား ပန်းချီကားချပ်ကြီးကို ရေးခြယ်ကြတဲ့အခါမှာ



www.burmeseclassic.com

www.burmeseclassic.com



အနုမတဂ္ဂသော ပန်းချီသမားတွေ ညီညီညာညာ စုပေါင်းရေးခြယ်ကြရမှာ ဖြစ်လေတော့ ကျွမ်းကျင်လိမ္မာ တာဝန်ယူရာ ကဏ္ဍချင်းမတူကြသော်လဲ ပဓာန ရည်မှန်းချက် ရုပ်ပုံကြီးကိုတော့ အသီးသီးအသက သဘောပေါက်ထား ကြရပါလိမ့်မယ်။ ဒီလိုမှမဟုတ်ရင် မအောင်မြင်နိုင်ပါဘူး။

ရေးခြယ်ရမယ့် အကြောင်းအရာက ‘အကြီး မြတ်ဆုံးလူသား’ ပါပဲ။ ဒီအခြေခံ ရုပ်ပုံကြီးကို သေသေ ချာချာသိပြီးမှ ဘဝအရန်ပစ္စည်းတွေဖြစ်ကြတဲ့ ကျင့်ဆောင်ရမယ့် တရားတွေ၊ အာရုံပြုရမယ့် ပန်းတိုင်တွေ၊ အစွမ်းကုန် လူဖြစ်သန်စေမယ့် နည်းလမ်းတွေကို ဖြည့်စွက်ပေးကြရမှာပါ။

သိပ္ပံ။ အဲ . . သိပ္ပံက သုတကို ကျယ်ပြော စေပြီး စကြာဝဠာကို ချုပ်ကိုင်နိုင်စွမ်း ပေးလိမ့်မယ်။ နိုင်ငံရေးနဲ့ စီးပွားရေး၊ အဲဒါတွေက လူ့အဖွဲ့အစည်းကို ဖန်တီးပြီး စည်းမှန်ဝါးကျ ဘဝသုခကို ရအောင်ထိန်း သိမ်းပေးလိမ့်မယ်။

ဘာသာစကား။ အဲဒီ ဘာသာစကား ဆိုတဲ့ လမ်းကိုခင်းပြီး ကိုယ့်နယ် ကိုယ့်မြေတွင်းမှာသာ မကဘဲ တစ်လောကလုံးမှာ ရှိနေတဲ့ အသိဉာဏ်တွေကို စုပေါင်းပေးနိုင်ရလိမ့်မယ်။





စက်မှုလုပ်ငန်းနဲ့ ကူးသန်းရောင်းဝယ်ရေး၊ အဲဒါတွေကလဲ ပိုက်ဆံရှာဖို့ သက်သက်ကလေးသာ မဟုတ်ဘဲ ပလေတို ခံယူခဲ့သလို ဘဝလိုအပ်ချက်ကို ဖြည့်စွက်ပေးနိုင်တဲ့ မိခင်နဲ့ သူနာပြုအလား ဖြစ်သင့်ပါတယ်။

ဒီအရန်ပစ္စည်းတွေကို ပင်မလူ့ရုပ်ကြီးနဲ့ မျက်ခြေမပြတ် တွဲပြီးမြင်နေကြဖို့ အလွန်ကို အရေးကြီးပါတယ်။ ခုအခါမှာ ဖြစ်နေတတ်သလို အဲဒါတွေကို ခွဲထွင်ပြီး ပဓာနရုပ်ပုံကြီးနဲ့ အဆက်ပြတ်လို့ အရိုးပေါ် အရွက်ဖုံး မဖြစ်သင့်ပါဘူး။

ခေတ်သစ်ကမ္ဘာကြီးအတွက် တကယ်လိုအပ်နေတဲ့ ပညာရေးဟာဖြင့် အဲဒါပါပဲ ခင်ဗျား။ အရစ္စတိုတယ်ရဲ့ စကားနဲ့ပဲ နိဂုံးချုပ်ပါရစေ။ သူ့ဩဝါဒက . . .

‘လူသည် လူလိုတွေး၍ ပုထုဇဉ်သည် ပုထုဇဉ်ကဲ့သို့သာ ကြံစည်ရာ၏ဟု ဆိုသောသူများ၏ စကားကို နားမယောင် ကြကုန်လင့်။ မမြဲသော ငါတို့သည် မြဲသောအရာတို့ကို ရနိုင်စိမ့်သောငှာ အရိုးကြေ အရေခန်း စွမ်းအားကုန်ကြိုးပမ်း၍ ငါတို့ အဇ္ဈတ္တမှ အမြင့်မြတ်ဆုံးသော သန္တာန်ဖြင့် နေကြကုန်အံ့။ ထိုအချင်းအရာသည် ပမာဏအားဖြင့် သေးငယ်စေကာမူလည်း တန်ဖိုးအားဖြင့်လည်းကောင်း၊ တန်ခိုး



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့်လည်းကောင်း မည်သည့်အရာနှင့်မျှ မယှဉ်နိုင်အောင် သာလွန်ကုန်သတည်း။'

ဆရာကြီး ဆာရစ်ချတ် လစ်ဗင်းစတုန်း၏ 'ခေတ်သစ်ကမ္ဘာကြီးအတွက် ပညာရေး' ဟောပြောချက်မှာ ဤတွင်ပြီးဆုံးပါပြီ။

ပြန်ဆိုသူမှတ်ချက်

ဆရာကြီး၏ ဟောပြောချက်ကို မြန်မာပြန်နေရင်း တဖျပ်ဖျပ်သတိရ ကျေးဇူးတင်နေမိသည်မှာ 'ဆရာဇော်ဂျီ' ပင် ဖြစ်ပါသည်။ ဆရာဇော်ဂျီသည် ကျွန်တော်၏ ဆရာရင်းဖြစ်ပါသည်။ သို့သော်လည်း ဤနေရာတွင် ကျွန်တော်၏ ဆရာတစ်ယောက်အဖြစ် စကားမဆိုချင်ပါ။ ဆရာ၏ပရိသတ် သာမန်စာဖတ်သမားတစ်ယောက် အဖြစ်သာ စကားဆိုချင်ပါသည်။ ဆရာသည် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးပြဇာတ်များကို ရေးခဲ့သည်။ သူကိုယ်တိုင် ရေးရုံမျှနှင့် မတင်းတိမ်နိုင်သေးဘဲ ကမ္ဘာ့ဝတ္ထုကောင်းများကို ဘာသာပြန်ဆိုပြီးလျှင် ကောင်းပုံ ကောင်းနည်းကိုပါ လမ်းညွှန် ပြလိုက်သေးသည်။ ထို့နောက် စာပေသဘောတရား၊ စာပေဝေဖန်ရေး သဘောတရားများကိုလည်း ရေးခဲ့သေးသည်။ သူကိုယ်တိုင် သင်ကြားပို့ချရုံနှင့် အားမရနိုင် သေးသည့်





အလား လူ့သမိုင်းတွင် ထင်ရှားတောက်ပလှသော ဂန္ထဝင်ဆရာကြီးများ၏ သြဝါဒသံကို ကြားစေလိုပြန်သောကြောင့် 'ပလေတို နိဒါန်း' ကို ပြုစုခဲ့ပါသေးသည်။ ထိုစာအုပ် 'စကားချီး' ကလေးကို ဖတ်ကြည့်လိုက်ရုံနှင့်ပင် ဆရာ၏ စေတနာ၊ ဆရာ၏ ဝီရိယကို ကောင်းစွာသိနိုင်ပါသည်။

ပညာရေးမှာ ဂရိစာပေဟာ
ယနေ့ထက်တိုင်
မယိမ်းမယိုင် တည်နေခြင်းဟာ တချို့လူတွေ
ရမ်းတုတ်နေကြသလို
ဒီမှာ ရှေးဟောင်းအဆောက်အအုံ ပစ္စည်းကြီးတွေ
ထုနဲ့ထည်နဲ့ အမွေခံရထားလို့ မဟုတ်ပါဘူး။
လူသားတို့ မနောဝိဉာဉ်အတွက်
အာဟာရတန်ဖိုး
ကြီးလွန်းလို့သာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ပညာရေးနှင့် စာရိတ္တပျိုးထောင်မှု (၁)

*အစိုးရ၏ ပုံသဏ္ဌာန်သည် လူ့သဘာဝ၏ ပုံသဏ္ဌာန် အတိုင်းသာ ဖြစ်သည်။ နိုင်ငံတော်ဆိုသည်မှာ ကျောက်တုံး သစ်သားများကို ထုဆစ်ထားခြင်း မဟုတ်၊ ပြည်သူတို့၏ စရိုက်နှင့်အညီ အချိုးအစားညီသော အဖွဲ့ကြီးသာ ဖြစ်လာပေတော့သည်။*

*ပလေတို*

တကယ်လို့များ 'နိုင်ငံရေးပြပွဲကြီး' ဆိုတာမျိုးသာ ရှိမယ်ဆိုရင် 'ငြိမ်းချမ်းရေးထိန်းသိမ်းမှု ယန္တရားများ' ဆိုတဲ့ ပြခန်းကြီးကလည်း တစ်ကဏ္ဍအဖြစ် ပါလာမှာ အသေအချာပါပဲ။

ယန္တရားပုံစံတွေ အမျိုးမျိုး တစ်သီတစ်တန်းကြီးနဲ့ ဟည်းနေမှာပေါ့ ခင်ဗျား။

ဟိုးအစောဆုံး သာသနာ့နိုင်ငံတော်ကြီးက စပြီး ဟိုစာချုပ်၊ ဒီစာချုပ်တွေ၊ သဘောတူညီချက်တွေ၊ ဥရောပနိုင်ငံများအဖွဲ့ ဆိုတာတွေ၊ စစ်ရေးစာချုပ်တွေ လက်နက်ဖျက်သိမ်းရေး စီမံကိန်းတွေ စသည်ဖြင့်ပေါ့။





မှန်းချက်နဲ့နှမ်းထွက် တစ်ချက်မှ မကိုက်ခဲ့တဲ့ စက်ရုံကြီးတွေပေါ့။ တချို့ယန္တရားကြီးတွေများဆိုရင် စွမ်းအားလည်း ကြီးပါပေရဲ့။ ထက်ထက်မြက်မြက် လည်း ရှိပါပေရဲ့။ ဒါပေမယ့် ဘယ်ဟာမှ အလုပ်မဖြစ်ခဲ့ကြဘူး။ ကိုင်း. . ကျွန်တော်တို့ခေတ် မှာလည်း ဒီလိုပဲ ခဲလေသမျှ သဲရေကျ ဖြစ်ကြရတော့မလား။

အဲဒါကတော့ အတိတ်ကဖြစ်ရပ်တွေကို မှန်မှန်ကန်ကန် သုံးသပ်ပြီး ဘာကြောင့် ပျက်ခဲ့ကြရ သလဲဆိုတာကို စူးစမ်း ကြည့်မှုပေါ်မှာ တည်တယ်လို့ ပြောချင်ပါတယ်။

အရင်ကထက် ပိုကောင်းတဲ့ အဖွဲ့အစည်းကြီး မျိုးကို အလွန်ကို လိုအပ်တာ မှန်ပါတယ်။

ဒါပေမယ့် ယန္တရားတစ်ခု လည်ပတ်မှု ကောင်းခြင်း၊ မကောင်းခြင်းဟာ မောင်းနှင်ကိုင်တွယ် သူရဲ့ ကျွမ်းကျင်မှုပေါ်မှာလည်း တည်နေသေးတာကိုး။

အဲဒီလိုပဲ 'နိုင်ငံပေါင်းချုပ်အဖွဲ့ကြီး' တို့ ဘာတို့ ဆိုတာမျိုးတွေရဲ့ ကံကြမ္မာကလည်း အဲဒီမှာ လုပ်ကြ ကိုင်ကြတဲ့ လူတွေအပေါ်မှာ တည်နေပြန်တာပဲ။

နောက်ပြီး ကမ္ဘာမှာ ပေါ်ပေါက်လာခဲ့တဲ့ အဖြစ်ဆိုးကြီးတွေကို သုံးသပ်ကြည့်လိုက်ရင် နိုင်ငံရေး ယန္တရား ညံ့ဖျင်းလို့ ပေါ်ပေါက်ခဲ့ရတဲ့ ကိစ္စက မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စလောက်ကလေးပါ။

ဒီတော့ နိုင်ငံရေးယန္တရားက ပိုကောင်းအောင် ဟိုနားဒီနား ပြင်လိုက်ဆင်လိုက်ရုံနဲ့ ဒီရောဂါကြီးကို ကုစားလို့ မရနိုင် ပါဘူး။ ဒီထက်ပိုပြီး မှန်ကန်တဲ့ ဒဿနကို ရှင်ယာကုပ် (St, James) ရဲ့ ဩဝါဒစာမှာ တွေ့နိုင်ပါတယ်။

ရှင်ယာကုပ်က မေးလိုက်တယ်။ *'သင်တို့တွင် စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်း'* တဲ့။ ကျွန်တော်တို့က ဖြေလိုက်ကြပါလိမ့်မယ်။ လက်နက်ဖျက်သိမ်းရေး ညီလာခံ ပျက်သွားလို့၊ နိုင်ငံပေါင်းချုပ်အသင်းကြီးက ညံ့လို့၊ ဖက်ဒရယ်ကြီးဖွဲ့ဖို့ မစဉ်းစားခဲ့ကြလို့၊ ဒါမှမဟုတ် ဝန်ကြီးချုပ် မစ္စတာ ချိန်ဘာလိန်ရဲ့ နည်းပရိယာယ်က ပျော့ညံ့လွန်းလို့ စသည်ဖြင့် အမျိုးမျိုးပေါ့။

ရှင်ယာကုပ်ဟာဆိုရင် ခရစ်တော်ရဲ့ တပည့်တော်များထဲမှာ လက်ရုံးတပည့်ကြီးလို့ ခေါ်နိုင်လောက်အောင် ဉာဏ်ပညာ ကြီးမားသူ မဟုတ်ပါဘူး။

ဒါပေမယ့် သူ့အဖြေက လိုရင်းပိုပြီးရောက်ပါတယ်။ *'သင်တို့တွင် စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်းသည် အဘယ်ကြောင့် ဖြစ်သနည်း ။ သင်တို့အင်္ဂါများ၌ စစ်ပြိုင်သော ကိလေသာ ကာမစိတ်ကြောင့် ဖြစ်သည် မဟုတ်*





*လော။ သင်တို့သည် တပ်မက်၍ မရကြ၊ လူ့ အသက်ကို သတ်၍ လည်းကောင်း၊ အလွန်လိုချင်သော လောဘစိတ် ရှိ၍လည်းကောင်း အလိုမပြည့်စုံနိုင်ကြ'* တဲ့။

ရေးဟန်ကတော့ ရှေးဆန်သပေါ့ ခင်ဗျာ။ ဒါပေမယ့် သွေးထွက်အောင်မှန်တဲ့ ဩဝါဒပဲ။ ခြေခြေမြစ်မြစ် စဉ်းစားကြည့်လိုက်ရင် **နိုင်ငံရေးပြဿနာ** ဆိုတာဟာ **လူ့စာရိတ္တပြဿနာ** ပါပဲ။

ဒီယုံမှားစရာ မရှိတဲ့စကားကို တောင်မှ ...သယ ရှိနေပါသေးတယ် ဆိုရင်တော့ သမိုင်းထဲက ခေတ်တစ်ခုခု အကြောင်းကို အသေးစိတ်သာ ...တ်ကြည့်လိုက်ကြပါတော့လို့ ပြောချင်ပါတယ်။ ...နေရာမှာ အသေးစိတ်ဆိုတဲ့ စကားကို ကျွန်တော် အလေးအနက်ထားပြီး ပြောတာပါ။

ကျွန်တော်တို့တစ်တွေ သမိုင်းကို လေ့လာကြတဲ့အခါမှာ မှားခြင်းကြီးမက မှားနေတဲ့အချက် ...စ်ခုက ကျောင်းသုံး ပြဋ္ဌာန်းချက် ကလေးလောက် သမိုင်းအကျဉ်းချုပ် ကလေးလောက်ကို တို့ကနန်း ဆိတ် ...နန်း ဖတ်နေကြခြင်းပါပဲ။

အဲဒီလို စာအုပ်မျိုးတွေဟာလည်း သူ့ဟာနဲ့သူ ...နိုး ရှိနေကြတာတော့ မှန်ပါရဲ့။ ဒါပေမယ့် သမိုင်း ...ဆိုတာကြီးရဲ့ သဘောသဘာဝကြီးကို စမ်း...ဝါးဝါးပဲ



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ရတော့တယ်။

ကျောင်းသုံးသမိုင်း ဆိုတာက အလွန်လွယ်တာကလား။ အဲဒီလို လွယ်လွန်းလို့ကို ခက်နေတာ။ သူက သမိုင်းကို နှစ်တွေနဲ့ချီပြီး ပြောသွားတာ။

တကယ်ဖြစ်ခဲ့တာကတော့ နေ့၊ ရက်၊ နာရီနဲ့ကို ဖြစ်လာခဲ့ရတာ။ အဲဒီအချိန်ကလေးတွေမှာ ကြုံခဲ့ရတဲ့ ရုန်းကန်မှုတွေ၊ ကြေကွဲမှုတွေ၊ ကာမဂုဏ် လောဘဇောတွေ၊ ဇဝေဇဝါ ဖြစ်မှုတွေ အားလုံးက ဘာမှပါမလာတော့ဘူး။ သမိုင်းမျက်နှာပြင်ကြီး တစ်ခုလုံးက ချောမွေ့နေတာပဲ။

ဘာအရေး အကြောင်းမှမပါတော့တဲ့ ပြောင်ချော မျက်နှာကြီး ဖြစ်နေလေတော့ မျက်နှာကဲကို ခတ်လို့မရအောင် ဖြစ်သွားတော့တာပေါ့။

တကယ်ဖြစ်ခဲ့တုန်းက ရှုပ်ထွေး ပွေလီနေတာတွေဟာ သမိုင်းအကျဉ်း စာအုပ်ထဲမှာဖြင့် ကြည်လို့ရှင်းလို့။ သမိုင်းစာအုပ်ထဲက ဇာတ်တော်ပေါင်းခန်းမှာ လွယ်လွယ်ကလေး အောင်ပွဲဆင်ခဲ့တာတွေဟာ ကံကြီးလွန်းလို့ ကပ်ပြီးလွတ်လာခဲ့တယ် ဆိုတာမျိုးတွေ အရေးနိမ့်သွားခဲ့တာ တချို့ဟာလဲ လက်မတင်လေး ဆင်ပြောင်ကြီး အမြီးကျမှတစ်ခဲ့ရတာမျိုးတွေ၊ အဲဒါမျိုးတွေ ဘာတစ်ခုမှ သိခွင့်မရတော့ဘူး။





ကောင်းပါပေ့ ဆိုတဲ့ ကျောင်းသုံးသမိုင်းနဲ့ အကျဉ်းချုပ်တွေမှာကိုပဲ အလားအလာတွေ၊ လမ်းကြောင်းတွေ၊ ဖြစ်ရပ်ကြီးတွေ၊ အကျိုးသက်ရောက်မှုတွေ၊ ဒါတွေလောက်ကိုသာ ဖော်ပြနိုင်တာပဲ။

ဘာနဲ့ တူနေသလဲဆိုတော့ လေယာဉ်ပေါ်က ရိုက်ထားတဲ့ မြို့တစ်မြို့ရဲ့ဓာတ်ပုံကို ကြည့်နေရသလိုပဲ။

မြို့ရဲ့ တည်နေပုံနဲ့ လမ်းပန်းတွေကိုတော့ တွေ့ရပါရဲ့။ အဲဒီ လမ်းတွေအိမ်တွေထဲက လူတွေရဲ့အကြောင်းကိုတော့ ဘာမှ မသိနိုင်တော့ဘူး။ ကျောင်းသုံးသမိုင်းတို့၊ ရာဇဝင်သံခိပ်တို့ ဆိုတာလဲ ဒီအတိုင်းပဲ။

အဲ. . လူတွေရဲ့အကြောင်းကို သိချင်ရင် ဘာလုပ်ရမလဲ။ လေယာဉ်ပေါ်ကဆင်း၊ လမ်းတွေထဲကိုလျှောက်၊ အိမ်တွေထဲကိုဝင်၊ လူတွေနဲ့ ရောရောနှောနှောတွေ့. အဲဒီလိုလုပ်မှ သိလာမှာပေါ့။

ပြဋ္ဌာန်းချက် သမိုင်းစာအုပ်တွေကိုလဲ ဖတ်တော့ဖတ် ရမှာပေါ့။ ဒါပေမယ့် အတောမသတ်နိုင်အောင် သိချင်ရင်တော့ 'မက္ကောလေးရဲ့ အင်္ဂလိပ်ရာဇဝင်' တို့၊ ထရီဗေလျံရဲ့ 'အန်းဘုရင်မ လက်ထက် အင်္ဂလန် သုံးစောင်တွဲ' တို့ ဆိုတာမျိုးတွေကို ဖတ်ကြည့်ကြရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါမျိုးတွေကို ဖတ်ကြည့်လိုက်မှ သမိုင်း ဆိုတာ ဘာလဲ။ သမိုင်းလမ်းကြောင်းကြီးကို ဆုံးဖြတ် ပေးလိုက်တာ ဘာတွေလဲ ဆိုတာကို သိလာရမှာပေါ့။

သမိုင်းလမ်းကြောင်းကို အဆုံးအဖြတ်ပေးနိုင်တဲ့ အကြောင်းခြင်းရာတွေက အလွန်များပါတယ်။

ပထဝီ၊ ဘူမိဗေဒ၊ ရာသီဥတု၊ စီးပွားရေး အခြေအနေ၊ သိပ္ပံတွေ့ရှိမှု စသည်ဖြင့်ပေါ့လေ။

ဒါပေမယ့် အဲဒါတွေ အားလုံးအပေါ် လွှမ်းနေအောင် အရေးကြီးပါလျက် မေ့ထားတတ်တဲ့ ပြဿနာက 'လူ့သဘာဝ' ဆိုတဲ့ အခြေခံကိစ္စကြီးပါပဲ။

'ကရွမ်းဝဲလ်လို ချာချီတို့လို၊ ဖရက်ဒရစ်တို့ နပိုလီယံတို့၊ ဝါရှင်တန်တို့၊ လင်ကွန်း' တို့လို အကြောင်း အားလျော်စွာ ရုတ်တရက်ပေါ်လာတဲ့ ပါရမီရှင်မျိုး လောက်ကိုသာ မဟုတ်ဘူး။ ဒီထက် အခြေခံကျတဲ့ သာမန် လူ့သဘာဝရဲ့ အရေးပါပုံကို မေ့ထားကြတာ

ပညာရှိမှု၊ ဆင်ခြင်သုံးသပ်တတ်မှု၊ အမြော် အမြင်ကြီးမှုတွေ၊ အဲဒါတွေနဲ့ ဖီလာ ဆန့်ကျင်ဖြစ်နေမှု တွေ။

နောက်တစ်ဆင့်တက်လိုက်တော့ စာရိတ္တ အရည်အသွေးပဲ။ အတ္တနည်းမှု၊ ရဲရင့်ဝံ့စားမှု ရိုးဖြောင့်မှု၊ တရားမျှတမှု၊ သန့်ရှင်းစွာ အနိုင်ရလို





ချုပ်တည်း သည်းခံနိုင်မှု၊ စိတ်ရှည်ဖွဲ့ကောင်းမှု၊ ပြတ်သားစွာ မြင်သာနေတဲ့ ပန်းတိုင်အတွက် တောင့်ထားနိုင်မှု ဆိုတာမျိုးတွေ၊ အဲဒါမျိုးတွေနဲ့ ဖီလာဖြစ်နေတဲ့ အတ္တကြီးမှု၊ အထွတ်အထိပ် ရောက်လိုမှု၊ လောဘ၊ မာန၊ ဣဿာမစ္ဆရိယစိတ်တွေ၊ ဝစီဗေဒ ထွက်တိုင်းရှုတဲ့ နှုတ်လျှာမျိုးတွေ၊ အသည်းငယ်မှု၊ ဖွဲ့ငယ်မှု၊ ဖိမ်ခံလိုမှု ဆိုတာမျိုးတွေကို သမိုင်းအကျဉ်းတွေ ရာဇဝင်သံခိပ်တွေမှာ လုံးဝချန်ထားခဲ့တာ မဟုတ်လား။

သမိုင်းကို မှန်ဘီလူးနဲ့ ကြည့်နိုင်သလို ကြည့်နိုင်မှ ဒီလို အသေးအဖွဲ့ကလေးတွေကို မြင်နိုင်တာ။

ဒါပေမယ့် အဓိကအားဖြင့်တော့ ဒီလိုအသေးအဖွဲ့ကလေးတွေကပဲ ကမ္ဘာကြီးရဲ့ အကျိုးစီးပွားတက်မှု ကျမှု၊ အောင်မြင်မှု၊ ရှုံးနိမ့်မှု၊ ကောင်းမှု၊ ဆိုးမှုတွေကို ဖန်တီးပေးလိုက်တာပဲ။

ဒါမျိုးတွေကျတော့ အဏုကြည့် မှန်ပြောင်းနဲ့ ကြည့်သလို သမိုင်းကို အသေးစိတ်ကြည့်နိုင်မှ တွေ့ရတာ။

နောက်ဆုံးမှာတော့ ဟိုတုန်းကရော၊ ခုခေတ်မှာရော တကယ့်ပြဿနာက 'လူ' ပါပဲ။ လူ့ဘောင်သစ်ကြီး ဆိုတာကလည်း တကယ်တော့ သိပ်ပြီး မသစ်ပါဘူး။ လူသားဟာ အပေါ်ယံ အဆင်တန်ဆာကလေး

www.burmeseclassic.com



သာ ပြောင်းသွားတာပါ။ လူ့သဘာဝကြီးက မပြောင်းပါဘူး။

ဘုရားသခင် ဖန်ဆင်းတော်မူလိုက်တဲ့ 'အာဒမ်' ဟာ ဟိုလို ဒီလို အဝတ်အစားလေး ဝတ်လာဆင်လာတာက လွဲလို့ မူရင်း 'အာဒမ်' ပါပဲ။

ဒါတွေပြောလိုက်တော့ ကျွန်တော့်ကို ပြောချင်ကြလိမ့်မယ်။ ဒါမျိုးတွေကို ကြားရတာ ဖန်တစ်ရာတေနေပြီ။ အသိပညာက မြင့်မားလာသလောက် စာရိတ္တက မြင့်မားမလာလို့ လူ့ယဉ်ကျေးမှုကြီး ပျက်စီးရတော့မယ် ဆိုတာမျိုးတွေကို ဒီနေ့ ဘယ်စာနယ်ဇင်းကိုပဲ ကောက်လှန်လှန် ရှောင်လို့ မလွတ်နိုင်အောင် တွေ့နေရတာပဲ။ ဘယ်သူကမှ မငြင်းတဲ့ကိစ္စကို ဘာကြောင့် လေကုန်ခံပြီး ပြောနေချင်တာလဲ။ ခင်ဗျားဉစ္စာက တရားကျပြီးသား လူတွေကို ထပ်ပြီး တရားချသလို လုပ်နေတော့ နားငြီးရုံရှိမှာပေါ့ ဘာညာနဲ့ ပြောချင်ကြလိမ့်မယ်။

ဒါလည်း ဝေဖန်ထိုက်လို့ ဝေဖန်တာပဲ ဆိုတာ ကျွန်တော် လက်ခံပါတယ်။ ကျွန်တော်ကလည်း ဘယ်သူမှ ငြင်းချက်မထုတ်တဲ့ စကားကို ပြောနေမိပေသကိုး။

သို့သော်လည်း ကျွန်တော်ကလည်း ပြန်မေး





တ်ချင်သေးတာက တကယ့်ကို မှန်ပါတယ်လို့ သေအချာ ယုံကြည်ကြပါရဲ့လား။

ယုံကြည်ပါတယ်ဆိုရင် ဒီကိစ္စကို ဘာကြောင့် အလေးအနက် မထားကြသလဲ။ စာရိတ္တကိုလည်း သိပညာနဲ့ တန်းတူမြင့်လာအောင် ဘာကြောင့် ကြိုးစားစား မလုပ်ကြသလဲ။

'ပညာသင်ခြင်းဆိုသည်ကား လူများမသိကြည်ကို သိအောင်လုပ်ပေးခြင်းမဟုတ်၊ မကောင်းသည် ကောင်းလာအောင် သွန်သင်ပေးခြင်း ဖြစ်သည်' တဲ့ 'ရပ်စတင်' ရဲ့သြဝါဒစကားမျိုးကို ဘာကြောင့် သေကြသလဲ။

လူ့သဘာဝဆိုတာ အလွန်ကို နုတာ၊ ဖြိုးကနဲ တာနဲ့ ကွဲတတ် ပျက်တတ်တယ်။ အဲ. . . ဒီလိုများ သွားလိုက်ပြီ ဆိုရင် စက်ရုံကြီးတစ်ခုလုံး ရပ်သွားပြီ မှတ်ပေရော့။

အင်ဂျင်စက်တွေ အရင်ကထက်ပိုပြီး ကောင်း တာဟာ အဓိကအားဖြင့် အသုံးပြုမယ့် သတ္တုကို တောင်းလာအောင် လုပ်ခဲ့ကြလို့ ဖြစ်ပါတယ်။ ဘာဉ်ပုံတွေ၊ မော်တော်ကားတွေ တည်ဆောက်ကြ တွေဟာ သူတို့နည်းပညာနဲ့ သူတို့သုံးမယ့် သတ္တု ည်အသွေး ကောင်းမှသာလျှင် သူတို့လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မယ် ဆိုတာကို ကောင်းကောင်းသိကြတယ်။

အဲဒီလိုပဲ ဘဝတိုးတက်မှု၊ နိုင်ငံရေးတိုးတက်မှု ဆိုတာတွေမှာလဲ အခြေခံဖြစ်တဲ့ 'လူသားပစ္စည်း' တွေ ကောင်းမှသာ အောင်မြင်နိုင်မှာပေါ့။ လူတွေ လိုက်နာ ဥပဒေတို့၊ ပဋိညာဉ်တို့ ရေးဟယ် ဆွဲဟယ်ဆိုတာ အလွယ်လေးပါ။ လူတွေဟာ ဒါကို သိကြဖို့ကောင်း တယ်။ ယုတ်စွအဆုံး သိယောင်ကလေးဖြစ်စေ လုပ် ဖို့တော့ ကောင်းပါတယ်။

ခုတလောလေး အတွင်းမှာပဲ ကမ္ဘာ့အနာဂတ် နဲ့ ငြိမ်းချမ်းရေးပြဿနာနဲ့ ပတ်သက်ပြီး ရေးလိုက်ထု လိုက်ကြတဲ့ စာအုပ်ပေါင်းဆိုတာ အနမတဂ္ဂပဲ။ ထင်ရှား မြင်သာနေတဲ့ စီးပွားရေး၊ နိုင်ငံရေးအကြောင်းချည်း ဒီပြဿနာတွေရဲ့ အခြေခံအရေးအကြီးဆုံး လူ့စာရိတ္တတရားပါပဲ ဆိုတာ ထင်ရှားနေပါလျက် ဒီအကြောင်းကို ဘယ်နှစ်အုပ်များ ရေးသလဲ၊ ဒီစာရိတ္တ ဖွံ့ဖြိုးရေးကို ဘယ်နှစ်ယောက်များ အလေးအနက် ထားပြီး စဉ်းစားကြသလဲ။

## မြန်မာပြန်ဆိုသူ၏မှတ်ချက်

ဆရာကြီး ညွှန်းသွားသော စကားမှာ ကျမ်းစာ၊ ဓမ္မသစ်၊ ယာကုပ်သြဝါဒစာ ၄း၁ ဖြစ်ပါသ





ပက်ခ် (Puck) ဆိုသည်မှာ ရှိတ်စပီးယား၏ 'နွေလယ်ညအိပ်မက်' (Midsummer Night's Dream) ပြဇာတ်ထဲက 'နတ်လေပွေလေး' တစ်ယောက်၏ အမည် ဖြစ်ပါသည်။ လူတွေကို သူ့တန်ခိုးသတ္တိဖြင့် ပြုစားညှို့ငင်၍ တောက်တီး တောက်တဲ့ ကမောက်ကမ ဖြစ်အောင် နောက်နောက်ပွေပွေ ပြုလုပ်ပြီး သူလုပ်ချင် တိုင်း ဖြစ်သောကြောင့် လူသတ္တဝါတို့အား အညံ့စား အနိမ့်စားအဖြစ် သရော် ရယ်မောလိုက်သော စကား များကို ဆရာကြီးက ထည့်သွင်းရွတ်ဆိုလိုက်ခြင်း ဖြစ်ပါ သည်။

ဤဟောပြောချက်များကို ဘာသာပြန်ရာတွင် လူငယ်များအတွက်ကို ပိုပြီးအာရုံပြုမိကြောင်းကို ဖော်ပြခဲ့ပြီးပါပြီ။

အထူးသဖြင့် ပြဿနာတစ်ရပ်ကို ဆင်ခြင်ကြ ရာတွင် ဘက်စုံထောင့်စုံက လှမ်းပြီး စဉ်းစားဆင်ခြင် နိုင်သည့် အကျင့်ကို ရစေလိုကြောင်းကိုလည်း ရေးခဲ့ ပြီးပါပြီ။

ယခု ဤဟောပြောချက်တွင်လည်း ဆရာကြီး က စာရိတ္တ အရေးကြီးကြောင်းကို ပြောနေရင်း တစ်ဖက် က ပြန်ပြီးမေးမြန်း ချေပကြမည့် အချက်ကိုပါ ထည့်ပြီး ဆွေးနွေးဆလျက် ထိုအချက်ကိုပါ မလှုပ်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်း ပြောဆိုသွားပုံကို သတိပြုမိစေချင်ပါသည်။

စာပေဝါသနာပါသော လူငယ်များအဖို့ တို အလေ့အထ၏ အရေးကြီးပုံကို ပိုပြီးသတိပြုသင့်သည်ဟု ထင်ပါသည်။

စာပေကိစ္စနှင့်ပတ်သက်၍ မကြာခဏ အငြင်းပွားတတ်သည်ဖြစ်ရာ အပြန်အလှန် အတင်အဖြေ ရေးကြသော ဆောင်းပါးများကို ဖတ်ကြည့်ကြပြီးလျှင် စကားလုံး ဆန်းဆန်းပြားပြား ကြီးကြီး ထွားထွားများ၊ ပြောင်မြောက်သော အလင်္ကာများကို ဘေးချိတ်ပြီး ခြေမြစ်သော အတွေးအခေါ်၊ ခိုင်လုံသော ကျိုးကြောင်း မည်မျှပါသည်ကို စူးစမ်းသုံးသပ်၍ ဆောင်းပါးရှင်၏ ဉာဏ်ရည်ကို အကဲဖြတ်တတ်ကြရန်လည်း လေ့ကျင့်သင့်သည်ဟု ထင်ပါသည်။

ထိုသို့သော အလေ့အကျင့်မျိုးကို ရလာခြင်းအားဖြင့် သူများပြောသမျှကို ယုံလွယ်သော၊ ကိုယ့်အယူအဆနှင့် ဆန့်ကျင်လျှင် ချက်ချင်း ပစ်ပယ်တတ်သော အဖြစ်မျိုးမှ လွတ်မြောက်လာမည် ဖြစ်ပါသည်။

ကိုယ်ပိုင်ဉာဏ်နှင့် ချင့်ချိန်သည့်အကျင့်ကို 'ဗုဒ္ဓမြတ်ရှင်' ကိုယ်တော်တိုင်က အားပေးခြင်းပြုခဲ့ကြောင်းကို သတိရကြသင့်ပါသည်။

ဆရာကြီးက သမိုင်းအကျဉ်းချုပ်၊ ရာဇဝင်





သံခိပ်များကို ဖတ်ပြီးရုံနှင့် သမိုင်းကို လေ့လာခြင်း မမည်ကြောင်းကို မိန့်ကြားထားရာ ကျွန်တော်ဖြင့် အလွန်ကို ကျေးဇူးတင်ခြင်း ဖြစ်မိပါသည်။

လူငယ်တွေသည်လည်း ကျွန်တော်တို့ဆီက ဦးကုလား ရာဇဝင်၊ မှန်နန်းရာဇဝင်၊ ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီး စသည်တို့ကို သေချာ ဖတ်ကြည့်စေချင်ပါသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ရာဇဝင်ကို ညက်ညက်ကြေအောင် ဖတ်ထားသောကြောင့် လူ့သဘာဝကို အလွန်ပေါ်လွင်လှသော 'ရာတော်ပုံ' ဝတ္ထုကြီးကို ရေးနိုင်ခဲ့ခြင်း ဖြစ်သည်ဟု ထင်လိုက်ချင်မိပါတော့သည်။

ပါမောက္ခကြီးညွှန်းသွားသော သမိုင်းစာအုပ်များမှာ ကျွန်တော်တို့ဆီက 'ရာဇာဓိရာဇ် အရေးတော်ပုံ' ကို အသေးစိတ် လူတွေအကြောင်းကိုပါ ထည့်ရေးထားသော သမိုင်းများဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ပညာရေးနှင့် စာရိတ္တပျိုးထောင်မှု (၂)

ရှုပ်ထွေးပွေလီလှတဲ့ လူ့အဖွဲ့အစည်း ဆိုတာမျိုးဟာ နေ့ ချင်းညချင်း ဆိုသလို ကိုယ့်အတတ်နဲ့ကိုယ့်ပြန်စူးတတ်ပါတယ်။ ဒီခေတ်ကြီးမှာ ထင်ရှားနေတဲ့ 'ကိုယ့်အတတ်' တွေက ဘာတွေလဲဆိုတော့ သိပ္ပံပညာနဲ့ ကြီးကျယ်လှတဲ့ ယန္တရားကြီးတွေပါပဲ။ စီးပွားရေး လူမှုဆက်သွယ်ရေး၊ နိုင်ငံရေးစသည်ဖြင့် ယန္တရားကြီးတွေပေါ့။ ဒါမျိုးတွေကို သုံးသပ်လေ့လာကြတဲ့အခါမှာ အသိကလဲ ကျယ်ဝန်းဖို့ လိုပါတယ်။ စေ့စပ်သေချာဖို့လဲ လိုပါတယ်။ ဒီတော့ လူတွေက အဲဒါတွေထဲမှာ နှစ်မြှုပ်လေ့လာရင်းနဲ့ပဲ အဲ့ဒါတွေရဲ့ ကျေးကျွန်ဖြစ်မှန်းမသိဖြစ်သွားတော့တာပဲ။ တချို့ကျပြန်တော့ အဲဒီလိုကျွန်ဖြစ်လိုက်ရတာကိုပဲ မြိန်ရေရှက်ရေ သဘောကျပြီး သိပ္ပံဘာသာရပ်ကို တိုးပြီးသင်၊ စီးပွားရေးကို မြှင့်ပြီး ပြဋ္ဌာန်း၊ တိုင်းခြား ဘာသာစကားတွေ ပိုပြီးချဲ့၊ နောက်မှ





လူမှုဗေဒကလေး တစ်ဇွန်းလောက် စွက်လိုက်ရင်ဖြင့် ဒီရောဂါဆိုးကြီး ပျောက်ကရောပေါ့ လဟယ်လို့ အောက်မေ့နေကြတယ်။ အတိတ်ကို ပြန်ကြည့်လိုက်ရင် ဒီလိုအိပ်မက်မျိုးတွေဟာ ဘယ်တော့မှ တကယ်ဖြစ်မလာခဲ့ဘူးဆိုတာ ရှင်းနေတာပဲ။

ဒီလိုဟာမျိုးတွေကို မြှင့်တင်ပေးလိုက်တော့ ဆက်ဆိုင်ရာတွေမှာတော့ ထိုက်သင့်သလို ရောက်သွားတာ အမှန်ပါပဲ။ ဒါပေမယ့် စာရိတ္တတော့ 'ဒုံရင်း' မှာပဲ ကပ်ပြီး ကျန်နေရစ်ခဲ့တယ်။ တွေရဲ့ လောဘကလဲ ပျော့မသွားဘူး။ ဒေါသ ကလဲ မသွားဘူး။ မောဟကလဲ လျော့မသွား။ ဟိုး - ပဝေကက အတိုင်းပါပဲ။ လူနာကြီးဟာဖြင့် ဒီဆေးနဲ့ ဆက်သာဘူး ဆိုတာကို သိနေကြတဲ့ လူတွေကတောင် 'အနာသိမှ ဆေးရှိနိုင်တာကို' အနာကို ဇစ်ဇစ်မြစ်မြစ် အောင် စူးစမ်းချင်ပုံ မပေါ်ဘဲ ဖြစ်နေကြတယ်။

ရှုပ်ပစ္စည်းတွေ ပေါကြွယ်လှတဲ့ ဒီလိုခေတ်ကြီး မှာ လူတွေဟာ ထိုးထွင်းသိမြင်မှု၊ စိတ်ကို ချုပ်တည်း သိမ်းနိုင်မှု အလိုအပ်ဆုံး ဖြစ်ပါတယ်။ အဲဒါမှ ခေတ် ဂရိလူမျိုး တပသဝါဒီ Stoic တွေ ပြောတဲ့ အု တဲခို့မေ) *'သင်ကား ငါ့သခင်မဟုတ်၊ ငါသာ သင်၏သခင်တည်း'* ဆိုတာမျိုးကို ပြောနိုင်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံတီထွင်မှုရဲ့ ကျေးဇူးတွေဟာ ကျွန်တော်တို့ အပေါ်မှာ ကြွေးအထပ်ထပ် တင်နေတာ အမှန်ပါပဲ။ ဒါပေမယ့် သိပ္ပံအလွဲသုံးစား လုပ်မှုကြီးတွေကြောင့် ဒုက္ခအဆမတန် ရောက်ကြရတာကို တင်ပြပြီး ကြွေးမြီဆိုင်းခွင့်ကို ကျွန်တော်တို့ လျှောက်ထားနိုင်စကောင်းပါတယ်။

အခုပစ္စက္ခ အချိန်မှာဆိုရင် ကျွန်တော်တို့ အနောက်တိုင်း ယဉ်ကျေးမှုကြီးဟာ ပြိုလဲတော့မယ့် အခြေ ဆိုက်လာတာမို့ 'လူသားပြဿနာ' ဟာ သေရေးရှင်ရေး ဖြစ်လာပါပြီ။ ဒီခေတ်မှာ ဘုရားသွားကျောင်းတက် ပြုတာ အလွန်နည်းလာတဲ့အကြောင်း ပြောတတ်ကြပါတယ်။ တချို့ကလဲ အလေးအနက် တစ်ချို့ ကတော့လည်း ခပ်ပေါ့ပေါ့ ပေါ့လေ။ ဒါပေမယ့် ရောမခေတ် ခရစ်ယာန် သာသနာတော်ကြီး ထွန်းကားခဲ့တဲ့ကာလ။ ပြီးဒီနေ့အထိ သမိုင်းတစ်လျှောက်မှာ အကြီးဆုံးသော ပြောင်းလဲမှုကြီးတစ်ခုရဲ့ ပြင်ပနိမိတ် လက္ခဏာကြီး တစ်ခုပါလား ဆိုတာကို သတိ မပြုမိကြဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ထောင်ကျော် လောက်က စပြီး အနောက်တိုင်းမှာ ယုံကြည်ကိုးကွယ်မှုကြီး တစ်ခုကို လက်ခံလာလိုက်ကြတာ ကြိုးကြားရံခါ သံသယကလေးမှအပ တစ်လျှောက်လုံး အနောက်





တိုင်းရဲ့ မနောကံအမှု၊ ကာယကံအမှု အားလုံးကို လွှမ်းမိုးသြဇာပြုခဲ့တယ်။

အဲဒီ ကိုးကွယ်မှုကြောင့်ပဲ ခရစ်ယာန်တို့ရဲ့ မြင့်မြတ်သော သိက္ခာဆိုတာမျိုး ပေါ်လာခဲ့ရတယ်။ လူသားတွေဟာ လူတစ်ဦးချင်းအနေနဲ့ကိုပဲ ဒီဥပဒေ တော်ကြီးရဲ့ အာဝါသမှာ ငြိမ်းချမ်းစွာ ရှင်သန်ခွင့် ရခဲ့တယ်။ သဘာဝသိပ္ပံရဲ့ နယ်ပယ်မှာ လုံးဝမရှိနိုင်တဲ့ ဥပဒေ နိယာမကြီးပေါ့။ အဲဒီ ခရစ်ယာန်သာသနာ အဒ္ဓါတရားကြောင့် ယောကျ်ားအာဇာနည်၊ မိန်းမ အာဇာနည်တွေ ပေါ်ပေါက်လာခဲ့ပြီး သူတို့ဟာ အနာဂတ် မျိုးဆက်များအတွက် အတုယူစရာ စံပြမီးရှူး တန်ဆောင်ကြီးတွေ ဖြစ်လာခဲ့တယ်။ ဖီလာကန့်လန့် [illegible]ချင်သူတွေ၊ မထီမဲ့မြင်လုပ်ချင်သူတွေ ပေါ်ပေါက် [illegible]စေခဲ့ဦးတော့ သူတို့တစ်တွေလည်း ရိုးရာစဉ်ဆက် သာသနာတော်က အခိုင်အမာ တည်ဆောက်ခဲ့တဲ့ ယဉ်ကျေးမှု ဘောင်ကြီးထဲမှာပဲ နေရတာမဟုတ်လား။

ဒီသာသနာတော်ကြီးက သီလဥပဒေကြီး [illegible]ည်း ချမှတ်တယ်၊ ဒီဥပဒေကို ချိုးဖောက်ရင်လဲ [illegible]လောက် အသေးအဖွဲ့ကလေးပဲ ဖြစ်ဖြစ် စီရင်ချက် ချရာ တရားရုံးတော်ကြီးလည်း ဖြစ်နေပြန်တယ်။ တော့ အကုသိုလ် ဒုစရိုက်သမားတွေဟာ နှောင်တ



www.burmeseclassic.com

www.burmeseclassic.com



အကျွတ်တရား မရကြစေဦးတော့ ပတ်ဝန်းကျင် အလယ်မှာ လိပ်ပြာငယ်ပြီး အနေရအထိုင်ရ စိတ်မလုံ နိုင်အောင်တော့ ဖြစ်လာတတ်တာပဲ။

အဲဒီ 'သဒ္ဓါယုံကြည်ချက်လဲပျောက်၊ ကိုယ်ကျင့် လည်းပျက်၊ တရားရုံးလဲပြို' ဆိုတာမျိုးဖြစ်သွားရင် လူ့ လောကကြီးဟာ ဒီအတိုင်းဆက်ပြီး ချောချောမောမော စခန်းသွားနိုင်ဖို့ဆိုတာ မမျှော်လင့်နိုင်သလောက်ပါဘဲ။ အောက်ခြေကိုက ယိုင်လာတဲ့ နောက်မှတော့ မြင့်မား တဲ့ လူ့ရည်သွေးတွေကော ခံနိုင်ပါတော့မလား။ သိပ္ပံက လူသားတွေအတွက် ကြီးစွာသော အကူအညီ ပေးနိုင် ခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် 'လူသားဝါဒ' လို့ ခေါ်တဲ့ လူသားတို့ မြင့်မြတ်လာစေမှု အတွက်တော့ ဘာအကူ အညီကိုမှ မပေးနိုင်ခဲ့ပါဘူး။

'၁၈-ရာစု နှောင်းပိုင်းနှင့် ၁၉-ရာစုအစပိုင်းတွင် ပေါ်ပေါက်လာခဲ့သော ဒီမိုကရေစီလွတ်လပ်မှု သည် တပသခရစ်ယာန် *(Stoic Christian)* အယူ အောင်ပွဲခံခဲ့ခြင်းပင် ဖြစ်သည်။ သို့သော်လည်း ဒါဝင်၏ 'သဘာဝတရား၏ ရွေးချယ်မှု' *(Natural Eelection)* သဘော တရားကို လူ့အဖွဲ့အစည်းတွင် ထင်ဟပ်လိုက် သောအခါ ထိုသဘောတရားသည် လူသား





ကောင်းကျိုးဝါဒ လှုပ်ရှားမှုကြီးကို စိန်ခေါ် တိုက်ခိုက်သည့် အဖြစ်သို့ ရောက်သွားပေတော့ သည်။ လူသားအချင်းချင်း ဆွေရင်း နောင်ညီ ချစ်ကြည်စွာ နေရမည့်အစား 'ညံ့သူကို သုတ်သင် တော်လျှင်ထိပ်ရောက်' နိုင်ရာစား လောကဆီသို့ ဦးတည်လာပါတော့သည်။

ထို့ပြင် ခေတ်သစ် မျိုးရိုးဆက်ခံမှု ဝါဒ အရလည်းကောင်း၊ မွေးမြူရေးသမားတို့၏ အတွေ့အကြုံအရ လည်းကောင်း၊ စိုက်ပျိုး မျိုးပွားသူတို့၏ အတွေ့အကြုံအရ လည်း ကောင်း၊ ဖရန်စစ်ဂါလ်တန်၊ ကားလ်ပီယာဆန် နှင့် သူတို့၏ဂိုဏ်းမှ ဇယားပြုသုတေသနများ အရ လည်းကောင်း၊ မင်ဒလ်၏ မျိုးဆက်ဗေဒ သုတေသန သဘောတရားများအရ လည်း ကောင်း ပေါ်ထွက်လာခဲ့သည့် ခံယူချက်များ သည် နောင်ရင်းညီဆွေညီ ဒီမိုကရေစီ၏ ဦးတည်ချက် 'ပြဟ္မစိုရ် ခရစ်ယာန်' လမ်းစဉ်ကို မှိန်သွားစေခဲ့လေတော့သည်'

လို့ ဒဿနပညာရှင်ကြီး မစ္စတာဝိုက်ဟက်အာ 'အတွေးအခေါ်စွန့်စားမှုများ (Adventure of Ideas)' ဆိုတဲ့ စာအုပ်ထဲမှာ ရေးခဲ့ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဘာတွေဆုံးရှုံးနေရပြီဆိုတာကို ရုတ်တရက် မသိနိုင်ရင်တောင်မှ အဲဒီဆုံးရှုံးမှုကြောင့် ပေါ်ပေါက်လာရတဲ့ အကျိုးဆက်တွေကိုတော့ ပြက်ပြက်ထင်ထင် သိလာကြရပါပြီ။ လူ့ယဉ်ကျေးမှု အထွတ်အထိပ်ကို ရောက်နေပါပြီဆိုတဲ့ အနောက်တိုင်းဟာ လူ့သဘာဝဆိုတာဟာဖြင့် သမိုင်းတစ်လျှောက်မှာ မကြုံစဖူးတဲ့ ပြစ်မှုအကုသိုလ်ကြီးများကို ကျူးလွန်နိုင်ပါတကား ဆိုတာကို မျက်ဝါးထင်ထင် မြင်ခဲ့ကြရပါပြီ။ ဟစ်တလာရဲ့ ရက်စက်ကြမ်းကြုတ်မှုမျိုးဟာ အတိတ်သမိုင်းမှာလဲ ရှိကောင်း ရှိခဲ့ပါလိမ့်မယ်။ ဒါပေမယ့် ဂျူးတွေကို အမျိုးပါဖြုတ်ဖို့ စနစ်တကျစီစဉ် သတ်ဖြတ်ခဲ့မှုမျိုးတွေ၊ နာဇီအကျဉ်းစခန်းတွေထဲက အသည်းတုန်စရာ ဖြစ်ရပ်တွေကိုတော့ ဘယ်သမိုင်း၊ ဘယ်ဖြစ်ရပ်ကမှ လိုက်လို့ မမီအောင် ဆိုးရွားခဲ့ပါတယ်။

ရုရှတော်လှန်ရေးဟာလဲ ရက်စက်ပုံ ရက်စက်နည်းမှာ မလွန်ဘူးလား။ ထားလိုက်ဦးတော့ အတိုင်းအတာ ကျယ်ဝန်းကြီးမားလိုက်တာ ကတော့ဖြင့် သမိုင်းမှာ ဘယ်တော်လှန်ရေးမှ လိုက်လို့မမီပါဘူး။ လူမှု ပြောင်းလဲရေးကြီးနဲ့ ဆက်စပ်ပြီး ဘယ်လောက်ပဲ ပြောနေနေ လူမဆန်လောက်တဲ့ ရက်စက်ကြမ်းကြုတ်မှုကြီးဆိုတဲ့ အဖြစ်ကတော့ တစ်ပြားသားမှ လျော့မသွားပါဘူး။





ရုတ်တရက် ကြည့်လိုက်ရင် အဲဒါတွေ လောက်အသည်းတုန် ရင်တုန်စရာ မဟုတ်သော်လည်း စိမ့်ပြီး သတိထားလောက်တဲ့ အချက်ကြီးက အဲဒီ တိုင်းပြည်ကြီးနှစ်ခုမှာ ပေါ်ပေါက်ခဲ့တဲ့ 'ဘဝခံယူချက် ဒဿန' ကြီးတွေပါပဲ။

ဂျာမဏီမှာတော့ 'သွေးနှင့်မြေကြီး' ဆိုတဲ့ ဝါဒ။ ရုရှမှာတော့ ရုပ်လုံးပီပီပြင်ပြင် မပေါ်သေးလို့ ပိုပြီး ဇဝေဇဝါနိုင်နေဆဲပါပဲ။ ရုရှဗော်လ်ရှီဗစ်ဝါဒနဲ့ ဂျာမဏီ နာဇီဝါဒကို တစ်ခါတစ်ရံ ကိုးကွယ်ရာ ဘာသာရေး အသစ်ရယ်လို့ ပြောတတ်ကြပါတယ်။ အဲဒါဟာဖြင့် လူ့စိတ်မှာ 'ဟာ' သွားတဲ့ဖြစ်ရပ်ကို ထင်ရှားစေလှပါတယ်။ ဘဝကို ထိန်းကျောင်းဖို့ ခိုင်မာတဲ့စည်းကမ်းတို့၊ ကိုးကွယ်စရာ ဘုရားတို့ လိုအပ်တယ်ဆိုတာ သိသာလှပါတယ်။ ဒီတော့ ပတ်စကယ်လ်ရဲ့- 'ကိုးကွယ်လိုခြင်း၊ ချစ်လိုခြင်းမှာ လူ့သဘာဝကြီးဖြစ်သည်။ ဓမ္မကို မကိုးကွယ်ရ မချစ်ရလျှင် အဓမ္မဘက်ကို လှမ်းပြီး တွယ်ဖက်တော့မည်သာ ဖြစ်သည်။' ဆိုတဲ့စကားကို ကျပ်ကျပ် သတိရနိုင်လေကောင်းလေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ပညာရေးနှင့် စာရိတ္တပျိုးထောင်မှု (၃)

ဒီကနေ့ ပညာရေးဟာ ဒီလိုကိစ္စမျိုးတွေနဲ့ ဘာမှမဆိုင်သလို ဖြစ်နေတယ်လို့ ကျွန်တော် အောက်မေ့နေမိတယ်။ စစ်ကြီး ပြီးတဲ့နောက်မှာ ပညာရေးရဲ့ အရေးပါပုံကို ပိုပြီးသဘောပေါက် လာကြတယ်။ တက်တက်ကြွကြွ စိတ်ဝင်စားလာကြတယ်။ ဒါပေမယ့် စိတ်ဝင်စားကြပုံက (ယုတ်စွအဆုံး ကျွန်တော်တို့ အင်္ဂလန်မှာပေါ့လေ) ကျောင်းအမျိုးအစားပုံစံ၊ သင်ရိုးညွှန်းတမ်းပုံစံ စတဲ့ ပညာရေးယန္တရားတွေကိုသာ စိတ်ဝင်စားနေကြပါတယ်။ တကယ့် ပဓာနကျတဲ့ စာရိတ္တမြှင့်တင်ရေးမျိုးကို မဟုတ်ဘူး။ ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်တွေကလဲ အဲဒီလူ့ဘဝရဲ့ အရေးကြီးဆုံး ကိစ္စကလွဲရင် ဘာကိစ္စမျိုးကိုမဆို ဖြည့်ဆည်းပေးလိုက်ဖို့ အသင့်ပါဘဲ ဆိုသလို ဖြစ်နေတယ်။

တချို့သော ကျောင်းကတော့ အဲဒီ စာရိတ္တကိစ္စကို သေသေချာချာ လုပ်ဆောင်နေကြတာ အမှန်ပါ





ဘဲ။ တချို့ကျတော့လဲ အတန်အသင့်ပေါ့လေ။ သင်ကြားမှုရဲ့ ရည်ရွယ်ချက်မှာ စာရိတ္တကိစ္စကို မထည့်သွင်းတဲ့ ကျောင်းရယ်လို့တော့ဖြင့် မရှိပေဘူးပေါ့။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ခေတ်သစ်ပညာရေး သဘောတရားမှာ ပလေတိုရဲ့ 'သမ္မတနိုင်ငံတော်' (Republic) နဲ့ ယှဉ်နိုင်လောက်တာတော့ ဘာတစ်ခုမှ မရှိတာ အမှန်ဘဲ။ ပညာရေးနဲ့ ပတ်သက်ပလားဆိုရင် ပလေတိုရဲ့ 'သမ္မတနိုင်ငံတော်' ဟာ ဒီနေ့အထိ ပြိုင်ဘက် ကင်းနေဆဲပါဘဲ။ ကျွန်တော်တို့ လျစ်လျူရှုထားတဲ့ ကိစ္စကို ပလေတိုက မြင်ခဲ့တယ်။ ပညာရေးဟာ နိုင်ငံတော်ရဲ့ အခြေခံအုတ်မြစ်ဘဲ ဆိုတာကို ညွှန်းခဲ့ရုံမျှမက ပညာရေးရဲ့အနှစ်သာရ၊ ပညာရေးရဲ့ အဆုံးစွန်သော ပန်းတိုင်ဟာ စာရိတ္တ ပျိုးထောင်ရေးဘဲ ဖြစ်တယ် ဆိုတာကိုလည်း မြင်ခဲ့တယ်။ အဲဒါကိုလဲ ကာယ၊ ဉာဏ၊ စိတ္တကို ကြပ်မတ်ထူထောင်နိုင်မှသာ အောင်မြင်နိုင်တယ် ဆိုတာကိုလဲ မြင်ခဲ့တယ်။ အဲဒီ ပန်းတိုင်ကြီးကို ဦးတည်ပြီး ပညာရေးပုံစံကို ချမှတ်ခဲ့တယ်။ ဒီလို စာရိတ္တဦးစားပေးပုံစံကို ချမှတ်ထားပကောရယ်လို့ အသိပညာ ပွံ့ဖြိုးရေးကို ချန်ထားခဲ့သလား၊ အဟန့်အတား ဖြစ်ခဲ့သလားလို့ ဆိုပြန်တော့လဲ မဖြစ်ဘူး။ အသိပညာ ပွံ့ဖြိုးမှုနဲ့ စာရိတ္တပျိုးထောင်မှုဟာ သဟဇာတကို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့တာဘဲ။ ကျွန်တော်တို့မှာတော့ ဒီပြဿနာကို ရင်ဆိုင် ဖြေရှင်းကြပြီ ဆိုရင်တောင်မှ ခုထက်ထိ ဟုတ်လိုဟုတ်ငြား စမ်းတဝါးဝါး ဖြစ်နေကြဆဲပါဘဲ။

အဲဒီလို စာရိတ္တမြှင့်တင်ရေးမှာ ကျွန်တော်တို့က တစ်ခါမှ အလေးအနက် ဇောက်ချပြီး မလုပ်ခဲ့ဖူးလေတော့ စာရိတ္တတိုးတက် မလာတာလဲ ဘာမှ အံ့သြစရာ မဟုတ်ဘူးပေါ့ ခင်ဗျာ။ လူကျန်းမာဖို့အတွက်တော့ဖြင့် ကျန်းမာရေးမှာ အချိန်ကုန် စိတ်ပင်ပန်းခံပြီး ကျွန်တော်တို့ ကြိုးစားပမ်းစား လုပ်ခဲ့ကြတယ်။

ကဲ - စာရိတ္တကျန်းမာရေးအတွက် ကျွန်တော်တို့ ဘာတွေများ လုပ်ခဲ့ကြလို့လဲ။ ကျွန်တော်တို့ရဲ့ ကိုယ်ကျင့်တရား ရောဂါ (အဲ - ရောဂါလို့ပဲ ဆိုလိုက်ကြပါစို့) အဲဒီရောဂါကို ကျွန်တော်တို့ ကုစားနေကြပုံက တကယ့်ကိုပဲ ဟို ၁၈-ရာစုလောက်ဆီက ဆေးပညာ အတိုင်းကို ဖြစ်နေတာပဲ။ ဟိုဟိုဒီဒီ တစ်ကွက်ကောင်းကလေးတွေတော့ ရှိပါရဲ့။ အလုံးစုံအနေနဲ့ကျတော့ မဟန်ဘူး။ အားလုံး ခြုံကြည့်လိုက်ရင် ဘာမှမတိုးတက်ဘူး။ တကယ်တိုးတက်ဖို့ ဆိုတာက လေးလေးနက်နက် ကြံဆ တိတိကျကျလေ့လာ၊ စနစ်တကျ ကုစားပါမှ ဖြစ်နိုင်တာကိုး။

လူ့လောကကြီးအတွက် ပညာရေးလုပ်ငန်း





ဆောင်တာမှာ စာရိတ္တပျိုးထောင်ရေးကို ဦးစားပေးရမယ်လို့ ကျွန်တော်က ဆိုလိုက်တော့ ကန့်ကွက်ချက် သုံးခု ပေါ်လာနိုင်ပါတယ်။ အဲဒါတွေက (၁) ဒီကိစ္စကို လုပ်နေသားပဲ။ (၂) အဲဒါလုပ်လို့ မဖြစ်နိုင်ဘူး။ (၃) အဲဒါ သိပ်အန္တရာယ်ကြီးတယ် ဆိုတာတွေပါပဲ။

ကောင်းပြီ - ကျွန်တော်တို့ တစ်ခုစီ ဆန်းစစ်ကြည့်ကြရအောင်။ နံပါတ် (၁) - စာရိတ္တပဲ့ပြင်မှုကို လုပ်နေကြသားပဲဆိုတာ အမှန်ပါပဲ။ ဟိုတစ်ချက် ဒီတစ်ကွက် အောင်မြင်မှုကလေးတွေကိုလဲ ရနေကြပါတယ်။ အဲဒါကို သေချာစဉ်းစားကြည့်လိုက်ရင် ကျွန်တော်တို့ တကယ်သာ အားသွန်ခွန်စိုက် လုပ်လိုက်ကြမယ်ဆိုရင် အောင်မြင်မှုကြီးကို ရနိုင်တဲ့ စွမ်းပကား ကျွန်တော်တို့မှာ ရှိနေကြောင်း မထင်ရှားပေဘူးလား။ ဒါပေမယ့် ပညာရေး ပန်းဥယျာဉ်ကြီးထဲက ဥယျာဉ်မှူးတွေဟာ ဒီအတိုင်းအတာ လောက်ကလေးနဲ့ပဲ ကျေနပ်ပြီး တာဝန်ကျေနေကြတယ်။ ဘယ်လိုစိုက်လို့ ဘယ်လိုပျိုးလိုက်ရင် ဘယ်လိုပန်းမျိုး ရောင်စုံ ဖြာလာနိုင်တယ် ဆိုတာကို မစဉ်းစားကြတော့ဘူး။

ဒီလိုပြောလိုက်တာနဲ့ သက်သက်သာသာ ဒူးနှံ့နေရာက စိတ်ဓာတ်ကျသွားဖို့လဲ မလိုပါဘူး။ 'စာရိတ္တဆိုတာ ပျိုးထောင်လို့ မရဘူး၊ ပြုပြင်လို့ မရဘူး' မောဟ



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းသား ပုထုဇဉ်လူသားမို့ ပဲ့ပြင်လို့ မရနိုင်စကောင်းဘူး' လို့ ပြောနေကြတဲ့ လူတွေရဲ့ စကားကို နားယောင်နေဖို့ မလိုပါဘူး။ မာ့ခ်တွိန်းရဲ့ ဝတ္ထုတစ်ပုဒ်ထဲကလူလို အဖြစ်ခံလို့ ဘယ်မှာတော်နိုင်ပါ့မလဲ။ အဲဒီလူက အကျဉ်းထောင်ထဲမှာ ဆယ့်ခြောက်နှစ်လုံးလုံး နေပြီးမှ နောက်ဆုံး တံခါးကို တွန်းကြည့်လိုက်တော့ လားလား၊ တံခါးက ဘယ်တုန်းကမှ သော့မခတ်ထားခဲ့မှန်း သိပြီး အသာထွက်လာခဲ့ရတယ်။ ကျွန်တော်တို့ လူသားတစ်ရပ်လုံးဟာလဲ ဘာရယ်မဟုတ်နဲ့ နှစ်ရှည်လများ ထောင်ထဲမှာ ဘာကြောင့်နေရမှာလဲ။ နဲနဲလေး ကြိုးစားလိုက်ရုံနဲ့ လွတ်မြောက် နိုင်မယ့်လမ်းကို မလိုက်သင့်ကြပေဘူးလား။ ဘာကြောင့်လဲဆိုတော့-စာရိတ္တပဲ့ပြင်မှုဟာ အလွန်ကိုလွယ်ကူကြောင်းထင်ရှားနေလို့ပါဘဲ။ လွယ်လိုက်သမှ ကြောက်ခမန်းလန့်ခမန်းကို လွယ်ပါတယ်။'ပညာပေးထိပ်သီးကြီး'ပါဘဲရယ်လို့ ထိုက်ထိုက်တန်တန် ညွှန်းကြရတဲ့ ဟာစ်တလာဟာ ဂျာမန်လူငယ်တွေကို ခြောက်နှစ်လောက် ကာလလေးအတွင်းမှာ ဘယ်လိုဖြစ်သွားအောင် လုပ်နိုင်ခဲ့သလဲ ဆိုတာကို ပြန်ပြီး စဉ်းစားကြည့်ပေါ့။ စာသင်ကျောင်းနဲ့ ပတ်သက်လို့ ရှိရင်လဲ နာမည်ကျော် 'ရပ်ဘီ' ကျောင်းအုပ်ကြီး 'သောမတ်စ်အာနိုး'





ဟာ သူရဲ့ရင့်ကျက်တဲ့ ကိုယ်ကျင့်သိက္ခာ ခွန်အားကြီးကြောင့် တစ်ကြောင်း၊ ပြဿနာကို အသေးစိတ်လေ့လာမှု မပြုရသေးဘဲနဲ့တောင် သေချာစိစစ်ရွေးချယ်ထားတဲ့ နည်းကောင်း လမ်းကောင်းများကို သုံးစွဲခဲ့လို့ တစ်ကြောင်း ဘယ်လောက် အောင်မြင်ခဲ့တယ် ဆိုတာကို ပြန်ပြီး စဉ်းစားကြည့်ပေါ့။

နံပါတ် (၃) ဖြစ်တဲ့- စာရိတ္တပဲ့ပြင်မှုဟာ အန္တရာယ်ကြီးလှပါတယ် ဆိုတဲ့ လူကိုတော့ ကျွန်တော်နဲနဲပိုပြီး ကြင်နာမိသလိုလို ရှိပါတယ်။ ဒါပေမယ့် သူက သမ္မာကျမ်းစာထဲက 'ငွေခွက်တစ်ဆယ် ရတဲ့ကျွန်' နဲ့ တူနေပါတယ်။ တခြားကျွန်တွေက ဝံ့ဝံ့စားစား လုပ်ကြပေမယ့် သူကလန့်ပြီး မစွန့်စားဝံ့တာကြောင့် နောက်ဆုံးမှာ အခွင့်အရေးကို မသုံးတတ်တဲ့အတွက် မောင်းမဲရှုတ်ချခံရတဲ့ အဖြစ်ကို ရောက်သွားခဲ့ရပါတယ်။

ကလေးတစ်ယောက်ရဲ့ စိတ်ဓာတ်ကို ပုံသွင်းမပေးဘဲနဲ့ စာရိတ္တကို ပျိုးထောင်ဖို့ဆိုတာဟာ လုံးဝမဖြစ်နိုင်ပါဘူး။ ကိုယ့်သားသမီးကို လောဘကြီးအောင်၊ ညစ်ပတ်အောင်၊ ရက်စက်အောင်၊ အတ္တကြီးအောင်၊ လိမ်ညာတတ်အောင်၊ ဘယ်မိဘများ သင်ပေးသလဲ။ ပတ်ဝန်းကျင်ဩဇာ အရောက်မခံဘဲ သီးသန့် ရှင်သန်ချင်တဲ့ 'ကင်းလွတ်ဝါဒီ' တစ်ယောက်ဘဲ ဖြစ်နေပါစေဦး



www.burmeseclassic.com

www.burmeseclassic.com



တော့ သူလဲ 'ကင်းလွတ်ဝါဒ' (Libertarianism) ကို တော့ စွဲကိုင်ထားမိနေတာဘဲ မဟုတ်လား။ ကလေးကို အဲဒီလို ကင်းလွတ်စွာ ဖွံ့ဖြိုးအောင် လုပ်တယ်ဆိုရင်ပဲ အဲဒီလမ်းကြောင်းကို ကလေးက ရွေးတာလား၊ သူက ရွေးချယ်လာတာလား။ လူကြီးက ရွေးချယ်ပေးတာပဲ မဟုတ်လား။ သူချမှတ်ထားတဲ့ ပတ်ဝန်းကျင်ကို ကလေးက ကောင်းတယ်လို့ ထင်လာအောင် အဲဒါနဲ့ ဆန့်ကျင်တာကို မကောင်းဘူးလို့ ထင်လာအောင် သူကပဲ ဖန်တီးလိုက်တာပဲ မဟုတ်လား။

ကလေး တစ်ယောက်ကို ပြင်ပဝန်းကျင်ဩဇာ မခံရဘဲ လွတ်လွတ်လပ်လပ် သီးသန့်ဖွံ့ဖြိုးစေချင်ပါတယ်ဆိုတဲ့ လူတွေဟာ အီဂျစ်ရှင်ဘုရင်တစ်ပါး အကြောင်း ဖတ်ကြည့်လိုက်ဖို့ ကောင်းပါတယ်။ လူရဲ့ မူရင်းဘာသာစကားဟာ ဘယ်ဘာသာ စကားဖြစ်မလဲ ဆိုတာကို သိချင်တော့ မွေးကင်းစ ကလေးနှစ်ယောက် ကိုယူ၊ ဆိတ်ကျောင်းသားတွေဆီမှာ အပ်ထား၊ သူတို့ ကြားလောက်တဲ့နေရာမှာ ဘယ်သူမှစကားမပြောရ၊ သူတို့ကို သီးသန့်တဲကလေး တစ်လုံးမှာ ထားစေ၊ ဒါပေမယ့် အချိန်တန်တော့ ဆိတ်ကျောင်းသားက ဆိတ်တွေကို ယူသွား၊ ကလေးတွေကို ဆိတ်နို့တိုက်။ အဲဒီ အီဂျစ်ဘုရင် 'ဆမ္မေတိကပ်စ်' ရဲ့ ရည်ရွယ်ချက်က





ကလေးတွေဟာ ဝူးဝူးဝါးဝါး လုပ်တတ်တဲ့ အရွယ်ကို လွန်မြောက်လာကြတဲ့အခါ ဘယ်ဘာသာစကားကို စပြီး ပြောကြလေမလဲဆိုတာကို သိချင်လို့ လုပ်ခဲ့တာ ပါဘဲ။ ကျွန်တော်တို့ရဲ့ 'ကင်းလွတ်ဝါဒီ' တွေဟာ 'ဆမ္မေတိကပ်' ဘုရင်ကြီးလောက်တောင် စနစ်တကျ လုပ်နိုင်ကြတာ မဟုတ်ပါဘူး။

စာရိတ္တပျိုးထောင်မှုက အတော့်ကို အန္တရာယ် ကြီးလေတော့တာကာ အဲဒီအန္တရာယ်ကို ပြက်ပြက် ထင်ထင် သိပြီးမှ လုပ်ဆောင်သင့်တယ် ဆိုတာကတော့ အမှန်ပါဘဲ။ လူသားတည်းဟူသော တူရိယာကို ဂီတသံ ငြိမ့်ငြိမ့် ညောင်းညောင်း ထွက်လာစေချင်သပဆိုရင် တတ်ကျွမ်းတေး သံစဉ်ကျအောင် ပေါင်းစပ်ပေးကြရမှာပေါ့။ သိမ်မွေ့ခြင်းနဲ့ ရဲရင့်ခြင်း၊ ဝံ့စားခြင်းနဲ့ သတိကြီးခြင်း၊ တွယ်တာခြင်းနဲ့ ရှို့ကျိုးခြင်း၊ သည်းခံခြင်းနဲ့ ပြတ်သား ခြင်း၊ မိမိကိုယ်ကို ယုံကြည်ခြင်းနဲ့ နှိမ့်ချခြင်း၊ ခိုင်မာခြင်း နဲ့ လွတ်လပ် ပျော့ပြောင်းခြင်း- ဒါတွေကို သမမျှတစွာ ပေါင်းစပ်ပေးနိုင်ရမှာပေါ့။ လူတစ်ယောက်ကို ဖန်တီး လိုက်ဖို့ဆိုတာ ခက်ခဲသလောက် အန္တရာယ်လဲ ကြီးပါ တယ်။ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်သွားနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပတ်ဝန်းကျင်ကို ကြည့်လိုက် မယ်ဆိုရင် ကျွန်တော်တို့ လုပ်ခဲ့တာတွေက များသော



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် မှားယွင်းနေကြလို့သာ သတ္တန္တရ ကပ်ဆိုးကြီးတွေ ဆိုက်နေရတယ်ဆိုတာ သိသာနေပါတယ်။ သို့သော်လည်း အပြောင်းအလဲလေး ဖြစ်လာတော့မယ့် နိမိတ်လက္ခဏာလေး တစ်ခုကိုတော့ တွေ့လာရပါပြီ။ ခုအခိုက်အတန့်မှာတော့ဖြင့် ဓမ္မဟောင်း ကျမ်းစာထဲမှာ ပါတဲ့ 'ကရမေလ' မှာ 'ဧလိယ' မြင်လိုက်ရတဲ့ လူရဲ့ လက်သဏ္ဌာန်မှာ တိမ်မဲစက်ကလေး လောက်ဘဲပေါ့လေ။

ပထမကမ္ဘာစစ်ကြီး ပြီးစက 'ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး' ဆိုတဲ့စကား ပေါ်လာခဲ့တယ်။ ကောင်းကျိုးတော့ဖြင့် မည်မည်ရရ မပေါ်ခဲ့ပါဘူး။ ဒုတိယ ကမ္ဘာစစ်ကြီး အပြီးမှာတော့ နောက်စကားတစ်မျိုး ပေါ်လာပြန်တယ်။ အဲဒါက ရန်သူနိုင်ငံများနဲ့ တကွ ကမ္ဘာကြီးကို 'မွမ်းမံပညာပေးရမယ်' ဆိုတဲ့ စကားပါဘဲ။ (ပထမ ကမ္ဘာစစ်ကြီး အပြီးတုန်းက ဂျာမဏီနဲ့ ပတ်သက်ပြီး ဒီလို မွမ်းမံ ပညာပေးရမယ်ဆိုတဲ့ စကားမျိုး တစ်ခါမျှ မသုံးခဲ့ပါဘူး။ ) ဒီစကားဟာဖြင့် တိမ်မယောင်နဲ့ နက်တဲ့စကားတွေပါဘဲ။ နိုင်ငံရေး ပြဿနာတွေရဲ့ ဇစ်မြစ်ဟာ လူ့သဘာဝဖြစ်တယ် ဆိုတာကို သဘောပေါက်လာရာလဲ ရောက်ပါတယ်။ အဖွဲ့အစည်း အုပ်စုဆိုတာတွေထက် လူ့သဘာဝက





သာ ပိုပြီးပဓာနကျတယ် ဆိုတာကို သုံးသပ်မိစ ပြုလာတဲ့သဘောကို ဆောင်ပါတယ်။ ခုနေမှာတော့ဖြင့် စကားရိပ်ကလေးပဲ ရှိနေသေးလို့ စိတ်ကူးက မပီပြင်လှသေးဘူး။ နောက်ပြီး 'ရန်သူနိုင်ငံတွေ' ဆိုတဲ့ အကန့်အသတ်ကလဲ ရှိနေသေးတယ်။

'မွမ်းမံပညာပေးမှု' ဆိုတာက ဟုတ်ပြီ၊ ဒါပေမယ့် ဘယ်လို မွမ်းမံပညာပေးကြမလဲ ဆိုတာက ပြတ်ပြတ်သားသား မရှိသေးဘူး။ စပြီးအကောင်အထည် ဖော်ကြဖို့ ဆိုတာကတော့ ဝေလာဝေးပေါ့။ နောက်ပြီး ဂျာမဏီနဲ့ ဂျပန်ကိုသာလျှင် မဟုတ်ဘူး၊ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့လည်း မွမ်းမံပညာပေးရမယ် ဆိုတာကို သတိပြုမိပုံ မရကြဘူး။ ဘာပဲဖြစ်ဖြစ် ဒီစကားလေး ပေါ်လာတာကတော့ အလားအလာ ကောင်းမယ့် နိမိတ်ပါဘဲ။ ကမ္ဘာကြီးမှာ လိုအပ်နေတာက ပညာရေး မွမ်းမံမှုဘဲ။ ကိုယ့်ရည်မှန်းချက်ကိုလည်း ကြည်ကြည်လင်လင် သဘောပေါက်၊ အကောင်းဆုံးနည်းလမ်းကိုလဲ သေသေချာချာရှာကြံပြီး ပယ်ပယ်နယ်နယ်ကြီး ရင်ဆိုင်ဖြေရှင်းပစ်လိုက်မှ ပညာရေးမွမ်းမံမှု အထမြောက်နိုင်မှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



<u>မြန်မာပြန်သူ၏မှတ်ချက်</u>

'ငွေအခွက်တစ်ဆယ်ကို ခံယူသောကျွန်' ဆိုသော စကားမှာ ခရစ်ယာန် ဓမ္မသစ်ကျမ်းမှ ကောက်နုတ်ပြောဆိုလိုက်သော ပုံပြင်ဖြစ်ပါသည်။ လူတစ်ဦးသည် အရပ်တစ်ပါးသို့ သွားမည်ရှိသည့်အခါ မိမိ၏ကျေးကျွန်သုံးဦးကို ခေါ်ယူပြီးနောက် တစ်ယောက်အား ငွေအခွက်ငါးဆယ်၊ တစ်ယောက်ကို အခွက်နှစ်ဆယ်၊ တစ်ယောက်ကို ငွေအခွက်တစ်ဆယ် ပေးထားခဲ့၏။ သခင် အရပ်တစ်ပါးမှ ပြန်လာသောအခါ ငွေအခွက် ငါးဆယ်ရသော ကျွန်သည် အတိုးပွားသည်ဖြစ်၍ မိမိသခင်အား အရင်းကိုပြန်ဆပ်ပြီး အခွက်ငါးဆယ် တိုးပွားကြောင်း ပြောသည်။ အခွက်နှစ်ဆယ်ခံယူသူလည်း ထိုနည်းတူ ၎င်းအခွက်နှစ်ဆယ် တိုးပွားလျက် အရင်းကို ပြန်ပေး၏။ သခင်လည်း ထိုသူတို့အား 'သစ္စာလည်းရှိ ကြံရည်လည်းရှိ၏' ဟု ချီးမွမ်းမြှောက်စား၏။ အခွက်တစ်ဆယ်ကို ခံယူသူက သခင်၏ငွေ ဆုံးရှုံးအံ့မည်စိုး၍ မြေ၌မြှုပ်ထားသော ငွေအခွက်တစ်ဆယ်ကိုသာ ပြန်ထုတ်ပေးနိုင်၏။ သခင်လည်း ထိုသူအား 'အခွင့်အရေးကို မသုံးစွဲတတ်သောလူမိုက်' ဟု ကြိမ်းမောင်း နှင်ထုတ်လေ၏။

(မဿဲ၊ ၂၅ : ၁၄-၃၀)





'ဧလိယ မြင်လိုက်ရသော မိုးတိမ်' ဆိုသည်မှာ ခရစ်ယာန် ဓမ္မဟောင်းကျမ်းစာမှ ထုတ်နုတ်ပြောဆိုလိုက်ခြင်း ဖြစ်ပါသည်။ 'ရှမာရိ' မြို့၌ သုံးနှစ်တိုင်မိုးခေါင်သောကြောင့် အစာရေစာ ငတ်မွတ် ခေါင်းပါးခြင်း ဖြစ်ကြရသည်။ ထာဝရဘုရားသခင်သည် ပရောဖက် 'ဧလိယ' အား မြေပြင်၌ မိုးရွာစေတော့မည်ဟု အသံတော် ကြားစေ၏။ ထို့နောက် 'ကရမေလ' တောင်ပေါ်မှ လှမ်းမျှော်ကြည့်ရှုရာတွင် လူ၏လက်သဏ္ဌာန်ရှိသော မိုးတိမ်ငယ် တစ်ခုကို တွေ့ရသည်။ မကြာမီတွင် မိုးကြီး သည်းထန်စွာ ရွာသွန်းလာတော့သည်။

(ဓမ္မရာဇဝင် ၃။ ၁၈ : ၄၂-၄၄)

<u>သိပ္ပံက လူသားတွေအတွက်</u>
<u>ကြီးစွာသော အကူအညီ ပေးနိုင်ခဲ့တာ မှန်ပါတယ်။</u>
<u>ဒါပေမယ့် 'လူသားဝါဒ' လို့ ခေါ်တဲ့</u>
<u>လူသားတို့ မြင့်မြတ်လာစေမှု</u>
<u>အတွက်တော့</u>
<u>ဘာအကူအညီကိုမှ မပေးနိုင်ခဲ့ပါဘူး။</u>



www.burmeseclassic.com

www.burmeseclassic.com

# ပညာရေးနှင့် စာရိတ္တပျိုးထောင်မှု (၄)

မကြာခင် ကာလမှာတော့ဖြင့် ပညာရေးဟာလည်း ဆေးပညာမှာလိုပဲ ဖြစ်လာကောင်းပါရဲ့လို့ အောက်မေ့ရတာပါပဲ။ လူတစ်ယောက်ဟာ လည်ချောင်း ကွဲလာရင်၊ ဒါမှမဟုတ် အဆုတ်တို့ နှလုံးတို့ စသည်အားဖြင့် ဟိုဟာ ဒီဟာချွတ်ယွင်းလာရင် ဟိုဆေးသည်ဆေး ညွှန်းကြတယ် မဟုတ်လား။ ဒီလို မဟုတ်လို့ ဒူလာမြင်းသရိုက်လိုဟာမျိုး ဆိုပြန်ရင်လည်း ဟိုဟာ မလုပ်နဲ့၊ သည်ဟာလုပ်ပါ စသည်အားဖြင့် ရှောင်ရန်၊ ဆောင်ရန်တွေကို ညွှန်းကြတယ် မဟုတ်လား။ ဆေးပညာက 'ရုပ်' ကြံ့ခိုင်အောင်၊ ရောဂါဝင်မယ် ထင်ပြန်ရင်လည်း မဝင်အောင် စောင့်ရှောက်ပေးတယ်။

အဲဒီလိုပဲ ပညာရေးကလည်း စာရိတ္တကျန်းမာကြံ့ခိုင်အောင် စောင့်ရှောက် မပေးနိုင်ဘူးလား၊ မပေး





သင့်ပေဘူးလား။ မိဘတွေနဲ့ ဆရာတွေဟာ ကလေးတွေ မပျက်စီးရလေအောင် အနည်းနဲ့အများတော့ လုပ်နေကြတာပဲ။ အဲဒါကို ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်ကြတော့ဘူးတဲ့လား။ လူသားတွေ 'အကုသိုလ်' ပွားမယ့်လမ်းကို တားပြီး 'ကုသိုလ်' ပွားလောက်မယ့် လမ်းတွေကို မဖန်တီးနိုင်ကြတော့ဘူးလား။ အနည်းနဲ့အများ ကျွန်တော်တို့ လုပ်နေကြတာပဲ မဟုတ်လား။ အဲဒါကို ဒီထက်ပိုပြီး သိပ္ပံနည်းကျကျ၊ စနစ်တကျ မလုပ်နိုင်ကြတော့ဘူးတဲ့လား။ စိတ်ဓာတ် စာရိတ္တကို ကုစားရာမှာ 'ကိန်းသေ' နည်းရယ်လို့တော့ တစ်ထစ်ချ မရှိနိုင်ဘူးပေါ့၊ ဆေးပညာမှာကော 'ဆေးသေ' နည်းရယ်လို့ ရှိနိုင်လို့လား။

ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ။ ဘယ်လို အရည်အသွေးတွေ လိုအပ်သလဲ၊ ဘယ်လို ဖွံ့ဖြိုးအောင် လုပ်ကြမလဲရယ်လို့ အကောင်းဆုံးနည်းလမ်းကို ရှာကြရမှာပေါ့။ ကိုယ့်လူမျိုး သူ့လူမျိုးတွေမှာ ရှိနေတဲ့ ကောင်းကွက် ညံ့ကွက်တွေကို လေ့လာမှတ်သားပြီး အဲဒါတွေရဲ့ အကြောင်းအရင်းတွေကို ရှာကြည့်ကြရမှာပဲ။ အဲဒီလိုပဲ ကျွန်တော်တို့ ခေတ်ကာလကြီးမှာ စာရိတ္တ ပျက်ပုံပျက်နည်းတွေကို စူးစမ်းရှာဖွေပြီး ပျက်စီးအောင် တိုက်စားသွားခဲ့တဲ့ အကြောင်းရင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီး ကုစားကြရမှာပဲ။ ဒီလို မဟုတ်လား။

စိတ်ပညာရှင်တွေရဲ့ အကူအညီကိုလည်း ယူကြရမှာပဲပေါ့။ သူတို့ရဲ့ သဘောတရားဆိုတာတွေက အန္တရာယ်ကြီးတတ်တာ မှန်ပေမယ့် အဲဒါတွေကို ပစ်ထားလို့လည်း ရတာမဟုတ်ပြန်ဘူး၊ ကလေးတွေကို 'မကောင်းမြစ်တာ ကောင်းရာညွှန်လတ်' လုပ်ပြီး စာရိတ္တ ပုံသွင်းနေတဲ့ လက်တွေ့ဆရာ၊ ဆရာမတွေရဲ့ ဆင်ခြင်တိုင်းထွာမှုတွေနဲ့လည်း ညှိနှိုင်း၊ ကိုယ်ပိုင်ဉာဏ်နဲ့လည်း ချင့်ချိန် ဆောင်ရွက်ကြရမှာပေါ့။

ပညာရေးပါရဂူတွေ အားလုံးက ဒီကိစ္စကို စိတ်ဝင်တစား ရှိကြပါတယ်။ ဒါပေမယ့် လက်တွေ့စမ်းသပ်တွေ့ရှိမှုက သဘောတရားထက် ပိုပြီး လမ်းညွှန်မှုကို ပေးနိုင်ပါတယ်။ သဘောတရား ဆိုတာက 'မျှော်မှန်း' နိုင်တာကို ညွှန်းတယ်။ လက်တွေ့စမ်းသပ်မှု ဆိုတာက 'ရနိုင်' တာကို ညွှန်းတယ်။ စာရိတ္တပျိုးထောင်မှုနဲ့ ပတ်သက်ပြီး တကယ်တမ်း လုပ်ရင် ဘယ်လောက်ထိ အောင်မြင်နိုင်တယ် ဆိုတာကို တချို့စမ်းသပ်မှုတွေမှာ တွေ့လာရတယ်။ အဲဒီ အထဲမှာ အကောင်းဆုံး နမူနာတစ်ခုဟာ အင်္ဂလန်က ထွက်ပေါ်လာခဲ့ပါတယ်။ 'ထောမတ်စ်အာနိုးလ်' ပါပဲ။ ဒီပုဂ္ဂိုလ်ကြီးရဲ့ 'သန္တာန်' ဂုဏ်ပုဒ်များသောအားဖြင့် 'လစ်တန်





စထရက်ချီ' ရဲ့ ပုံတူ ရုပ်ပြောင်းကြောင့်သာ သိနေကြခြင်းဟာဖြင့် စိတ်မကောင်းစရာပါပဲ။ သူတပည့်တစ်ဦးဖြစ်သူ 'ဒင်းစတင်နလေ' ရေးတဲ့ စာအုပ်မှာမှ သူ့ဘဝ ရုပ်ပုံလွှာကို အတော်ကြီးတွေ့နိုင်ပါတယ်။ ဒီပညာရေး ပါရဂူကြီးဟာဖြင့် ကိုယ်ဘာလုပ်ချင်တယ် ဆိုတာကို ကျကျနနသိပြီး ပညာရေးမှာ တခြားဟာတွေထက် စာရိတ္တပျိုးထောင်မှုက ပိုပြီး အဓိကကျတယ်လို့ ဆုပ်ကိုင်ထားရုံမျှ မကဘဲ ပျိုးထောင်ရာမှာ တစ်ခြားနည်းလမ်းတွေအပြင် အသိပညာပါ ရောစွက်နိုင်မှသာ အောင်မြင်နိုင်တယ် ဆိုတာကိုလည်း အခိုင်အမာ ယုံကြည်သူ ဖြစ်ပါတယ်။

ဆရာကြီး ထောမတ်စ်အာနိုးလ် ဟာလည်း ပလေတိုနည်းတူ ပညာရေးကို အားသွန်ခွန်စိုက် လုပ်ခဲ့သူပါပဲ။ ဒါပေမယ့် ပလေတိုလောက် မနက်ရှိုင်းဘဲ သူ့ခေတ် သူ့အခါလောက်ကိုသာ ကန့်သတ်တဲ့ သဘောမျိုးတွေ့ကြရတယ်။ ဒါပေမယ့် အင်္ဂလန်ရဲ့ ပညာရေးသမိုင်း တစ်လျှောက်မှာဖြင့် ဒီပုဂ္ဂိုလ်ကြီးဟာ အကြီးမြင့်ဆုံးပါပဲ။ သူ့ရဲ့ ပညာရေးရည်မှန်းချက်တွေ၊ ပုံစံတွေ၊ နည်းနာတွေဟာ ဒီကနေ့တိုင်အောင် အင်္ဂလိပ် ပညာရေးကို နက်နက်ရှိုင်းရှိုင်း ဩဇာပြုနေဆဲပါပဲ။ စာရိတ္တပျိုးထောင်မှုနဲ့ ပတ်သက်ပြီး 'ဗစ်ယိုရိန်ဒါဖဲ



www.burmeseclassic.com

www.burmeseclassic.com



လထာ' တို့၊ 'ဂျေဆုတ်' ဂိုဏ်းတို့ရဲ့ အတွေ့အကြုံတွေကိုရော၊ အတိတ်ကဖြစ်ခဲ့တာတွေ၊ ပစ္စုပ္ပန်မှ ကြုံရတာတွေကိုပါ စူးစမ်းကြရမှာပေါ့။ လေ့လာကြတဲ့အခါမှာ အစွဲအလမ်းတွေကို ခွာပြီး ဓမ္မဓိဋ္ဌာန်ကျကျနဲ့ သူတို့ရဲ့ ပျော့ကွက်တွေရော ကောင်းကွက်တွေကိုပါ မြင်နိုင်အောင် ကြည့်ကြရမှာပါပဲ။ ဒါမှသာ ကျွန်တော်တို့အဖို့ဆောင်ရန် ရှောင်ရန်တွေကို ရလာနိုင်မှာ ဖြစ်ပါတယ်။ နောက်ပြီး ဆိုဗီယက်ရုရှနဲ့ နာဇီဂျာမန် (အဲ-ဆိုဗီယက်ရုရှ ခြေခြေမြစ်မြစ် သိပ်မသိကြရသေးဘူးပေါ့) သူတို့ရဲ့ တွေ့ရှိချက်တွေကိုလည်း ယုံကြည်တာ မယုံကြည်တာတွေကို အပထား၊ ချန်ထားလို့ ဘယ်မှာဖြစ်နိုင်ပါ့မလဲ။

နောက်ဆုံး အချက်ကတော့ ကျွန်တော်တို့ အင်္ဂလန်နိုင်ငံကြီးကို လည်ကုပ်ကိုင်ပြီးတော့ ပေးလိုက်တဲ့ အတွေ့အကြုံကြီးက ပညာယူလိုက်နိုင်ကြဖို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေရဲ့ အသိပညာနဲ့ ဦးနှောက်ကို ဖြစ်ဖြစ်မြောက်မြောက် သင်မပေးလိုက်နိုင်သော်လည်း စာရိတ္တကိုတော့ ခွန်နဲ့အားနဲ့ကို ထိထိရောက်ရောက်ကြီး သင်ပေးနိုင်စွမ်းရှိတဲ့ ပညာရေးကို ၁၉၃၉ က စပြီး ကြုံလိုက်ကြရပါတယ်။ တန်းမြင့်တို့၊ တက္ကသိုလ်တို့ရဲ့ ပရဝုဏ်ပြင်ပမှာ တကယ့်ကို အကိုင်





အတွယ်ကြမ်းတဲ့ ဆရာကြီးနဲ့ သင်ယူလိုက်ရတာပါပဲ။ အဲဒီ ဆရာကြီးကတော့ 'စစ်ကြီး' ပါပဲ ခင်ဗျာ။

၁၉၄၀ နဲ့ ၄၅ အတွင်းက အင်္ဂလန်နိုင်ငံဟာ ၁၉၃၉ အင်္ဂလန်ထက်ကို ပိုပြီးကောင်းခဲ့ပါတယ်။ လူတွေမှာ 'ဓားကြောက်လို့ ကျိုးကုတ်၊ တုတ်ကြောက်လို့ကျိုးနွံ' ဆိုတဲ့ လူရိုင်းစိတ်ဟာ ရှေးကထက် အဆမတန် လျော့နည်းသွားပါတယ်။ ကျားမ အဆင့်အတန်းမရွေး လူတွေဟာ သာမန်လူသားတွေထက် မြင့်မားတဲ့ လူသားများအဖြစ် အားလုံး ရောက်သွားခဲ့ကြပါတယ်။ ဒီကိစ္စဟာဖြင့် လမ်းကြောင်းပြမှု၊ လမ်းညွှန်မှု ဖြစ်နေပါတယ်။ ကျွန်တော်တို့ရဲ့ ပညာရေးကို စိတ်ဝင်စားသူတိုင်းအဖို့ 'လူ့စရိုက်အတွက် စစ်၏အကျိုးသက်ရောက်မှု' ဟာဖြင့် စူးစမ်းလေ့လာသင့်တဲ့ အကြောင်းအရာကြီး တစ်ခုဖြစ်ပါတယ်။ စစ်ကာလအတွင်း ဒီလို 'စိတ်ဓာတ်သစ်' တွေ ဘာကြောင့် ပေါ်လာခဲ့ရသလဲ ဆိုတာကို သေချာ သိလိုက်ရင် ငြိမ်းချမ်းတဲ့ ခေတ်ကျပ်ကြီးထဲမှာလဲ ဒီစိတ်ဓာတ်ကို ဆက်လက်ရှင်သန်နေအောင် ထိန်းသိမ်းကိုင်တွယ်ဖို့ နည်းလမ်းတွေ ရလာနိုင်စရာ အကြောင်းရှိပါတယ်။

စစ်ကြီးဟာ နှစ်ဆင့်ချိုး ပညာရေးကို ပေးလိုက်ပါတယ်။ တစ်မျိုးသားလုံးနဲ့ ဆိုင်နေတဲ့ ဘုံရည်မှန်းချက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ထိုးထည့်ပေးလိုက်တယ်။ အဲဒီ မီးလျှံကြီးက သေးဖွဲမှု၊ ကျဉ်းမြောင်းမှုတွေကို လောင်ကျွမ်းပစ်လိုက်တယ်။ နောက်- ဒီ 'ဘုံရည်မှန်းချက်ကြီး' ကြောင့် ပေါ်ပေါက်လာရတဲ့ စိတ်နေသဘောထားတွေ၊ ဆက်ဆံမှုတွေကိုပါ ထည့်ပေးလိုက်ပြန်တယ်။ တစ်မျိုးသားလုံးဟာ ဆွေမျိုး မိတ်သင်္ဂဟ အစုကလေးလိုကို ဖြစ်သွားတယ်။ တကယ်ဆိုတော့ 'အမျိုးသားစု' အစစ်ကို ဖြစ်သွားလိုက်တာပါပဲ။ စစ်ပြီးခေတ် ပညာရေးဟာ ဒီ 'စစ်' ဆိုတဲ့ 'ဆရာကြီး' ဆီက ဘာပညာတွေများ ရယူလိုက်နိုင်ခဲ့ပါလဲ။ 'စစ်ဆရာကြီး' က ယာယီအားဖြင့် သင်ပေးလိုက်တဲ့ 'ဘုံရည်မှန်းချက်ကြီး' နဲ့ 'သေတူ ရှင်ဘက် စိတ်ဓာတ်' ဒီနှစ်ပါးကို ငြိမ်းချမ်းတဲ့ ကာလမျိုးမှာ ဆက်လက် ရှင်သန်နေအောင် ကျွန်တော်တို့ ဘယ်လိုတောင့်ထားနိုင်ကြမလဲ။

ဒီလို တကယ့်လုပ်ငန်းကြီးအတွက် သေသေချာချာ စနစ်တကျ လုပ်ထားတဲ့ ပြင်ဆင်မှု တစ်ခုကိုတော့ တင်ပြလိုက်ချင်ပါတယ်။ ကျွန်တော် တင်ပြလိုက်မယ့် ကောက်ချက်ကလဲ တကယ့်အခြေခံ သက်သက် ကလေးပါပဲ။ ကျွန်တော် တင်ပြချင်တာကတော့ - စာရိတ္တထူထောင်ရာမှာ အခြေခံ အုတ်မြစ်ကြီး နှစ်ခုရှိပါတယ်။ အဲဒီ အုတ်မြစ်နှစ်ခုမှာ တစ်ခုခုလိုနေရင်





ဘယ်နည်းနဲ့မှ မပြည့်စုံနိုင်တော့ပါဘူး။ အဲဒီ အုတ်မြစ်နှစ်ခုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဘယ်လောက်ထိအောင် အလေးမူ အရေးထားခဲ့ကြသလဲ ဆိုတာကို သုံးသပ် ကြည့်ကြဖို့ ဖြစ်ပါတယ်။

ပထမအုတ်မြစ်ကတော့ ဆက်ဆံရေးစရိုက်ကို လေ့ကျင့်ပေးဖို့ပဲ ဖြစ်ပါတယ်။ အဲဒါကလဲ ခက်လဲခက်ပါတယ်။ များသောအားဖြင့်တော့ ဒီကိစ္စကို လုပ်ကိုမလုပ်ကြပါဘူး။ 'ငါမှငါ - ငါ့အတွက်သာလျှင်' ဆိုတဲ့ အတ္တစွဲကြီး တစ်ခွဲသားနဲ့ မွေးလာရတဲ့ ကျွန်တော်တို့တစ်တွေမှာ ဖြစ်လာရပုံက အများနဲ့ရောပြီး နေရတဲ့ အဖွဲ့ကြီးတစ်ခုရဲ့ အစုဝင် ဖြစ်လာလိုက်ရတာပါပဲ။ မိသားစုမှာလဲ အဖွဲ့ဝင်ကောင်း တစ်ယောက်ဖြစ်အောင်၊ ကျေးလက် မြို့နယ်မှာလဲ အဖွဲ့ဝင်ကောင်း တစ်ယောက် ဖြစ်အောင်၊ အမျိုးသားစုကြီးအတွက်လဲ အဖွဲ့ဝင်ကောင်း တစ်ယောက် ဖြစ်အောင်၊ လူသားတစ်ရပ်လုံး အစုကြီးမှာလဲ အဖွဲ့ဝင်ကောင်း တစ်ယောက် ဖြစ်အောင် ကြိုးစားကြရပါတယ်။ ကမ္ဘာမှာ ပေါ်ပေါက်လာတဲ့ ပြဿနာတွေကို ခြေရာခံစေ့ငုကြည့်လိုက်မယ်ဆိုရင် အဲဒီ မိသားစု၊ ကျေးလက် မြို့နယ်အုပ်စု၊ အမျိုးသားစု၊ လူသားစု တစ်နေရာမှာ ပြေပြစ်အောင် မနေတတ်ကြလို့ ပေါ်ပေါက်လာခဲ့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေဟာ ဘယ်လောက်များတောင် ဖြစ်နေမလဲ ဆိုတာကို စဉ်းစားကြည့်မိပါတယ်။ ကျွန်တော်တင်ပြလိုက်တဲ့ အစုတွေရဲ့ အစဉ်ကို ကြည့်လိုက်မယ်ဆိုရင် တစ်ဆင့်ထက်တစ်ဆင့် ခက်သွားတာကို တွေ့ရပါလိမ့်မယ်။ လူသားနွယ် အဖွဲ့ဝင်ကောင်းများအဖြစ်နေနည်းပညာ တတ်မြောက်ဖို့အတွက် လူတွေဟာ အရာရာတိုင်းလောက် နီးပါးကို သိနားလည်နေကြဖို့ လိုအပ်လာပါတော့တယ်။

*လူသားဟာ ခရစ်တော်ကို ကားစင်တင်ခဲ့တယ်။*
*ဆော့ခရတ္တိကို အဆုံးစီရင်ခဲ့တယ်။*
*ဒီပုဂ္ဂိုလ်များဟာ ရှုတ်ချမှု၊*
*မုန်းတီးခံရမှုတွေရဲ့ကြားမှာ ဆုံးပါးခဲ့ကြရတယ်။*
*ဒါပေမယ့် နောက်ဆုံးကျတော့ လောကကြီးတစ်ခုလုံး*
*သူတို့ရှေ့မှောက်မှာ ဒူးထောက်ဝပ်စင်း*
*လာကြရတာပါပဲ။*



## ပညာရေးနှင့် စာရိတ္တပျိုးထောင်မှု (၅)

အများနဲ့နေတတ်တဲ့ လူမှုရေး အလေ့အကျင့်မရှိတဲ့ ဘဝအတွက် စာရိတ္တသွတ်သွင်းပေးဖို့ ဆိုတာမဖြစ်နိုင်ဘူး။ ဒီလို လေ့ကျင့်ပေးနိုင်ပြန်ပေမယ့် 'အရှင်သခင်' အဲ. . . တကယ့်ကို တော်မှန်တဲ့ 'အရှင်သခင်' မရှိပြန်ရင်လဲ မပြည့်စုံသေးပြန်ပါဘူး။ မပြည့်စုံရုံမကဘူး။ ကြောက်စရာကို ကောင်းတတ်ပါတယ်။

'အရှင်သခင်' ဆိုတာ ဘာကိုပြောတာလဲလို့ မေးလာကြမယ်ဆိုရင် ယဉ်ကျေးမှုရှိတဲ့လူတွေဟာ သူတို့ရဲ့ အခွင့်အလမ်း တွေ၊ အခွင့်အရေးတွေအတွက် ဦးထိပ်ထားကြလေ့ရှိတဲ့ 'အရှင်သခင်' တစ်ပါးကို ညွှန်ပြဆိုပါတယ်။ 'တကယ်စစ်မှန်တဲ့ တရားရုံး' ဟူသမျှမှာ အဲဒီ မမြင်ရတဲ့ 'အရှင်သခင်' ကပဲကြီးမှူးနေလေ့ ရှိပါတယ်။ ဥပဒေဓမ္မသတ်ကို လက်ခံလိုက်တာနဲ့ တစ်ပြိုင်နက် လောဘ၊ ဒေါသ၊ ချစ်တာ မုန်းတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘေးချိတ်ပြီး 'တရား' ဆိုတဲ့ အရှင်သခင်ထံ အပါးမှာ ကျိုးနွံကြတော့တာပါပဲ။ လွတ်လပ်သော ကျိုးကြောင်း ဆင်ခြင်မှုရဲ့အသံတော် 'တရား' ရဲ့ ထံမှောက်မှာ တရားသူကြီးရော အမှုသည်ပါ ဝပ်စင်း ကျိုးနွံရစမြဲပါပဲ။ လူတို့ စိတ်ပိုင်းဆိုင်ရာ ကြိုးပမ်းမှုထဲမှာ အမြင့်မားဆုံးသော အောင်မြင်မှု ပါပဲ။ 'ရက်ရှ်ဒေါလ်' ပြောခဲ့သလိုဆိုရင်ဖြင့် 'ရှေ့နေရှေ့ရပ်များကြောင့် လူ့လောကတွင် မကောင်းမှုများ ပေါ်ပေါက်လာခဲ့စေဦး၊ သူတို့သည် လူ့ယဉ်ကျေးမှုကို အမြဲဖော်ထုတ် ပေးနေသော လူတန်းစားတစ်ရပ် ဖြစ်နေပေသည်။ သူတို့၏ အခွင့်အာဏာများသည် ***အကျိုးအကြောင်းနှင့် ပညာ*** က ***အမိုက်နှင့်အရိုင်းစွမ်းအား*** အပေါ် လွှမ်းမိုး အောင်မြင်မှုကို ထင်ရှားစေသော လက္ခဏာများ ဖြစ်နေပေသည်' လို့ ဆိုခဲ့ပါတယ်။

ဒါပေမယ့် တရားဥပဒေဟာ လူ့ဘဝရဲ့ တစ်စိတ် တစ်ပိုင်းကိုသာလျှင် လွှမ်းမိုးနိုင်ပါတယ်။ အဲဒီ ဟိုမှာဘက် ကျပြန်တော့ မင်းမဲ့စရိုက်က လွှမ်းမိုး နေပြန် တာပါပဲ။ ဘဝကို ကြီးမြတ်တဲ့ အရှင်သခင် တစ်ပါးရဲ့ ရှေ့မှောက် ရောက်သည်ထက် ရောက်သွားအောင် လုပ်ဆောင်ကြဖို့ဟာဖြင့် မျက်မှောက်ခေတ်ရဲ့ ပဓာန ပြဿနာကြီးပါပဲ။ အသက် မီးတောက်ကလေး ရှင်သန်





နေဖို့ အတွက်ကလေးကိုပဲ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေလို့ အသက်သည် သာလျှင် အရှင်သခင်ဖြစ်နေတဲ့ နေရာ မျိုးမှာ ဒီပြဿနာမျိုး ပေါ်ခဲလှပါတယ်။ တစ်ပါတီ၊ တစ်အာဏာ နေရာမျိုး ကျပြန်တော့လဲ ခိုင်းတာ လုပ်လိုက်ရုံပဲဆိုတော့ ဒီလို အရှင်သခင် ရွေးချယ်ရေး ဆိုတဲ့ ပြဿနာ မပေါ်ပါဘူး။

ကောင်းမွန်တဲ့ ပုံသေထုံးတမ်းစဉ်လာတွေလဲ ရှိတယ်၊ အဲဒါတွေကိုလဲ ဘယ်သူကမှ စစ်ကြော ဝေဖန်ခြင်း လုပ်မနေဘဲ လိုက်နာနေကြတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းမျိုးမှာလဲပဲ အရှင်သခင် ရှာဖွေဖို့ရာ အရေးမကြီးပြန်ပါဘူး။

အဲ. . . အခြေခံလိုအပ်ချက် ဟူသမျှ ပြည့်စုံ နေပြီဆိုတဲ့ လူ့အဖွဲ့အစည်းမျိုးမှာတော့ဖြင့် ဒီ 'အရှင် သခင်' ရွေးချယ်ရေးကိစ္စဟာ သိပ်ကို အရေးကြီးလာ ပါတော့တယ်။ အဲဒီလို လူ့အဖွဲ့အစည်းမျိုးမှာ အရှင် သခင် သတ်သတ်မှတ်မှတ် မရှိတော့ဘူးဆိုရင် ဖြစ်လာ တတ်တာတွေက လူတွေဟာ ဘာဦးတည်ချက်မှ မည်မည်ရရမရှိ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ ဘာကိုမှလဲ အလေးအနက်မထား၊ ယောင်ဝါးဝါး အကျိုးမဲ့ မကောင်းမြင် စိတ်ဓာတ်တွေ ပေါ်လာတတ်ပါတယ်။ အဲဒီထဲမှာ 'အရှင်သခင်' ရွေးတာလည်း မှားသွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီ ဆိုရင်တော့ ငါးပါး မှောက်တော့တာပါပဲ။

'အရှင်သခင်' အရွေးမှားလို့ ဒုက္ခရောက်ကြရ တာမျိုးကိုတော့ သမိုင်းတစ်လျှောက်မှာ မကြာခဏ တွေ့ရတတ်ပါတယ်။ ပြည့်စုံကြွယ်ဝပြီး ပေါ့ပေါ့နေ ပေါ့ပေါ့စား ယောင်ဝါးဝါး ပျက်စီးကြပုံမျိုးကိုတော့ ရှေးခေတ် ရောမနိုင်ငံနဲ့ ဒီခေတ် တိုးတက်တဲ့ နိုင်ငံကြီး တွေမှာ တွေ့နိုင်ကြပါတယ်။

တချို့လူများကျတော့ 'အရှင်သခင်' တစ်ပါး ကို သတ်သတ်မှတ်မှတ် ရွေးချယ်လိုက်ပြီး တကယ့်ကို သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းကြတော့တာပဲ။ အရှင်သခင်တွေကတော့ ဘာသာရေး၊ လူမှုဝန်ထမ်း လုပ်ငန်း၊ အနုပညာ၊ စာပေ၊ သိပ္ပံ စသည် ဖြင့်ပေါ့။ ဒါမှ မဟုတ်လဲ နိုင်ငံရေး၊ တန်ခိုးအာဏာ၊ ဥစ္စာဓန စသည်ဖြင့်ပေါ့။ သူတို့ပဲ အရှင်သခင်ပဲရယ်လို့ သတ်မှတ်လိုက်တဲ့ နယ်ပယ်ကလေးထဲမှာပဲ အောင်မြင်မှု ရကြ၊ နှစ်သိမ့်နေကြပေါ့လေ။ ဘာပဲဖြစ်ဖြစ် အဖျင်းဆုံး သူတို့ရဲ့ စွမ်းအားကို အသုံးချဖို့၊ ဂနာငြိမ်သွားဖို့ သတ်သတ်မှတ်မှတ် ပန်းတိုင်တွေကိုတော့ ရသွားကြ တာပဲ။

ကျန်တဲ့ အရှင်သခင်မဲ့တဲ့ သူတွေမှာတော့ ဟိုကို သစ္စာခံလိုက်၊ ဒီကို အမှုတော်ထမ်းလိုက်၊ ဒီခေတ်





ကျတစ်မျိုး၊ ဟိုခေတ်ကျတစ်ဖုံ ဆိုတာမျိုး ပြောင်းနေ တတ်ကြတယ်။ ဂန္ထဝင်စာပေထဲမှာ အဲဒီလို စရိုက်မျိုးနဲ့ ဇာတ်ကောင် နှစ်ယောက်ရှိတယ်။ 'အစ်ဗ်ဆန်' ရဲ့ 'ပီယားဂျင်ထ်' နဲ့ ပလေတိုရေးတဲ့ သမ္မတနိုင်ငံတော် ထဲက 'ဒီမိုကရေစီသမား' လို့ခေါ်တဲ့ လူပါပဲ။ ဒီပုံစံမျိုး ဟာ ဘာမှ အသုံးမကျဘူး။ ဘာသိက္ခာမှလဲ မရှိဘူး။ နောက်ဆုံးကျတော့ ဘဝပျက်ရတာပါပဲ။

ပလေတို လှမ်းပြီးမြင်တဲ့အတိုင်း ဟစ်တလာ ထွန်းကားလာတာက ထောက်ခံသွားလိုက်သလိုပါပဲ။ အဲဒီလို ယောင်ဝါးဝါး 'အရှင်သခင်မဲ့' လောကကို တန်ပြန် ကိုင်တွယ်ဖို့အတွက် အာဏာရှင်ဆိုတာ ပေါ်လာရတာပဲ။ ကျွန်တော်တို့ တစ်တွေဟာ များသောအားဖြင့် အဲ့ဒီ အစွန်းနှစ်ဖက်ကြားမှာ ရောက်နေကြရတာပဲ။ လူတစ်ယောက်ကို ဖြစ်စေ၊ အမျိုးသား တစ်ရပ်ကိုဖြစ်စေ အကဲဖြတ်ဖို့အတွက် အထိရောက်ဆုံး မေးခွန်းကတော့ 'ဘာကို အရှင်သခင် အဖြစ် ရွေးသလဲ၊ ဘယ်လောက်အထိ သစ္စာရှိရှိ ထမ်း ရွက်သလဲ' ဆိုတဲ့ မေးခွန်းပါပဲ။

ဒီတော့ ဘယ်သခင်ကို ရွေးကြမလဲ။

ကျိုးနွံနာခံခြင်း မပြည့်စုံနိုင်စေဦးတော့ မိမိဘဝ တစ်လျှောက်လုံးကို ပိုင်စားအုပ်စိုးခွင့်



www.burmeseclassic.com

www.burmeseclassic.com



အပ်နှင်းဖို့ ဘယ်သူ့ကို ရွေးမလဲ။

ကျွန်တော်ကတော့ 'အကောင်းမြတ်ဆုံး' ကို အရှင်သခင် မြှောက်သင့်တယ်လို့ အဆိုပြုလိုက်ချင်ပါတယ်။ 'ဘဝင်ဆိုက်အောင် ဘဝင်ကိုင်တဲ့ စိတ်ကူးမျိုး' ပါပဲ ဆိုပြီး ပယ်ကောင်းပယ် လိုက်ပါလိမ့်မယ်။

ဒါပေမယ့် အကောင်းမြတ်ဆုံး ဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်ချင်တာဟာဖြင့် လူတွေရဲ့ ယေဘုယျ မွေးရာပါ ဗီဇစိတ်ပါပဲ။ 'အဝတ်အဆင်နဲ့ ပတ်သက်ရင် အကောင်းအဆိုး မရွေးတတ်ဘူး' လို့ မိန်းမတစ်ယောက်ကို မှတ်ချက်ချလိုက်ရင် ဘယ်အမျိုးသမီးကမှ ခံချင်မှာမဟုတ်ဘူး။ ယောကျ်ားထဲမှာတောင် တချို့က ခံပြင်းသွားမှာပဲ။ ဒီလိုပဲ ဘော့စ်ဘောတို့၊ ဘောလုံးတို့ ကစားသမားတွေဟာလဲ ဒုတိယတန်းဆင့်နဲ့ ဘယ်တော့မှ ကျေနပ်မနေနိုင်ဘူး၊ အဲဒီလိုပဲ ကုန်သည်တွေ၊ စက်ရုံပိုင်ရှင်တွေကို သူတို့ရဲ့ လုပ်ပုံကိုင်ပုံ နည်းလမ်းတွေဟာဖြင့် အဆင့်နိမ့်နေပါသေးတယ်လို့များ သွားပြီးအကြံဉာဏ် ပေးလိုက်ရင် အောင့်သွားကြမှာချည်းပဲ။ ကစားခုန်စားကနေပြီး ဘာသာရေးအထိ၊ ပန်းပင်စိုက်တာကစပြီး နိုင်ငံရေးအထိ နေရာတကာမှာ ပထမတန်း ထိပ်ဆုံးအထိ မှန်းကြတာချည်းပါပဲ။





ခွဲစိတ်ပညာဆရာဝန်၊ ဆေးပညာဆရာဝန်တွေဟာလဲ သူတို့ရဲ့ ဆရာကြီးများဖြစ်တဲ့ သမားတော်ကြီးများရဲ့ အံ့မခန်း ကုထုံးကုနည်းတွေကို သေချာလေ့လာမှတ်သား နည်းခိုးပြီး ပညာယူခဲ့ကြရတာပဲ။ ပို့ချချက်တွေ၊ စာအုပ်တွေထဲက ရခဲ့ကြတာ မဟုတ်ပါဘူး။ ဗိသုကာ ကျောင်းတော်ကြီးတွေ၊ ပန်းချီကျောင်းတော်ကြီးတွေမှာလဲ ပညာကျော်တို့ရဲ့ အကောင်းဆုံး လက်ရာတွေကို ပုံစံပြုပြီး နည်းခိုး သင်ယူကြရတာပါပဲ။ ဥပဒေပညာပဲ ဖြစ်ဖြစ်၊ အင်ဂျင်နီယာပညာပဲဖြစ်ဖြစ်၊ အသက်မွေး ဝမ်းကျောင်းအနေနဲ့ ဖြစ်စေ၊ အတတ်ပညာရပ်အနေနဲ့ဖြစ်စေ ဒီလိုပဲ လုပ်ကြရတယ်။ ပညာသင် တစ်ယောက်ကို သက်ဆိုင်ရာ ပညာရပ်နဲ့ ပတ်သတ်ပြီး အကောင်းဆုံးလက်ရာနဲ့ 'တွေ့ဆိုင်' ပေးလိုက်ရတာပါပဲ။ အဲဒါမှ သူ့မှာ အကဲဖြတ်စရာ 'စံ' နဲ့ ညှိမှန်းစရာ ပန်းတိုင်ကို ရလာနိုင်တော့မှာပေါ့။

ဘယ်နေရာမှာမဆို ကိုယ့်အဆင့်က ထက်လှမ်း မမီနိုင်တာ၊ မီနိုင်တာ အပထား အကောင်းဆုံး အမြင့်ဆုံး ဆိုတာတွေကိုတော့ သိထားဖို့ဟာ မရှိမဖြစ်တဲ့ လိုအပ်ချက်ပဲလို့ ထင်မိပါတယ်။

နေကြာပန်းဟာ နေရှိရာကို တရွေ့ရွေ့ မျက်နှာမူလာသလို လူ့လောကကြီးဟာလဲ 'အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံး’ ရှိရာဆီကို တရွေ့ရွေ့ မျက်နှာမူလာတာပါပဲ။

လူသားဟာ ခရစ်တော်ကို ကားစင်တင်ခဲ့တယ်။ ဆော့ခရတ္တိကို အဆုံးစီရင်ခဲ့တယ်။ ဒီပုဂ္ဂိုလ်များဟာ ရှုတ်ချမှု၊ မုန်းတီးခံရမှုတွေရဲ့ ကြားမှာ ဆုံးပါးခဲ့ကြရတယ်။

ဒါပေမယ့် နောက်ဆုံးကျတော့ လောကကြီးတစ်ခုလုံး သူတို့ရှေ့မှောက်မှာ ဒူးထောက်ဝပ်စင်းလာကြရတာပါပဲ။ ဒီတော့ ‘အကောင်းဆုံး’ ဆိုတာဟာ လူသားတို့ လက်ခံထားပြီးသား ပန်းတိုင်ကြီးပါ။ လူသားတို့အဖို့ ‘အကောင်းဆုံး’ နဲ့ ပတ်သက် နေတဲ့ နယ်ပယ်ကြီး (၄) ခုရှိပါတယ်။ ပထမတစ်ခုက လူတစ်ယောက်ဟာ သူ့လုပ်ငန်းနဲ့ ပတ်သက်ပြီး ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ အားသွန်ခွန်စိုက် ကြိုးပမ်းနိုင်ဖို့ အကောင်းဆုံး စံတွေ၊ အကောင်းဆုံး နည်းနာနိသျယတွေကို သိနေရမယ်။

လုပ်ငန်းဆိုင်ရာ ပညာမာန၊ ကျွမ်းကျင်မှုဂုဏ်ရည် ဆိုတာတွေဟာ အသိအမှတ်ပြုသင့်တဲ့ ပါရမီတွေ အမှန်ပါပဲ။ ဒါပေမယ့် အဲဒါလောက်နဲ့ပဲ ကျေနပ် နေရင်တော့လဲ နယ်ပယ်ကျဉ်းမြောင်းတဲ့ လူတစ်ယောက်သာ ဖြစ်နေမှာပေါ့။

ယဉ်ကျေးမှုရဲ့ အရေးကြီးတဲ့ အပိုင်းတွေက





အနုပညာ၊ ဗိသုကာပညာ၊ ဂီတ၊ ရသစာပေတွေဖြစ်တယ်။ ဒါတွေဟာ လူသားသဘာဝကြီးက ဖူးပွင့်လာတဲ့ ပန်းမာလာတွေပဲ၊ အဲဒီ ပန်းမာလာတွေဟာ လူသားရဲ့ စရိုက်ကိုလည်း ဖော်ပြတယ်။

လူသားရဲ့ အဆင်တန်ဆာတွေလဲ ဖြစ်တယ်။ အဲဒီမှာလဲ ကျွန်တော်တို့ဟာ အကောင်းဆုံးကို သိတတ်မြင်တတ်ရမယ်။ ဒုတိယတန်း တတိယတန်း အဆင့်လောက်ကိုသာ အရသာခံတတ်တဲ့ အခြေအနေမျိုး မဖြစ်သင့်ဘူး။

နောက်တစ်ခုက ‘အကောင်းဆုံး လူ့အဖွဲ့အစည်း’ ကို လိုက်ချင်ပါတယ်ဆိုရင် ‘ကောင်းကင်ဘုံရှင် ဗိသုကာသခင်က အကောင်းဆုံး ခြောက်ပြစ်ကင်း လူသားတွေကို အသုံးပြုပြီး နိုင်ငံတော်ကြီးတစ်ခု တည်ဆောက်မယ် ဆိုရင် ဘယ်လို နိုင်ငံတော်ကြီးသာလျှင် ဖြစ်လိမ့်မယ်’ ဆိုတာကိုလဲ လူတိုင်းမျှော်မှန်းသိရှိ နိုင်ရပါလိမ့်မယ်။

ဒီလို ပန်းတိုင်မျိုးကိုသာ ကျွန်တော်တို့ မျှော်မှန်းတတ်ခဲ့မယ်ဆိုရင် ကျူးကျော် ပျံ့ကျရပ်ကွက်တွေ၊ ရောဂါဆိုးတွေ၊ ပညာမဲ့စရိုက်ကြမ်းတွေ၊ စက်ဆုပ်စရာ စုတ်ပြတ်နေတဲ့ စက်မှုရပ်ကွက်တွေ၊ ပုံပျက်ပန်းပျက် ကျေးလက်တွေဟာ ပေါ်လာစရာ အကြောင်းကို မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာခဲ့ပါတယ် ဆိုရင်တောင်မှ ဟိုးပဝေသဏီလောက်ကတည်းက ပျောက်သွားခဲ့လောက်ပြီ။

ကျွန်တော်တို့တစ်တွေ 'ဝီလျံဘလိတ်ခ်' ရဲ့ တေးကဗျာလေးကို ရွတ်လေ့ ဆိုလေ့ရှိကြပါတယ်။

*'စိတ်ဇောတိုက်ပွဲ' ငါမရပ်ပေ*
*စိမ်းစိုချမ်းမြ သာစွ အင်္ဂလန်မြေ*
*'ဂျေရုဆလမ်' ဘုံနန်းမဖြစ်သမျှလေ*
*ငါရဲ့ဆောင်ဓား အိပ်စက်နားမနေ။*

တကယ့်ကို ကောင်းမြတ်တဲ့ ရည်မှန်းချက်ပါပဲ။ ဒါပေမယ့် 'ဂျေရုဆလမ်' ဆောက်ဖို့ဟာက ဒီဇိုင်းပုံပန်း အရာမှာလည်း ကျွမ်းကျင်ဦးမှ၊ ကြီးမြတ်သောသဒ္ဓါစိတ်ဇောလည်း ရှိဦးမှဖြစ်မှာပေ့ါ။

ကိုယ်မှီတင်း နေထိုင်ရာမြေကို 'ဒါတို့မြေ၊ ဒါတို့မြေဆိုပြီး ချစ်မြတ်နိုးတာဟာ' မျိုးချစ်စိတ်တော့မှန်ပါရဲ့။

ဒါပေမယ့် မျိုးချစ်စိတ်တစ်ခြမ်းပဲ ရှိသေးတယ်။ အဲဒီမြေကို တကယ့်ကိုချစ်ထိုက်အောင် မြတ်နိုးထိုက်အောင်ပါ ဖန်တီးနိုင်မှ ပြည့်စုံတဲ့မျိုးချစ်စိတ်ဖြစ်လာနိုင်ပါတယ်။

အဲ နောက်ဆုံးတစ်ချက်ကတော့ ကိုယ်ကျင့်စာရိတ္တအရာမှာလဲ အကောင်းဆုံး ဆိုတာကို လူတိုင်း





သိနေသင့်တယ်ဆိုတဲ့ အချက်ပါပဲ။ ဘာကြောင့်လဲဆိုတော့ အရာခပ်သိမ်းဟာ နောက်ဆုံးကျတော့ အဲဒါဆီကိုပဲ ဦးတည်လာကြရမြဲမို့ပါပဲ။

ကိုယ်ကျင့်စာရိတ္တမှာ တကယ့်ကို စံပြုလောက်တဲ့ သက်ရှိစံပြတွေကို တွေ့ရတတ်တာဟာဖြင့် ကျွန်တော်တို့ လူအများအတွက် ကုသိုလ်ကောင်းတဲ့ အချက်တစ်ခုပါပဲ။ ဒါပေမယ့် စာရိတ္တတရား၊ သီလတရားနဲ့ပတ်သက်ပြီး အများဆုံး သိမှုပေးနိုင်တာကတော့ ဘာသာရေး၊ နောက်ပြီး အဲဒီက ဖြာထွက်လာတဲ့ ရသစာပေ၊ သမိုင်းနဲ့ အနုပညာတွေ ဖြစ်ပါတယ်။

တန်းမြင့်ကျောင်းပဲဖြစ်ဖြစ်၊ တက္ကသိုလ်ပဲဖြစ်ဖြစ် အဲဒီလို 'အကောင်းဆုံးစံပြ' လူသားတွေအကြောင်းကို သင်မပေးလိုက်ရင် အလိုအပ်ဆုံးပညာကို ချန်ထားပြီး 'လက်လွှတ်' လိုက်တာနဲ့ အတူတူဖြစ်ရုံသာလျှင် မကဘူး၊ ပညာရေးရဲ့ အဓိကတာဝန်ကို မျက်ကွယ်ပြုလိုက်ရာလဲ ရောက်ပါတယ်။

အချုပ်ကို ဆိုရရင်-

ကျွန်တော့်အဆိုပြုချက်က ယေဘုယျအားဖြင့် ခေတ်သစ်ပညာရေး စီမံကိန်းတွေမှာ စာရိတ္တပျိုးထောင်မှုကို ပစ်ပယ်မထားပါဘူး ဆိုရင်တောင်မှ လက်အောက်ခံ နေရာလေးမျှ လောက်ကိုသာ ပေးထား



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြပါတယ်။

နောက်တစ်ခါ- စာရိတ္တပျိုးထောင်မှုကို အာရုံပြုပါတယ် ဆိုရင်တောင်မှ ပလေတိုရဲ့ ပညာရေး အတွေးအခေါ်တို့လို၊ ထောမတ်စ်အာနိုးလ်ရဲ့ လက်တွေ့ လုပ်ဆောင်မှုမျိုးတို့လို အပိုင်းတွေမှာ မတန် တဆကို အားနည်းလွန်းနေပါတယ်။

စာရိတ္တပျိုးထောင်မှုဟာ အဆုံးအဖြတ် ပေးမယ့် ကိစ္စမို့ ဒီပြဿနာဟာ ပညာရေးရဲ့ အချက် အချာ အကျဆုံး နေရာမှာ ရှိသင့်ပါလျက်နဲ့ ဒါကို စနစ် တကျ ကိုင်တွယ်ကြဖို့ အလေးအနက်ထားပြီး မစဉ်းစား ကြဘူး။

ဒီကိစ္စကို သေသေချာချာ ကျကျနန လေ့လာ ကြရမယ်။

နောက်ပြီး ခေတ်အခြေအနေကြီးကကိုပဲ အပူတပြင်း တောင်းဆိုလာတာမို့ နေ့ရွှေ့ညရွှေ့ လုပ်နေလို့ မဖြစ်တော့ဘူး။ ချက်ချင်းကို လုပ်ကြမှ ဖြစ်တော့မယ်။

ဂျပန်ပြည်ကို အနုမြူဗုံး ချလိုက်တာနဲ့ တပြိုင် နက် ကျွန်တော်တို့တစ်တွေဟာ အသူတရာချောက် နှုတ်ခမ်းဝမှာ တည်းတည်းကလေး ရပ်နေမိလျက်သား ဖြစ်နေကြတယ်ဆိုတာ 'ဝင်းခနဲ' မြင်လိုက်ခဲ့ကြပြီ မဟုတ်လား။





ကျွန်တော်တို့ လုပ်ဆောင်ကြရမယ့် စာရိတ္တ ပျိုးထောင်မှုက နှစ်ပိုင်းဖြစ်ပါတယ်။ လူ့အဖွဲ့အစည်း ထဲမှာ စခန်းသွားဖို့ရာ ဘဝအတွက် လိုအပ်တဲ့ အရည် အသွေးတွေကို ဖွံ့ဖြိုးအောင် လုပ်ပေးလိုက်ရမယ်။

ဒါပေမယ့် အဲဒါလေးချည်း သက်သက်ပဲ ဆိုပြန်ရင်တော့လဲ အန္တရာယ်နှစ်ခုက တက်လာ နိုင်ပြန် သေးတယ်။ တစ်ခုက လူစင်စစ်က ပျားတွေ၊ ခြတွေလို လုပ်ငန်းသာ ကျွမ်းပြီး မတိုးတက်လာတော့ဘဲ တန့်သွား တဲ့ လူအဖွဲ့အစည်းမျိုးဖြစ်သွားနိုင်တယ်။

ဒါမှမဟုတ် 'သေဝပ်ကျိုးနွံမှု' ရော 'လူမှု စွမ်းရည်' ရောပါ ပြည့်စုံပါလျက် တလွဲမှာ မရှုမလှ အသုံးချခံလိုက်ရတဲ့ 'နာဇီ' လူငယ်တွေရဲ့ အဖြစ်မျိုးကို ရောက်သွားနိုင်တယ်။

ဒါကြောင့် တော်မှန်တဲ့ နိဂုံးဟာ အရေးကြီးလှ ပါတယ်။ တော်မှန်တဲ့ ပန်းတိုင်ဟာ ဘယ်ဘက်ကနေ ကြည့်ကြည့် ထိပ်တန်း အကောင်းဆုံး ဖြစ်နေဖို့ လိုအပ် လှပါတယ်။ အဲဒါဟာဖြင့် သိစရာတတ်စရာ ဟူလေ သမျှမှာ အရေးအကြီးဆုံး ဖြစ်နေတာမို့ ပညာရေးရဲ့ အလုံးစုံသောကိစ္စ မဟုတ်စေကာမူ ဗဟိုချက်မကြီး ဖြစ်နေသင့်ပါတယ်။

ကောင်းပေ့ဆိုတဲ့ လူသားတွေနဲ့ ကောင်းပေ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ လူ့အဖွဲ့အစည်းကြီးကို ဖန်တီးလိုက်မဟဲ့ ဆိုတဲ့ စေတနာမျိုး မသွင်းသင့်ပေဘူးလား။ ဒါမှမဟုတ် စစ်ကြီးအတွင်းမှာတုန်းက ကျွန်တော်တို့ တစ်တွေ သွေးရင်းသားရင်းပမာ ချစ်ခင်စည်းလုံးခဲ့ကြတဲ့ စိတ်ဓာတ်ကြီးမျိုးကို 'အရှင်သခင်' အဖြစ် ဆက်လက် ရှင်သန် အားလုံးက လက်ခံကျင့်သုံးနေအောင် မလုပ်နိုင်ကြပေဘူးလား။ အဲဒါသည်ပင်လျှင် ဘဝအတွက် လုံလောက်တဲ့ တွန်းအားကြီး မဟုတ်လား။

'အကောင်းဆုံး' ရဲ့လက္ခဏာကို ကျွန်တော်တို့ သာမည ပုထုဇဉ် လူသားများအနေနဲ့ တတ်စွမ်းနိုင်သမျှ အာရုံနိမိတ် မြင်နိုင်ကြဖို့ -

မိုးအောက်မြေတစ်ခွင် မြင်သာသမျှ အလှတရား အကောင်းတရားတွေကို သုံးသပ်ခံစားပြီး ထာဝရ လှပကောင်း မြတ်နေတဲ့ ထာဝရ ဘုံမြတ်ကြီးကို (အနည်းဆုံး) မျှော်မှန်းကြည်နူးနိုင်ကြဖို့ -

မိမိတစ်ကိုယ်တော် ဖော်ဆောင်နိုင်မှုထက် ပိုမိုပြည့်စုံအောင် ဖော်ဆောင်နိုင်စွမ်းတဲ့ လူ့အဖွဲ့ အစည်းကြီးကို အတိုင်းမသိ လုပ်ကျွေးပေးအပ်ဖို့ -

အဲဒါတွေ အားလုံးအတွက် အသဲလှိုက် အူလှိုက်ခံယူ နှလုံးသွင်းထားသင့်တဲ့ ခရစ်တော် ရှင်မြတ်ရဲ့ မဟာနှုတ်ကဝတ်နဲ့ပဲ နိဂုံးချုပ်လိုက်ပါရစေ။





*'ကောင်းကင်ဘုံရှိ သင်တို့၏ အဖဘုရား သခင်သည် အလုံးစုံနှင့် ပြည့်စုံတော်မူ၏၊ ထို့ကြောင့် သင်တို့လည်း အလုံးစုံနှင့် ပြည့်စုံကြစေကုန်လော့'*

စာရိတ္တပျိုးထောင်မှုနှင့် ပညာရေး ဟောပြောချက် ဤတွင်ပြီးပါပြီ။

<u>မြန်မာပြန်သူ၏မှတ်ချက်</u>

စာဖတ်သူ အဖို့တော့ဖြင့်မသိပါ။ ကျွန်တော်တို့ အဖို့မှာတော့ တိုးတက်နေသော နိုင်ငံကြီးများမှ မကြားကောင်းမနာသာ စာရိတ္တပျက်ယွင်းမှုများ အကြောင်းကို သတင်းစာတွင် ဖတ်လိုက်ရတိုင်း ဆရာကြီး၏ ပညာရေး စေတနာကို ရိုသေစွာ သတိရတတ်စမြဲ ဖြစ်ပါသည်။

ဆရာကြီးက ခရစ်ယာန် ဘာသာဝင် တစ်ယောက် ဖြစ်သည်မို့ ခရစ်ယာန်ဘာသာ အတွေးအခေါ် သွန်သင်မှုကို အလေးပေးပြီး မိန့်ကြားပါသည်။ ကျွန်တော်ကတော့ ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်သည့်အတိုင်း ဗုဒ္ဓမြတ်ရှင်၏ အဆုံးအမများကို ထည့်သွင်း ဆင်ခြင်ကြည့်မိမြဲ ဖြစ်ရပါသည်။

ဆရာကြီးက စစ်အတွင်းတွင် အင်္ဂလိပ် လူမျိုးတွေ သွေးသားရင်းချာပမာ စည်းလုံးခဲ့ကြပုံကို လွမ်းလွမ်းဆွတ်ဆွတ် ပြန်ပြောလိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တိုင်းရင်းသားတစ်တွေ ဖက်ဆစ်တော်လှန်ရေး ကာလတွင် ချစ်ခင်စည်းလုံးခဲ့ကြပုံ၊ ကိုယ်ကျိုးမငဲ့ စွန့်လွှတ်ခဲ့ကြပုံတို့ကို ပြန်ပြောင်းလွမ်းဆွတ်မိပါသည်။ ထိုသို့သော စိတ်ဓာတ်မျိုး ဆက်လက်ရှင်သန်နေအောင် ပညာရေးက လုပ်ဆောင် မပေးနိုင်ပြီလောဟု ဆရာကြီးက တိုက်တွန်း မေးခွန်းထုတ်လိုက်သောအခါ ကျွန်တော်လည်း ယောင်ယမ်းမျှော်မှန်း ကြည့်လိုက်မိပါသည်။

ပညာရေးမူဝါဒများကို စိတ်ဝင်စား လေ့လာနေကြသော ပုဂ္ဂိုလ်မျိုးအဖို့တော့ ဆရာကြီး၏အဆိုပြုချက်များကို အလုံးစုံလက်ခံချင်မှ လက်ခံနိုင်ပါလိမ့်မည်။ သို့သော်လည်း စဉ်းစားဆင်ခြင်သင့်သော အချက်အလက်များစွာ ပါနေလိမ့်မည်ဟုကား ယုံကြည်မိပါသည်။

ကျွန်တော်၏ ပဓာနရည်ရွယ်ချက်မှာ မူကားလူငယ်များအတွက်သာ ဖြစ်ကြောင်း ရှေ့တွင်ဆိုခဲ့ပြီးဖြစ်ပါသည်။ ပြဿနာတစ်ရပ်ကို အပေါ်ယံလေးမှသာ မဟုတ်ဘဲ အခြေအမြစ်ထိအောင် တတ်နိုင်သမျှ နှိုက်နှိုက်နဲနဲ ကြံစည်ပုံ၊ ထောင့်တစ်ခုကမျှသာ မကြည့်ဘဲ ထောင့်စုံမှ လှမ်းမြင်ကြည့်ရှုပုံ၊ တစ်ဖက်က ကန့်ကွက် ထောက်ပြမည့် အချက်များအတွက် ချေပရန်အသင့် ပြင်ဆင်ထားပုံ စသည်တို့ကို သတိပြုမိကြလိမ့်မည်ဟု ထင်ပါသည်။





စာဖတ်သူများအား တောင်းပန်ရမည့် အချက်တစ်ခု ရှိပါသေးသည်။ ရှေ့ပိုင်း ဆောင်းပါးများတွင် လိုအပ်သည့် အကိုးအကား၊ အညွှန်းမှတ်စုများကို တတ်အားသမျှ ထည့်သွင်းနိုင်ခဲ့ပါသည်။ ယခု တလောတွင်ကား ကျွန်တော့်မှာ အဆမတန် အလုပ်များနေသည့်အတွက်ကြောင့် လစဉ်မှန်မှန် ပေးနိုင်ရေးလေးအတွက်ကိုပင် မနည်းကြိုးစား နေရပါသဖြင့် အညွှန်းမှတ်စုများ ထည့်သွင်း မပေးလိုက်နိုင်သည်ကို ခွင့်လွှတ်ကြပါဟု တောင်းပန်လိုက်ရပါသည်။ ဆရာကြီး၏ ဟောပြောချက်များကို ဆက်လက် ပြန်ဆို တင်ဆက်ပါဦးမည်။

<u>ကိုယ်မှီတင်း နေထိုင်ရာမြေကို</u>
<u>'ဒါတို့ပြေ၊ ဒါတို့မြေဆိုပြီး ချစ်မြတ်နိုးတာဟာ'</u>
<u>မျိုးချစ်စိတ်တော့ မှန်ပါရဲ့။</u>
<u>ဒါပေမယ့် မျိုးချစ်စိတ်တစ်ခြမ်းပဲ ရှိသေးတယ်။</u>
<u>အဲဒီမြေကို တကယ့်ကို</u>
<u>ချစ်ထိုက်အောင် မြတ်နိုးထိုက်အောင်ပါ ဖန်တီးနိုင်မှ</u>
<u>ပြည့်စုံတဲ့မျိုးချစ်စိတ် ဖြစ်လာနိုင်ပါတယ်။</u>



www.burmeseclassic.com

www.burmeseclassic.com

# ဖြပ္ပဓိကပညာရေး (၁)

ကျွန်တော်တို့ဟာ လူ့သမိုင်းတစ်လျှောက်မှာ အကြီးကျယ်ဆုံး လူမှုရေးပြောင်းလဲတဲ့ ခေတ်ကြီးထဲကို ရောက်နေကြပါပြီ။ သတိထားမိသည်ဖြစ်စေ၊ မထားမိသည်ဖြစ်စေ၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဒီကိစ္စဟာဖြင့် ကျွန်တော်တို့ခေတ်ရဲ့ ဝိသေသ လက္ခဏာကြီးပါပဲ။ လူ့အဖွဲ့အစည်းသစ်ကြီး တစ်ခုကို ဖွားမြင်နေပြီ။ ဒီအံ့ဖွယ်သရဲ ဖွားသန့်စင်မှုကြီးရဲ့ အနာဂတ်ကို ဘယ်လို ပုံဖော်ကြမလဲဆိုတာ ကျွန်တော်တို့ မိဘအုပ်ထိန်းသူများက စဉ်းစားကြရပါတော့မယ်။

မကြာသေးမီကာလအတွင်းပေါ်ခဲ့တဲ့ နိုင်ငံရေး စကားလုံးတွေထဲမှာ မစ္စတာ ဟင်နရီဝေါ လေ့စ်ရဲ့ 'သာမန်တို့၏ ရာစုနှစ်ကြီး' (The Century of the Common Man)* ဆိုတာကဖြင့် စကားလုံး အပြောင်ဆုံးလို့ ထင်မိပါတယ်။ သမိုင်းကို နောက် ကြောင်း ပြန်ကြည့်လိုက်မယ်ဆိုရင် ဒီရာစုထဲမှာ မဲပေး





နိုင်တဲ့ လူတန်းစား ကျယ်ပြန့်လာတယ်။ အဲဒီနောက် လူမှုရေးဥပဒေ ပြောင်းလဲ တိုးတက်လာတယ်။ တရား ဥပဒေရဲ့ ရှေ့မှောက်မှာ လူတွေအားလုံး တစ်ပြေးညီ ဖြစ်လာခဲ့တယ်။ ဗြိတိန်မှာ အရွယ်ရောက်လာရင် ကျား မ မရွေး မဲပေးနိုင်ခွင့် ရလာတယ်။ စီးပွားရေး ဒီမိုက ရေစီကို ရလာတယ်။ ဆိုလိုတာက ဆင်းရဲချမ်းသာ မရွေး ရပ်ရေးပြည်ရွာကိစ္စမှာ ပါဝင်နိုင်ခွင့် ရလာတယ်။ နိုင်ငံတော်ကပေးတဲ့ ပညာရေးစတဲ့ အခွင့်အရေးတွေကို လူတိုင်းခံစားခွင့် ရှိလာကြတယ်။

ဒါတွေအားလုံး ပြည့်စုံနေတဲ့နောက် ဘာလို တော့သလဲလို့ ထင်စရာပါပဲ။ နိုင်ငံရေးသမားတွေ ဆိုရင် ဒီလိုပဲ ယူဆကြ မှာပါပဲ။ စင်စစ်မှာတော့ ဒါဟာ အစပျိုးရုံပဲ ရှိပါသေးတယ်။ နိုင်ငံရေး ဒီမိုကရေစီ၊ စီးပွားရေး ဒီမိုကရေစီကို တည်ဆောက်ပြီးကြတော့ မယ်။ ဒါပေမယ့် အဲဒါက ကန့်လန့်ကာဆွဲပြီး ဇာတ်ခုံဖွင့် လိုက်တာပဲ ရှိသေးတယ်။ ဇာတ်မထွက်ရသေးဘူး။ ဘယ်ဇာတ်ထုတ် ကကြမှာလဲ၊ ဘယ်သူတွေက ဘယ်ဇာတ်ရုပ်နေရာမှာ သရုပ်ဆောင်ကြမှာလဲ ဆိုတာ ကတော့ ဇဝေဇဝါပါပဲ။

နိုင်ငံရေး ဒီမိုကရေစီကို တည်ဆောက်ပြီးပြီ ဆိုရင် ဆက်လုပ်ရမှာက လူ့သမိုင်းကြီး တစ်လျှောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ကြိမ်ကလေးမျှသာ ပေါ်ခဲ့ဖူးပြီး ဗြိတိန်မှာရော အမေရိကန်မှာပါ မပေါ်ပေါက်နိုင်သေးတဲ့ 'ဒီမိုကရေစီ ယဉ်ကျေးမှု' ကြီးကို အကောင်အထည် ဖော်ရမှာ ဖြစ်ပါတယ်။ အဲဒီ အရေးမှာ အောင်မြင်သလား၊ မအောင်မြင်ဘူးလား ဆိုတာကို ကြည့်ပြီး ကျွန်တော်တို့အပေါ် သမိုင်းက အကဲဖြတ်မှာ ဖြစ်ပါတယ်။ အဲ. . ကန့်လန့်ကာကိုတော့ ဖွင့်ရမှာပေါ့။ ဒါပေမယ့် အဲဒါက ပြဇာတ်မှ မဟုတ်သေးဘဲ။

'သာမန်တို့ရဲ့ရာစု' မှာ သာမန်လူတွေက ဘာဇာတ်ထုတ်ကို ကကြမှာလဲ၊ ဘာရာစုကို တည်ဆောက်ကြမှာလဲ။ နိုင်ငံရေးရာတွေဟာ သူတို့လက်ထဲကို တစ်စတစ်စပိုပြီး ရောက်လာတော့မယ်။ ရှုပ်ထွေးပွေလီလှတဲ့ ပြည်တွင်းပြည်ပ နိုင်ငံရေးရာ ပြဿနာတွေကို မှန်မှန်ကန်ကန် သုံးသပ် ဆုံးဖြတ်နိုင်လောက်တဲ့ အသိပညာ အမြော်အမြင်၊ စာရိတ္တအရည်အသွေး သူတို့မှာ ရှိပါရဲ့လား။ နောက်တစ်ဆင့် ဒီထက်တောင်ပိုပြီး အရေးကြီးတာက မြင့်မားတဲ့ယဉ်ကျေးမှုကြီးတစ်ရပ် တည်ဆောက်နိုင်တဲ့စွမ်းရည် သူတို့မှာ ရှိနေပါရဲ့လား။

ယဉ်ကျေးမှုကလဲ သာမန်လူတွေအလိုက်သာ ဖြစ်လာမှာဆိုတော့ သာမန်လူတို့ရဲ့ဝါသနာ၊ အကြိုက် ဆန္ဒ၊ စွမ်းရည် အလျောက်သာလျှင် ဖြစ်လာရတော့မယ်





ဒီတော့ အဲဒီ သာမန်လူတွေက မြင့်ရင် ယဉ်ကျေးမှု မြင့်မှာပဲ။ နိမ့်နေရင် ယဉ်ကျေးမှုလဲ နိမ့်သွားမှာပဲ။

ဇာတ်ထုပ်ဇာတ်ညွှန်းကိုတော့ သူတို့က မရေးဘူးပေါ့။ ဒါပေမယ့် ကပြအသုံးတော်ခံမယ့် ဇာတ်ကောင်တွေကိုတော့ သူတို့အထဲကပဲ ထုတ်ယူရမှာ။ ဒီတော့ သူတို့က ဘယ်ဇာတ်ထုပ်မျိုးကို ကချင်သလဲ၊ ဘယ်ဇာတ်လမ်းမျိုးကို ကနိုင်သလဲ။ ပရိသတ်ကြီးကကော လက်ခံပါ့မလား၊ ကြိုက်လောက်ပါရဲ့လား။

သာမန်ပြည်သူတွေရဲ့ ဩဇာကြီးလာမှုကိုတော့ ကျွန်တော်တို့ သေချာကို ကြုံနေကြရပြီဖြစ်ပါတယ်။ စာနယ်ဇင်းဆိုကြပါစို့ - လွန်ခဲ့တဲ့ ရာစုနှစ်က ဆိုရင် စာနယ်ဇင်းက သာမန်လူတွေကို စာရင်းမသွင်းဘူး။ နောက်တော့ သာမန်လူတွေ နားလည်အောင်၊ ကြိုက်အောင် အလိုလိုက်ပြီး ရေးလာလိုက်ကြတာ စောင်ရေအများဆုံး ထုတ်ဝေနေကြရတဲ့ လန်ဒန် သတင်းစာကြီးတွေ ဟာတောင် လွန်ခဲ့တဲ့ နှစ် ၅၀ လောက်တုန်းက ဘယ်သတင်းစာမျိုးမှ မဆင်းခဲ့တဲ့ အဆင့်ထိအောင်ကို ရောက်သွားတော့တာပဲ။

ဒါတင်မကသေးဘူး။ သာမန်ရုပ်ရှင်ကားတွေနဲ့ တခြားအနုပညာတွေရဲ့ သွင်ပြင်လက္ခဏာရပ်တွေကို 'လက်ရှောင်' ဆိုပြီး ပေါက်ကောင်ဖွင့်သလို ရှုမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ သာမန်လူတို့ မှီကမ်းနိုင်တဲ့ အဆင့်နဲ့ ကျွန်တော်တို့ ရင်ဆိုင်ရမယ့် ပြဿနာကို တွေ့တော့တာပဲ။ တချို့နေရာတွေမှာ ယဉ်ကျေးမှုက တက်လာသလို တချို့နေရာမှာ ယဉ်ကျေးမှုက ကျသွားတယ်။

ဒီလိုဆိုလိုက်တော့ 'ယဉ်ကျေးတဲ့ အမျိုးသား' ဆိုတာ ဘာလဲလို့ မေးခွန်းထုတ်ချင်ကြပါလိမ့်မယ်။ ဝဝလင်လင် စားရတယ်၊ ကောင်းကောင်းမွန်မွန် နေရတယ်။ ကိုယ်စွမ်းကိုယ်စ ရှိရင်ရှိသလောက် အလုပ်အကိုင်ကလေးလည်း ရှိတယ်။ အားလပ်ချိန်မှာ ပေါက်တတ်ကရ မလုပ်မိအောင် ထိန်းသိမ်းပေးတဲ့ အပန်းဖြေစရာတွေလည်း ရှိတယ်ဆိုတာမျိုးလေးတွေလောက်ကိုသာ ဆိုလိုတာ မဟုတ်ပါဘူး။ အဲဒါမျိုးတွေလိုလေသေးမရှိ ပြည့်စုံခဲ့တဲ့ ရောမအင်ပါယာကြီးဟာ ယဉ်ကျေးတဲ့ အမျိုးသားအဆင့်ကို မရောက်ခဲ့ပါဘူး။ 'ယဉ်ကျေးမှုဆိုသည်မှာ တန်ဖိုးသိစိတ်ဖြစ်သည်' လို့ အနက်ဖွင့်ကြပါတယ်။ အဲဒီ တန်ဖိုးသိစိတ် ဆိုတာဟာ အသိပညာနဲ့ စိတ်ကူးစိတ်သန်းတို့ရဲ့ တန်ဖိုးလောက်ကိုသာ မကဘဲ ကိုယ်ကျင့်စာရိတ္တရဲ့ တန်ဖိုးကိုပါ သိသောစိတ်ထိအောင် နယ်ကျယ်လာမယ်ဆိုရင် အဲဒီ အနက်ဖွင့်ချက်ဟာ မှန်ပါပေတယ်။ အယဉ်ကျေးဆုံး (ဝါ) ယဉ်ကျေးမှု အမြင့်ဆုံး အမျိုးသားဆိုတာက သူတို့





တန်ဖိုးသတ်မှတ်တာကိုက အမြင့်ဆုံးတွေကိုမှ သတ်မှတ်တာ ဖြစ်တဲ့ပြင် အဲဒီထိပ်တန်းဆိုတာကို သိလည်း သိတယ်၊ ရအောင်လည်း ကြိုးပမ်းတယ်။ အဲဒီ အရည်အသွေးတွေ၊ လုပ်ဆောင်မှုတွေ သည်ပင်လျှင် ဘဝရဲ့ အညွှန့်သရဖူ ဖြစ်လာရတယ်။ ပထမတန်းစား 'ထိပ်' ဆိုတာမျိုးကို ဖန်တီးနိုင်ရင်တော့ အကောင်းဆုံးပဲပေါ့။ အနုပညာနဲ့ ရသစာပေတို့ အတွေးအခေါ်နဲ့ သိပ္ပံပညာတို့လို ကိစ္စမျိုးတွေမှာ ပထမတန်းစား ဆိုတာမျိုးက လိုချင်တိုင်း ရတာမဟုတ်ဘူး။ အဲဒါမျိုးက လူနည်းစုကလေးရဲ့ ပါရမီဒုလ္လဘ ကိစ္စ၊ အနုပညာတို့၊ စာပေတို့ ဆိုတာမျိုးကျတော့ ခေတ်ကကို ပွင့်လန်းပါဦးမှ ပေါ်နိုင်တာ။

ဟုမွားတို့၊ ပလေတိုတို့၊ ဒန်တေတို့၊ ရှိတ်စပီးယားတို့၊ မိုက်ကယ်အင်ဂျိုလိုတို့၊ ဗီသိုဗင်တို့လို လူမျိုးတွေက နေ့တိုင်းမွေး နေတာမဟုတ်ဘူး။ ဒါပေမယ့် 'ပထမတန်းစား' ဆိုတာမျိုးကို သူတို့လို ဖန်တီးနိုင်စွမ်း မရှိရင်တောင်မှ ပထမတန်းစားကို ပထမတန်းစားပဲရယ်လို့ သိတတ်ရှိသေတတ်ရင် အဲဒါဟာ ယဉ်ကျေးတဲ့ အမျိုးသားတို့ရဲ့ လက္ခဏာသွင်ပြင်ပါပဲ။

အဲဒီလို အနုပညာစတဲ့ နယ်ပယ်မျိုးတွေမှာ ပထမတန်းစားအဆင့်ကို မလှမ်းနိုင်သေးတော့

www.burmeseclassic.com



ဘယ်လိုလူမျိုးမဆို ပထမတန်းစားအဆင့်ကို လှမ်းချင်ရင် လှမ်းမီနိုင်တဲ့ နယ်ပယ်တစ်ခု ရှိနေပါသေးတယ်။ အဲဒါကတော့ 'ကိုယ်ကျင့်စာရိတ္တ' ပါပဲ။

လောကမှာ တကယ်မြင့်မြတ်တဲ့ ဂုဏ်ရည်မှန်ရင် လူစွမ်းကောင်းများသာ လုပ်နိုင်တဲ့ကိစ္စလို့ နယ်သတ်မှတ် မထားပါဘူး။ အဲဒီ ဂုဏ်ရည်တွေဟာ လူတိုင်း မီကမ်းနိုင်တာချည်းပါပဲ။ အဲဒါဟာဖြင့် ခရစ်ယာန် သာသနာတော်ရဲ့ တွေ့ရှိထုတ်ဖော်ချက် တစ်ခုပါပဲ။

ဒီတော့ 'ယဉ်ကျေးမှု ဆိုသည်မှာ မှန်ကန်သော တန်ဖိုးသိစိတ်ဖြစ်သည်' လို့ ဆိုရင် သာမန်လူများရဲ့ ရည်မှန်းလုပ်ဆောင်မှုတွေဟာ နိုင်ငံရေး ဒီမိုကရေစီလေးလောက်နဲ့ (သို့မဟုတ်) လူလက်တစ်ဆုပ်စာလောက်ကသာ ယဉ်ကျေးပြီး လူများစုကြီးက အလုပ်ရှိတယ်။ ဝမ်းရေးမပူရဘူး။ အပန်းဖြေစရာတွေ ရှိတယ် ဆိုတဲ့ နိုင်ငံတော်လောက်ကလေးနဲ့ တင်းတိမ်နေလို့ ဘယ်မှာ ဖြစ်နိုင်ပါတော့မလဲ။ 'ပထမတန်းစား' လူ့ဘဝမျိုးကို ရနိုင်အောင် ရည်မှန်းရတော့မှာပေါ့။ လူ့စရိုက်သဘာဝကြီးကို အကျယ်ပြန့်ဆုံးထိ လှမ်းပြီး တွက်ရမယ့် ပြဿနာ ဖြစ်ပါတယ်။ ဒီလို လူ့အဖွဲ့အစည်းမျိုး တစ်ကြိမ်တစ်ခါမှ မပေါ်ခဲ့ဖူးသေးပါဘူး။





သေချာပြီးပြည့်စုံတဲ့ ဒီလို လူ့အဖွဲ့အစည်းမျိုး ဆိုတာလည်း ဘယ်တော့မှ ပေါ်နိုင်ဖွယ်ရာတော့ မရှိပါဘူး။

အဲ . . ဒါပေမယ့် အုပ်ချုပ်ရေးယန္တရား သက်သက်မျှထက်ပိုပြီး အဆင့်မြင့်တဲ့ ဒီမိုကရေစီနိုင်ငံတစ်ခုတော့ သမိုင်းမှာ ပေါ်ခဲ့ဖူးပါသေးတယ်။ အဲဒီမှာ နိုင်ငံတော်ရဲ့ အသံကို တီးတိုးကလေးမျှဖြစ်စေ လူတိုင်းကြားယောင် ခံစားနိုင်ပြီး ယဉ်ကျေးမှု ကျယ်ပြန့်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းလိုက်ကြတာ လှည်းနေလှေအောင်း မြင်းဖောင်းမကျန် ယဉ်ကျေးမှု ပျံ့နှံ့ခဲ့ပါတယ်။

မက်သယူးအာနိုးလ်ကလည်း အဲဒါကြောင့် ပြောခဲ့တာပဲ။ သူက-

> ဆင်ခြင်ဉာဏ်ရှိသော သူများအဖို့ 'အေသင်' နိုင်ငံငယ်ကလေးသည် တခမ်းတနား စိတ်ဝင်စားစရာ နိုင်ငံကြီးတစ်ခု ဖြစ်နေရခြင်းမှာ-
>
> ပြည်သူတို့၏ ယဉ်ကျေးမှုပင် တခမ်းတနား မြင့်မားနေခြင်း၊
>
> အုပ်ချုပ်ရေးစနစ်တွင်လည်း ပြည်သူများကို စိတ်ဝမ်းမြူးအောင် နှိုးနိုင်လင့်ကစား စိတ်နေစရိုက် အရည်အသွေးကို မြင့်တင် မပေးနိုင်သော ပဒေသရာဇ် စနစ်မျိုးလည်း မဟုတ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



လူတွေက သွက်လက် ထက်မြက်သလောက် အမြင်ကျဉ်း သိမ်ဖျင်းသော ဒီမိုကရေစီမျိုးလည်း မဟုတ်ခြင်း၊

အေသင်ဒီမိုကရေစီမှာ လူလတ်တန်းစားသာမက အောက်ဆုံးလွှာပါ မကျန် အဆင့်အမြင့်ဆုံး လူသားများအဖြစ် ရောက်အောင် တိုးတက်သွားခဲ့သည်။ သူသူငါငါ လူထုကြီး တစ်ရပ်လုံးကပင်လျှင် ယခု မြင်တွေ့နေကြရသည့် ရှေးဟောင်း ရုပ်တု အဆောက်အအုံ မျိုးတွေအောက် တစ်ပြားသားလျှော့လျှင် မကျေနပ်နိုင်လောက်အောင် ရသခံစားမှုအဆင့် မြင့်မားသွားကြသည်။

ပလေတို မှတ်တမ်းတင်ထားခဲ့သော ဆွေးနွေးခန်း 'ကထာ' များကို သုံးသပ်ကြည့်လိုက်လျှင် ယဉ်ကျေးရည်မွန်သော လောကကြီး တစ်ရပ်လုံးအတွက် စံပြု လောက်သော အတွေးအခေါ်များကို လွတ်လပ်စွာ၊ နက်ရှိုင်းစွာ ဆွေးနွေးကြသည်ကို တွေ့နိုင်သည်။ ကုန်သွယ်ဈေးရောင်းသူများပင်လည်း ထိုဝိုင်းများတွင် ဝင်ရောက် ဆွေးနွေးနိုင်ကြသည်။

ထို့ကြောင့် လက်တစ်ဆုပ်စာ မျှသာရှိသော





အေသင် အမျိုးသားများကို ကျွန်တော်တို့ ခေတ်ပြိုင် သန်းပေါင်းများစွာသော အမျိုးသားတွေထက် (တရားသေ စာအုပ်ကြီးသမားများမှအပ) လူတိုင်းက စိတ်ဝင်စားမိကြခြင်း ဖြစ်သည်။

'ရှေးဟောင်းပစ္စည်း ဆိုသည်မှာ အဟောင်းအမြင်းမျှသာ ဖြစ်သည်။' 'ဂန္ထဝင်ပညာရေး ဆိုသည်မှာ ပဒေသရာဇ်ခေတ် ထင်ရာမြင်ရာ ပညာရေးစနစ်ဖြစ်သည်' ဟု ပြောတတ်ကြသော တက်ခေတ်ဆရာများသည် ထိုအချက်ကို သေချာ သတိပြုမိလျှင် သူတို့စကားကို ပြန်ပြီးစဉ်းစားမိလောက်ဖွယ်ရာဖြစ်သည်။

'အေသင်' ဒီမိုကရေစီမှာ အမြင့်စား ယဉ်ကျေးမှုကို လူထုထဲ စိမ့်ဝင်ပျံ့နှံ့သွားအောင် လုပ်ပေးနိုင်ခဲ့တယ်ဆိုတဲ့ ကျွန်တော် ပြောချင်တဲ့အချက်ကို မစ္စတာအားနီးလ်က ရေးသွားလိုက်တာ ထင်းနေတာပါပဲ။

## ပြန်ဆိုသူ၏မှတ်ချက်

ငယ်စဉ်က ကမ္ဘာ့သမိုင်းကို သင်ယူခဲ့ရဖူးခြင်း၊ မိမိကိုယ်တိုင်လည်း ဂရိယဉ်ကျေးမှုအကြောင်းကို အတန်အသင့် ဖတ်ရှုခဲ့ဖူးခြင်း၊ ဆရာဇော်ဂျီ၏ ကျေးဇူးကြောင့် 'ပလေတိုကထာ' များကိုလည်း ဖတ်ဖူးခြင်း



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ကြောင့် အေသင်နိုင်ငံတော်လေးကို လေးစားခြင်း ဖြစ်ခဲ့မိပါသည်။ သို့သော် ယခု ဆရာကြီး ထောက်ပြလိုက်မှ သူတို့နိုင်ငံတော် ဖွဲ့စည်းပုံ၊ ဆောင်ရွက်ကြပုံ၊ ပြည်သူပြည်သားဟူသမျှ အဆင့်မြင့်တက်လာအောင် နိုင်ငံတော်က စောင့်ရှောက်နိုင်ကြပုံတို့ကို အံ့သြခြင်းကြီးစွာ ဖြစ်မိပါတော့သည်။

ထို့ပြင် နိုင်ငံတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ကြတော့မည်ဆိုလျှင် ပညာရေး အခြေခံအုတ်မြစ်၏ အရေးပါအရာရောက်ပုံကိုလည်း လေးနက်စွာ ဆင်ခြင်မိပြန်ပါသည်။

အေသင်ခေတ်က ယဉ်ကျေးမှု အဆောက်အအုံ သမိုင်းအမွေအနှစ်များ အကြောင်းကို ပြောလိုက်သောအခါ ကျွန်တော်တို့၏ ပုဂံခေတ်အကြောင်းကိုလည်း လှမ်းပြီး တွေးလိုက်မိပါသည်။ ထို့ပြင် ငါတို့ဟာ လူသားတို့ ယဉ်ကျေးမှုအဆင့်အားဖြင့် တွက်ကြည့်လိုက်လျှင် ပုဂံသားတွေလောက်မှ မဟုတ်ပါကလား ဟုလည်း အားငယ်သွားပြန်ပါသည်။

သာမန်လူများအကြိုက်ကို လိုက်သောကြောင့် စာနယ်ဇင်းများကလည်း အဆင့်နိမ့်လာရသည်ဟု ဆရာကြီးက ထောက်ပြလိုက်သောအခါ ကျွန်တော်တို့ စာပေလောကတွင် ယနေ့ကြုံတွေ့နေရသော စာအုပ် အငှား





ဆိုင်များနှင့် အပေါစား ဝတ္ထုများအကြောင်းကိုပါ လှမ်းပြီး တွေးလိုက်မိပြန်ပါသည်။ စာအုပ်အငှားဆိုင် များကြောင့် စာဖတ်သူဦးရေ တိုးလာသည်မှာလည်း မှန်ပါသည်။ သို့သော် စာရေးဆရာများ (အထူးသဖြင့် ထုတ်ဝေသူများက) အများကြိုက် အပေါစားများကို အငှားဆိုင်ကြိုက်လောက်အောင် ဆင်းလာကြရသည် ဟုလည်း ထင်မိပါသည်။ စာဖတ်သူများက ကျွန်တော့် ထက်ပိုပြီး ဆက်လက် တွေးတောကြလိမ့်မည်ဟု ထင်မိပါသည်။

*လူလက်တစ်ဆုပ်စာ လောကကသာ*
*ယဉ်ကျေးပြီး*
*လူများစုကြီးက အလုပ်ရှိတယ်၊ ဝမ်းရေးမပူရဘူး။*
*အပန်းဖြေစရာတွေ ရှိတယ်ဆိုတဲ့*
*နိုင်ငံတော်လောကကလေးနဲ့*
*တင်းတိမ်နေလို့*
*ဘယ်မှာ ဖြစ်နိုင်ပါတော့မလဲ။*
*'ပထမတန်းစား' လူ့ဘဝမျိုးကို ရနိုင်အောင်*
*ရည်မှန်းရတော့မှာပေါ့။*



www.burmeseclassic.com

www.burmeseclassic.com

# ဗြဟ္မစိုရ်ပညာရေး (၂)

ကျွန်တော်တို့ကိုယ်တိုင် ရယူကြိုးပမ်းဖို့ လုပ်ဆောင်နေကြတဲ့ ကိစ္စဖြစ်နေလေတော့ အက်သင်းတို့ရဲ့ ဒီမိုကရေစီ လုပ်ဆောင်နည်းကို လေ့လာကြည့်ရင် နည်းကောင်း လမ်းညွှန်လေးများ ရလောက်ရဲ့လို့ အောက်မေ့မိတာကြောင့် အနည်းငယ် တင်ပြဆွေးနွေးလိုပါတယ်။ အက်သင်း ဒီမိုကရေစီဟာ ဘယ်လိုဟာမျိုးလဲလို့ သုံးသပ်ကြတော့မယ်ဆိုရင် 'ပဲရီးကလီးစ်' ရဲ့ အနက်ဖွင့်ချက်နဲ့ နိဒါန်းပျိုးမှ သင့်ပါလိမ့်မယ်။ သူပြောတာက-

'ကျွန်ုပ်တို့၏ အခြေခံစည်းမျဉ်းသည် လူနည်းစု၏ လက်ထဲတွင်မရှိ၊ လူများစု၏ လက်ထဲတွင်သာ ရှိသည်။ ထို့ကြောင့် ဒီမိုကရေစီဟု ခေါ်တွင်ခြင်းဖြစ်သည်။ သို့စေကာ ပြည်သူအချင်းချင်းတို့၏ တရားတဘောင် ကိစ္စများတွင်ကား တန်းတူညီမျှ ရှိကြကြောင်း





မွေသတ်က ခိုင်လုံစေသည်။ လူမှုရေး ရပ်တည်ချက်အတွက် ဆိုလျှင်ကား တစ်စုံတစ်ရာတွင် ထူးချွန်သောသူကို အများက လိုလားမြှောက်စားကြမြဲ ဖြစ်သောကြောင့် အဆင့်အတန်းသည် ပဓာနမဟုတ်၊ အရည်အချင်းသည်သာ ပဓာန ဖြစ်ချေသည်။ တစ်စုံတစ်ယောက်သည် ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးပြုနိုင်သည်ဖြစ်အံ့ သူ၏ဆင်းရဲနွမ်းပါးမှုသည် အဟန့်အတား လုံးဝမဖြစ်စေရ။ ဤသို့ ချင့်သုံးသည်'

ဒါဟာဖြင့် အင်ဂလိုဆက်ဆွန်တို့ ထွန်းကားခဲ့တဲ့ခေတ်က 'လွတ်လပ်သောဒီမိုကရေစီ' သဘောအနက် ဖွင့်ချက်ပါပဲ။ ဒီထက်ကောင်းမွန် ပေါ်လွင်တဲ့ အနက်ဖွင့်ချက် မရှိတော့ပါဘူး။ ဘယ်အဆင့် ဘယ်အလွှာကဘဲ ဖြစ်ဖြစ်၊ ဘယ်လို စွမ်းရည်မျိုးပဲရှိရှိ လူတိုင်းဟာ နိုင်ငံတော် အုပ်ချုပ်ရေးမှာ ဝင်ရောက်ပြောဆိုနိုင်ခွင့် ရှိတယ်။ လွတ်လပ်စွာ လုပ်ငန်းထူထောင်ခွင့်ဟာလဲ ရည်မှန်းချက်ကြီး တစ်ခုဖြစ်ခဲ့တယ်။ တန်းတူညီမျှဆိုတာမှာလဲ တရားသေ ဘောင်ခတ်ထားတာမျိုး မဟုတ်ဘူး။ တော်ရင်တော်သလောက်၊ ကောင်းရင်ကောင်းသလောက် အလိုလို အကျိုးခံစားခွင့် ရလာတာပဲ။ လူတိုင်းကို လှမ်းပြီးမေးလိုက်တဲ့ မေးခွန်းက 'ဘယ်သူလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံဘယ်လောက်ရှိသလဲ၊ မိဘတွေက ဘယ်သူလဲ' ဆိုတာမျိုး မဟုတ်ဘူး။ 'နိုင်ငံတော် လူ့အဖွဲ့အစည်း အတွက် ဘာအလုပ်အကျွေးပြုနိုင်သလဲ' ဆိုတဲ့ မေးခွန်းသာလျှင် ဖြစ်တယ်။

တကယ်ပါပဲ၊ အက်သင်းနိုင်ငံလေးမှာ လူတွေဟာ နိုင်ငံတော်ကို တကယ့်ကို အလုပ်အကျွေး ပြုခဲ့ကြတာပဲ။ သူတို့ ဝမ်းရေးအတွက် လယ်ယာကိုင်းကျွန်းလုပ်ကြတယ်၊ လက်မှုပညာတွေကို လုပ်ကြတယ်၊ ရောင်းကြဝယ်ကြ စီးပွားရေးတွေကို လုပ်ကြတယ်။

ဒါတွင်လားဆိုတော့ မဟုတ်သေးပါဘူး။ သူတို့ဟာ နိုင်ငံတော်သား အဖြစ်ကို အပြည့်အဝ ခံယူခဲ့ကြတယ်။ လွတ်တော်လို့ ခေါ်နိုင်တဲ့ 'ဂိုဏ်းတော်ကြီး' အတွက်လဲ မဲပေးပြီး ရွေးကောက်တင်မြှောက်ကြတယ်။ နိုင်ငံတော်ရေးရာတွေမှာလဲ ကိုယ်စီကိုယ်ငှ ဝင်ရောက် ဆင်နွှဲကြတယ်။ နိုင်ငံငယ်ငယ်ကလေးမို့သာလဲ ဖြစ်နိုင်ခဲ့တာပေါ့လေ။ ကြည်းတပ် ရေတပ်တွေမှာလဲ မငြင်းမဆန် ဝင်ရောက် အမှုထမ်းကြတယ်။ အမိနိုင်ငံတော်ကို မြင့်မြတ်သော အဖြစ်သို့ ရောက်စေတယ်လို့ သူတို့ယုံကြည်ကြတဲ့ ဘာသာရေးပွဲတော်ကြီးတွေမှာလဲ ပါဝင်ဆင်နွှဲကြတယ်။

သူတို့နေတဲ့ အိမ်ကလေးတွေက ရိုးရိုး





ကုပ်ကုပ်ကလေးတွေ ဖြစ်နေပေမယ့် သူတို့အားလုံးပိုင်ဆိုင်တယ်လို့ ဂုဏ်ယူကြတဲ့ လူထုအဆောက်အအုံ ဂူကျောင်း ဗိမာန်ကြီးတွေကိုတော့ တခမ်းတနားကြီး ကျော့မော့နေအောင် ဆောက်နိုင်ခဲ့ကြတယ်။ ဒီမြို့ပေါက်စလေးက ထုတ်လုပ်လိုက်တဲ့ ပြဇာတ်တွေ၊ ရသစာပေတွေကို ကျော်လွန်နိုင်တဲ့ အနုပညာ ပစ္စည်းမျိုး ဒီကနေ့ထိ မဖန်တီးနိုင်ကြသေးဘူး။

ဒီအနုပညာ ပစ္စည်းတွေကို လက်တစ်ဆုပ်စာလောက်သာရှိတဲ့ ပါရမီရှင်တွေက ဖန်တီးလိုက်တာပဲ။ ဒါပေမယ့် အနည်းစု လူမလိုင်များသာလျှင် ခံစားနိုင်တဲ့ အဖြစ်မျိုးကို ရောက်မသွားခဲ့ဘူး။ ပြည်သူအားလုံးကကို အရသာ ခံနိုင်ခဲ့ကြတယ်။ တစ်နှစ်ပြီးတစ်နှစ် တင်ဆက်တဲ့ ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ ပြဇာတ်ကြီးတွေကို တစ်ခဲနက်လာပြီး ကြည့်ကြတယ်။ ဒီပြဇာတ်တွေကလဲ ပေါ့ပေါ့တန်တန် မဟုတ်ဘူး။ ဘာသာရေးပြဿနာတွေ၊ ကိုယ်ကျင့်တရားကိစ္စတွေ၊ လူမှုရေးတရားတွေကို အလေးအနက် သရုပ်တင်ထားတာ။ လူကြိုက်များအောင် လုပ်ထားတာမျိုး တစ်ခုမှ မပါဘူး။ လူကြိုက်များအောင်ရယ်လို့ ဟန်ရော အကြောင်းအရာမှာပါ တစ်ပြားသားမှ နှိမ့်မထားဘူး။ အမြင့်ဆုံး အကောင်းဆုံး ဖြစ်နေအောင်ကို ဖန်တီးထားတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အများသူငါ အားလုံးက ခံစားနိုင်ခွင့် ရှိကြတယ်။ လူနည်းစု ဦးဆောင်တာ မဟုတ်ဘဲ လူအများစုက ဦးဆောင်နေတဲ့ ဒီ အက်သင်းနိုင်ငံငယ် ကလေးမှာ လူ့ဘဝနဲ့ပတ်သက်ပြီး ဘာများလိုနေသေးသလဲ ဆိုတာကို ရှာလို့ကို မရနိုင်အောင် ပြည့်စုံနေခဲ့ပါတယ်။ ပြည်သူတွေ ကိုယ်တိုင်ကလဲ 'ဒါဟာ ငါတို့နိုင်ငံတော်ပဲဟ' ဆိုပြီး အမြတ်တနိုး ကိုယ်ကျိုးကို တစ်စက်ကလေး မငဲ့ဘဲ အလုပ်အကျွေး ပြုခဲ့ကြတယ်။

အခုလည်း ကျွန်တော်တို့ဟာ ဒီမိုကရေစီစနစ်ကို တည်ဆောက်ကြတော့မယ် ဆိုရင် ဒီ 'အက်သင်း' နိုင်ငံငယ်ကလေးရဲ့ ဒီမိုကရေစီသဘောကို ခေါင်းထဲမှာ ထည့်ထားဖို့ လိုပါတယ်။ ကျွန်တော်တို့မှာ အက်သင်းထက်တောင် အခွင့်အလမ်း သာနေသေးတာတွေက အင်မတန်ကြွယ်ဝတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ ရှိတယ်၊ နောက်ကြောင်းပြန်ပြီး ပညာယူဖို့ အနှစ်နှစ်ထောင်စာ လူ့သမိုင်းစဉ်ကြီးလည်းရှိတယ်။ အဲဒီအပြင် ဂရိလူမျိုးတွေ ရနိုင်ခဲ့တဲ့ လူ့သဘာဝ ဉာဏ်မီးရောင်အပြင် ခရစ်သာသနာတော်ရဲ့ အလင်းတော်ကြီးကို ရလိုက်ပါသေးတယ်။ ဒီတော့ အက်သင်း ဒီမိုကရေစီထက် သာကိုသာရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုး ထားသင့်ပါတယ်။





(**ဆရာကြီး၏ မှတ်ချက်** ။ ။ ဂရိလူမျိုးများမှာ ကျေးပိုင်ကျွန်ပိုင် ထားရှိခဲ့ကြသောကြောင့် အက်သင်း နိုင်ငံတော်ကို အလေးမူစရာ မလိုဟု မထင်မိပါ။ 'ဝါရှင်တန်' 'ဂျက်ဖာဆင်' 'ဟာမီလ်တန်' တို့သည် ကျေးပိုင် ကျွန်ပိုင်ခေတ်တွင် လူဖြစ်ခဲ့ကြပြီး သူတို့ကိုယ်တိုင်လည်း ကျွန်များကို ပိုင်ဆိုင်ခဲ့ကြသည်။ ထိုပုဂ္ဂိုလ်များကို အလေးမမူအပ်ဟု တစ်ခါမျှ မထင်ခဲ့ဖူးပါ။)

ကောင်းပြီ . . . ဒါဖြင့် အက်သင်းတွေဟာ ဘယ်ပုံ ဘယ်နည်းလုပ်ခဲ့ကြသလဲ။ သမိုင်းစဉ်ကို လှမ်းကြည့်လိုက်ရင် ပထမ အာဏာရှင်စနစ်၊ အဲဒီနောက် မင်းစိုးရာဇာခေတ်၊ နောက်တော့မှ ပြည့်စုံတဲ့ နိုင်ငံရေး၊ စီးပွားရေး ဒီမိုကရေစီစနစ်အထိ တိုးတက်ပြောင်းလဲသွားတယ်။

ဒီလို ပြောင်းလဲ တိုးတက်မှုမျိုး တခြားလူတွေမှာလည်း ရှိခဲ့တာပါပဲ။ ဒါပေမယ့် အလွန့်ကို အဆင့်မြင့်တဲ့ အက်သင်း ဒီမိုကရေစီစနစ်ရဲ့ ဝိသေသလက္ခဏာတွေဟာ ဘာတွေလဲ။

ရုပ်ပစ္စည်းတွေ အနေနဲ့ ပြောကြမယ်ဆိုရင် အက်သင်း လူမျိုးတွေဟာ ကျွန်တော်တို့ထက် အများကြီးကို ဆင်းရဲကြပါတယ်။ သူတို့မှာ သိပ္ပံကို

www.burmeseclassic.com



အသုံးချနိုင်စွမ်း မရှိကြသေးဘူး။ ကုန်ထုတ်လုပ်ငန်းကြီးကြီးမားမား မရှိဘူး။ အဲဒါတွေထက် ပိုပြီး အံ့သြစရာကောင်းတာက အခြေခံ မူလတန်းလောက်က အထက်ကို ပညာသင်ဖို့ စာသင်ကျောင်းကို မရှိခဲ့ဘူး။ မဖြစ်စလောက် လူတန်းစားကလေးအတွက်မှ အပတန်းမြင့်လို၊ တက္ကသိုလ်လိုဟာမျိုး ရှိကိုမရှိခဲ့ဘူး။ ကျွန်တော်တို့ ပညာရေးစနစ်မှာ မရှိရင် မဖြစ်ဘူးလို့ ယူဆထားကြတဲ့ စာမေးပွဲဆိုတာမျိုး သူတို့မှာ လုံးဝမရှိခဲ့ဘူး။ အက်သင်းနိုင်ငံသား အတော်များများဟာ စာရေးစာဖတ် တတ်ကိုတတ်ခဲ့ဟန် မရှိဘူး။ တတ်ပြန်ရင်တောင်မှ ဖတ်စရာစာအုပ်ကလဲ များများစားစား မရှိခဲ့ဘူး။ လက်နဲ့ကူးပြီး ရေးထားကြရတာ မဟုတ်လား။ ဒီလိုအခြေအနေမျိုးမှာ ဘယ်လိုလုပ်ပြီး အသိပညာ ဖွံ့ဖြိုးနိုင်ခဲ့ကြသလဲ။ ဒီကနေ့တိုင်အောင် အံ့ချီးဖွယ်ရာဖြစ်နေတဲ့ ပြဇာတ်ဆရာကြီးတွေ၊ စာဆိုတော်ကြီးတွေ ဘယ်လိုလုပ်ပြီး ပေါ်ပေါက်ခဲ့သလဲ၊ ပြည်သူတွေကလည်း ဘယ်လိုလုပ်ပြီး ကျကျနန ခံစားနိုင်တဲ့အဆင့်ကို ရောက်ခဲ့ရသလဲ။ တကယ့်ကို စိတ်ဝင်စားစရာကောင်းတဲ့ ပြဿနာတွေပါပဲ။ အက်သင်း နိုင်ငံကလေးအဖြစ်ကိုသာလျှင် မကဘဲ သုခုမ ယဉ်ကျေးမှုဆိုတာကြီးရဲ့ သဘာဝကို ယေဘုယျအားဖြင့် ရိပ်မိနိုင်





စကောင်းတာမို့လည်း စိတ်ဝင်စားနေခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့က မရှိရင်မဖြစ်ဘူးလို့ ယူဆထားတဲ့ အရာမျိုးတွေ မရှိဘဲနဲ့ အက်သင်းတွေက စခန်းသွားနိုင်ကြတဲ့ အကြောင်းကို ကျွန်တော်တင်ပြခဲ့ပြီးပါပြီ။ သူတို့မှာ ရှိခဲ့ပြီး ကျွန်တော်တို့မှာ လုံးဝမရှိတဲ့ (ရှိပါတယ်ဆိုရင်တောင် အလွန်နည်းပါးတဲ့) ကိစ္စကလေးတွေကို ကျွန်တော် ဆက်ပြီး ပြောပြချင်ပါတယ်။ အက်သင်းတွေဟာ စာမဖတ်ကြပါဘူးဆိုရင် စကားတော့ ပြောကြပါတယ်။ ပညာကို ကျောင်းတွေ၊ စာအုပ်တွေကနေပြီး မရပါဘူး။ ဆွေးနွေးမှုက ရကြပါတယ်။ အဲဒီခေတ်ရဲ့နောက် နှစ်ပေါင်းငါးရာလောက် အကြာမှာ အက်သင်းမြို့ကို ရောက်သွားတဲ့ 'ရှင်ပေါလု' အရှင်မြတ်က ဘာပြောသလဲ ဆိုတော့ . . . 'အက်သင်းမြို့သားတို့သည် အသစ်အသစ်သော စကားကို ပြောဆိုကြားနာခြင်းတို့မှတစ်ပါး အခြား၌ အချိန်မလွန်ကြစေကုန်' တဲ့။ ရှင်ပေါလု ရောက်မသွားမီ နှစ်ပေါင်းငါးရာ လောက်ကလည်း ဒီအတိုင်းပါပဲ။ ဈေးပြင် ဈေးရပ်မှာ၊ အားကစားရုံမှာ ဆွေးနွေးကြတာပဲ။ သူတို့ အားကစားရုံဆိုတာကလဲ အားကစားနဲ့ ကလပ်နဲ့ ပေါင်းစပ်ထားတာမျိုး ခပ်ဆန်းဆန်း သဘာဝ ဖြစ်ပါတယ်။

ဒီနေ့ထက်တိုင်အောင် ဂရိကဖေးဆိုင်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဝိုင်းမျိုးတွေ ရှိနေဆဲပါပဲ။ အက်သင်းလူမျိုးတွေ ဆွေးနွေးပြောဆိုကြပုံက ပြောပြီးရင် ပြီးရောဆိုတဲ့ ပြီးပြီး ပျောက်ပျောက် စကားမျိုးတွေ မဟုတ်ပါဘူး။ ဆော့ခရတ္တိရဲ့ ဒဿနတွေဟာ ဒီလိုပဲ နှုတ်နဲ့ ပြောခဲ့တာတွေပါ။ '**အကယ်ဒမီ**' တို့ '**ပေါ်ချ်**' တို့ ဆိုတဲ့ ဒဿန ကျောင်းတော်ကြီးတွေမှာ 'အရစ္စတိုတဲလ်' 'အပ်ပီးခူး ရပ်စ်' တို့လို ဆရာကြီးတွေက အချင်းချင်း အပြန် အလှန် မေးမြန်းဆွေးနွေးပြီး သင်ကြားပေးခဲ့ကြတာပဲ။ ဒီနေ့ ခေတ်မီ တက္ကသိုလ်ကြီးတွေနဲ့ ယှဉ်လိုက်မယ် ဆိုရင် စုပေါင်းခန်းမကလွဲလို့ စာသင်ခန်းမတို့၊ စာကြည့် တိုက်တို့ မရှိဘူး။ ကျန်တာတွေမှာ အတူတူပါပဲ။

သင်ပုံသင်နည်းနဲ့ ပတ်သက်လို့ကတော့ ပြော စရာတွေ တစ်ပုံကြီးပါပဲ။ ဆွေးနွေးမေးမြန်းရင်း ကပဲ လူ တစ်ယောက်ဟာ သူမသိသေးတာတွေဟာ ဘာတွေလဲ ဆိုတာကို သိလာတယ်။ သူ အတွေးလွဲသွားတဲ့ နေရာ တွေကို တွေ့လာတယ်။ သူ မှားနေတာတွေကို မြင်လာ တယ်။ အဲဒီနည်းက တစ်ဖက်မှာလည်း အရေး ပါတာ သူတကယ် သဘောပေါက်နေတာတွေ၊ ယုံကြည်နေတာ တွေကိုရော သူ့ဘက်က မှန်နေတာတွေကိုရော သေချာ သိလာတယ်။ ဆွေးနွေးရင်း 'စောဒကလှိုင်း' တွေ တိုက်စားသွားလိုက်တော့ အပေါ်ယံ နုန်းတွေ၊ သဲတွေ





မျောပါသွားပြီး ခိုင်မာတဲ့ ကျောက်သား ပကတိသာ ကျန် နေရစ်တော့တဲ့ သဘောပေါ့။ ဆွေးနွေးခြင်းအားဖြင့် အတွေ့အကြုံသစ်တွေကို ရတယ်။ နောက်ပြီး ကိုယ့်ထက် မြင့်မားသူနဲ့ ဆွေးနွေးလိုက်ခြင်းအားဖြင့် ကိုယ်ပါ မြင့်တက်လာတာကြောင့် အမြင့်ကလှမ်းပြီး လူ့ဘဝကို မြင်ကွင်း ကျယ်ကျယ် မြင်လိုက်နိုင်ပြန်တာပေါ့။

ဒီလို အဖြစ်မျိုးကို စာပေကျမ်းဂန်တွေ ဖတ်ရှု ခြင်းအားဖြင့်လည်း ရနိုင်ပါတယ်။ ဒါပေမယ့် ဆွေးနွေး ခြင်းလောက်တော့ မပြည့်စုံနိုင်ဘူး။ စာအုပ်တွေမှာ တစ်ကွက်ဟာနေတာက သူတို့မှာ အမေးအဖြေ၊ အဆို အချေလိုဟာမျိုး မရှိနိုင်ဘူး မဟုတ်လား။

<u>ပြန်ဆိုသူ၏မှတ်ချက်</u>

၁။ ပဲရီးကလီးစ် (၄၉၅ - ၄၂၇ ဘီစီ) = ဂရိဒီမိုကရေစီ ခေါင်းဆောင်၊

၂။ အရစ္စတိုတဲလ် (၃၈၄ - ၃၂၀ ဘီစီ) = ပလေတို၏ တပည့် ဒဿနပညာရှင်၊

၃။ အက်ပီးခူးရပ်စ် (၃၄၁ - ၂၇၀ဘီစီ) = ဒဿန ပညာရှင် ဒိသာပါမောက္ခကြီး၊

၄။ ဝါရှင်တန် (၁၇၃၂ - ၉၉) = အမေရိကန် ပထမဆုံး သမ္မတ၊



www.burmeseclassic.com

www.burmeseclassic.com



၅။ ဂျက်ဖာဆင် (၁၇၄၁ - ၁၈၂၆) = အမေရိကန် တတိယမြောက် သမ္မတ၊

၆။ ဟာမီလ်တန် (၁၇၅၇ - ၁၈၀၄) = အမေရိကန် ဖက်ဒရယ်ပါတီ ခေါင်းဆောင်။

'အကယ်ဒမီ'၊ 'ပေါ်ချ်' စသည်တို့မှာ အရစ္စတိုတဲလ် စသော ဂရိဒဿန ပညာရှင်ကြီးများက တပည့်များအား ဆွေးနွေး ပို့ချပေးရာ နေရာဒေသများ ဖြစ်ပါသည်။ ကျောင်းအဆောက်အအုံဟူ၍ မည်မည်ရရ မရှိပါ။ 'အကယ်ဒမီ' ဆိုလျှင် လူထုအပန်းဖြေ ဥယျာဉ်ကြီးထဲရှိ တောအုပ်ကလေးတစ်ခု၏ အမည်သာ ဖြစ်ပါသည်။ ထိုတောအုပ်ကလေးထဲ၌ပင် အေးအေးလူလူ ဆွေးနွေးပြီး ပညာတိုးစေခြင်းဖြစ်ပါသည်။ ပဲရီးကလီးစ်ဆိုလျှင် သူ၏တပည့် တစ်ဦးချင်းကို စကြံလျှောက်ရင်း သင်ပေးလေ့ရှိသည်ဟု ဆိုပါသည်။ ယခု ကျွန်တော်တို့ခေတ် သင်ကြားမှုစနစ်လို ဆရာက တစ်ဖက်သတ် သင်ကြားသွားနည်းမျိုး မဟုတ်ပါ။ တပည့်၏ ကိုယ်ပိုင်ဉာဏ်ကို နိုးကြားစေလျက် သူ့ဘာသာ သဘောပေါက်လာအောင် ဖေးမတွဲခေါ်သွားသည့် သဘောမျိုး ဖြစ်ပါသည်။ ကျွန်တော်တို့၏ ကျေးဇူးရှင် ဆရာဇော်ဂျီ ဘာသာပြန်ထားသော 'ပလေတိုနိဒါန်း' မှ 'ဝမ်းဆွဲဥပမာ' ကို ဖတ်ကြည့်လျှင်





ဂရိတို့၏ ပညာသင်ကြားမှုနည်းလမ်းကို ကောင်းကောင်း တွေ့နိုင်ပါသည်။ ပညာကို အထူးအမြတ် လိုလားကြသော ကြေးရတတ် အထက်တန်းလွှာတို့၏ သားသမီးများသာလျှင် ဤသို့ ဆရာကြီးများထံ ချဉ်းကပ် ပညာယူနိုင်ကြပါသည်။ သို့သော်လည်း သာမန်လုပ်စားကိုင်စား လူတန်းစားများသည်လည်း ထိုသို့သော ပညာရှိကြီးများ၏ သင်ကြားမှုကို တစ်ဆင့်စကားကြားနာ ဆွေးနွေးကြခြင်းအားဖြင့် 'ပညာတတ်' များ အဖြစ်သို့ ရောက်လာနိုင်ကြသည်ပင် ဖြစ်သည်ဟု ဆိုပါသည်။

**'တိုင်းရေးပြည်ရာနှင့် အသိပညာရပ်များကို စိတ်မဝင်စားသူအား လူညံ့လူဖျင်းအဖြစ် သဘောထားကြသည်'** ဟု သမိုင်းများတွင် ဆိုကြပါသည်။

ရှင်ပေါလု (စိန့်ပေါလ်) ၏ မှတ်ချက်ကို ခရစ်ယာန်သမ္မာကျမ်းစာ ဓမ္မသစ် တမန်တော်ဝတ္ထုတွင် တွေ့ရပါသည်။

'အာသင် မြို့သူမြို့သားအပေါင်းနှင့် ဧည့်သည်များတို့သည် သတင်းစကားကို ပြောကြားခြင်း၊ နားထောင်ခြင်း အမှုမှတစ်ပါး အခြားသော အမှုဖြင့် ကာလကို မလွန်စေတတ်ကြ'

(တ၊ ၁၇ : ၂၁)



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးစနစ်တစ်ခုကို တည်ဆောက်တော့မည်ဆိုလျှင် ထိုစနစ်ကို အထောက်အကူ ပြုသော ပညာရေးစနစ် မလွဲမသွေ ထူထောင်ကြရမည်သာ ဖြစ်ပါသည်။ ယခုအခါ အချို့သော ဒီမိုကရေစီ နိုင်ငံများ၌ပင်လျှင် 'ဒီမိုကရေစီအနိုင်ကျင့်မှု' များ ပေါ်ပေါက်နေသည်ကို ကြားရသောအခါ နိုင်ငံရေးစနစ်ကို ပညာရေးက အမီမလိုက်နိုင်သောကြောင့်ပေလော၊ သို့မဟုတ် ဒီမိုကရေစီပညာရေးကို အားပေးမှု နည်းသောကြောင့်ပေလော စသည်ဖြင့် စဉ်းစားနေမိပါသည်။ ဥရောပနိုင်ငံအချို့သည် ဒီမိုကရေစီစနစ်သို့ တက်ကြွစွာ တာစူနေကြပြီဖြစ်ရာ သူတို့သည်လည်း 'ဒီမိုကရေစီ အားတိုးဆေး ပညာရေး' ကို ဘယ်မျှထိအောင် စိတ်ဝင်စား ကြပါသနည်း ဟုလည်း မှန်းဆကြည့်နေမိပါသည်။ 'ဒီမိုကရေစီ နိုင်ငံသားကောင်းများ' ဖြစ်လာအောင် ကလေးဘဝ ကတည်းကစပြီး ပညာသင် ပျိုးထောင်ပေးလိုက်မှ သာလျှင် ပြည်သူတိုင်း ဒီမိုကရေစီကို မြတ်နိုးတတ်ပြီးလျှင် မိမိကိုယ်တိုင်လည်း ဒီမိုကရေစီကို အနိုင်မကျင့်ခြင်း၊ သူတစ်ပါး အနိုင်ကျင့်သည်ကိုလည်း ဝိုင်းဝန်းရှုတ်ချခြင်း စသည့် အကျင့်ကောင်းများ ဖွံ့ဖြိုးလာနိုင်မည် ဖြစ်ပါသည်။ ပညာရေးတွင်သာမဟုတ်ဘဲ အခြားသော အနုပညာစသည့် လောက





များကိုလည်း ငဲ့စောင်းကြည့်ကြရမည် ဖြစ်ပါသည်။ စာပေများ၊ ရုပ်ရှင်၊ ဗွီဒီယို စသည်များကိုလည်း သတိပြုကြည့်ရမည် ထင်ပါသည်။ လူစုပြီး ဥပဒေမဲ့ ပြုလုပ်မှုများ၊ ဒုစရိုက်ဂိုဏ်း နည်းပေးလမ်းပြ လုပ်မှုများ၊ သေနတ် တယမ်းယမ်းနှင့် လက်နက်အားကိုး ပြုမှုများ အဘယ်မျှလောက်ထိအောင် အသားပေးထားကြသည်ကို အကဲခတ်သင့်သည်ဟု ထင်ပါသည်။

*ယခုအခါ အချို့သော ဒီမိုကရေစီ
နိုင်ငံများ၌ပင်လျှင်
'ဒီမိုကရေစီ အနိုင်ကျင့်မှု' များ
ပေါ်ပေါက်နေသည်ကို ကြားရသောအခါ
နိုင်ငံရေးစနစ်ကို ပညာရေးက
အမီမလိုက်နိုင်သောကြောင့် ပေလော၊ သို့မဟုတ်
ဒီမိုကရေစီ ပညာရေးကို အားပေးမှု
နည်းသောကြောင့်ပေလော
စသည်ဖြင့် စဉ်းစားနေမိပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

## ဖြဟ္မစိုရ်ပညာရေး (၃)

ဆွေးနွေးပြောဆိုမှု တန်ဖိုးဆိုတာကလည်း ဆွေးနွေးသူများရဲ့ အသိဉာဏ်ပေါ်မှာ တည်နေတာ ဖြစ်လေတော့ ဒေါက်တာဂျွန်ဆင်က ဒေါ်ဒ်စ်ရဲ့ အပေါ် 'သူ ဟောပြောလေသမျှ အဟောသိကံ' လို့ မှတ်ချက်ချခဲ့သလို အဟောသိကံသမားတွေလည်း အက်သင်းဆွေးနွေးပွဲတွေမှာ ရှိခဲ့ဦးမှာ အမှန်ပေါ့။

နောက်ပြီး အက်သင်းရဲ့ ပညာပေးနည်းစနစ် နောက်တစ်မျိုး ရှိပါသေးတယ်။ အဲဒါကတော့ သူတို့ရဲ့ ဂိုဏ်းတော် (လွှတ်တော်) ငြင်းခုံဆွေးနွေးပွဲမှာ မြို့သူမြို့သားတိုင်း ဆွေးနွေးနိုင်ခွင့် ရှိတဲ့ အချက်ပါပဲ။ အဲဒီမှာ မဲဆန္ဒရှင်တိုင်း တက်ရောက်နိုင်တယ်၊ နားထောင်နိုင်တယ်၊ ပြောနိုင်တယ်၊ မဲဆန္ဒပေးနိုင်တယ်၊ ပြည်တွင်းရေး နိုင်ငံခြားဆက်ဆံရေးတွေနဲ့ ပတ်သက်ပြီး အပြောအဟော ကောင်းပါပေ့ဆိုတဲ့ လူတွေ တင်ပြပြောဆိုတာ





တွေကို ကြားနာနိုင်တယ်။ ကျွန်တော်တို့ခေတ်မှာ ရှိတဲ့ သိပ္ပံပစ္စည်းတွေမျိုးကို အိပ်မက်တောင် မက်ရကောင်းမှန်း မသိသေးတဲ့ အဲဒီလို အချိန်အခါမျိုးမှာ အက်သင်းတွေရလိုက်နိုင်တဲ့ အခွင့်အလမ်းကို မှန်းသာ ကြည့်လိုက်ပါတော့။ အဲဒါတွေဟာ အက်သင်းမှာ တကယ်ရှိခဲ့တာတွေပါပဲ။

ကျွန်တော်တို့ခေတ်နဲ့ ဘာမှမဆိုင်ဘူး။ ကျွန်တော်တို့ ပါတီ၊ အဖွဲ့အစည်း၊ ညီလာခံတွေ၊ ရေဒီယိုမိန့်ခွန်းတွေမှာ ဆိုရင်လည်း ကျွန်တော်တို့က အခြေအတင် ပြောချင်လို့ မရဘူး။ ကောက်ကာငင်ကာ လှမ်းပြီး ထောက်လိုက်ခွင့်လည်း မရဘူး။ အက်သင်းမြို့သားတွေအားလုံး ပါဝင်ခဲ့နိုင်တာမျိုး ကျွန်တော်တို့မှာ မရှိဘူး။ အဲဒီလို ပါဝင်နိုင်ခွင့်ရှိတော့ ဘယ်လို ကျေးဇူးတွေ ဖြစ်ထွန်းလာသလဲ။ စကားပြောဆိုမှုမှာ အလွန်ကို အဆင့်မြင့်သွားတယ်။ ကျွန်တော်တို့ရဲ့ လွှတ်တော်တွေထဲမှာ မဟုတ်တာ လေကြောရှည်နေလို့ အမတ်တွေဟာ နားငြီးမှုသက်သာ ပါစေတော့ဆိုပြီး ဆေးလိပ်သောက်ခန်းထဲကို ထွက်ပြေး တိမ်းရှောင်ကြရတယ်။ အဲဒီ လေကြောမျိုးကို လူထုအစည်းအဝေးမှာ ပြောလို့မရဘူး။ လူထုကလည်း နိုင်ငံရေးကို သိပ်စိတ်ဝင်စားပြီး အသိဉာဏ်ကလည်း ဖွံ့ဖြိုးလာတော့ ဆွေးနွေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကို ကြည်ကြည်လင်လင် မြင်တတ်ပြီး ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်စွမ်း ရှိလာကြတယ်။

'သူးဆီးဒိုက်ဒီးစ်' ရဲ့ မိန့်ခွန်းတွေကို ကျွန်တော်တို့ လက်မခံနိုင်ဘူးဘဲ ထားဦးတော့ 'ဒီမိုစသီးနီးစ်' နဲ့ တခြား ပုဂ္ဂိုလ်တွေရဲ့ မိန့်ခွန်းတွေမှာဆိုရင် 'လက်ခုပ်ချူ'တာမျိုး၊ အာဝဇ္ဇာန်းလေး သက်သက်လို ဟာမျိုး လုံးဝ မဟုတ်ဘဲ အကျိုးအကြောင်း ခိုင်ခိုင်မာမာ တင်ပြထားတာကိုသာ တွေ့ရတယ်။ ကျွန်တော်တို့ ဒီခေတ် 'လေကြောရှည်' လူထုမိန့်ခွန်းတွေမှာ အဲဒီလို ကောင်းတာမျိုး အလွန်ကို တွေ့ရခဲပါတယ်။ ကမ္ဘာ့သမိုင်းမှာ အကြီးကျယ်ဆုံး မိန့်ခွန်းတွေဟာ ဒီအက်သင်းမြို့ပေါက်စလေးက ထွက်လာခဲ့တာပါပဲ။ ကျွန်တော်တို့ ခေတ်မှာ ပညာတတ်လူတန်းစားတွေ မျှော်မှန်းတာမျိုးကို အက်သင်းမြို့သားတွေ လိုလားတောင်းဆို တတ်အောင် သူတို့ရဲ့ နိုင်ငံရေးစနစ်က လေ့ကျင့်ပညာပေးနိုင်ခဲ့တယ်။

ဒါဟာဖြင့် အက်သင်းနိုင်ငံသားတိုင်းရဲ့ ဘဝအခြေခံ တစ်ခုပဲ။ နိုင်ငံရေးမှာ ပြည့်ပြည့်စုံစုံ ဖြစ်အောင် ပညာပေးထားတယ်။ ကျွန်တော်တို့မှာ ဒါမျိုး ဖြစ်မှ ဖြစ်နိုင်ပါ့မလား မသိဘူး။ ခုအထိ မဖြစ်သေးတာတော့ အမှန်ပဲ။





လူ့အဖွဲ့အစည်း သေးငယ်တဲ့နေရာမျိုးမှာ နိုင်ငံရေး နိုးကြားမှုက ပိုပြီး ကြီးမားတတ်ပါတယ်။ အင်မတန် ကြီးမားတဲ့ လူ့အဖွဲ့အစည်းကြီးတွေမှာတော့ မဲပေးတဲ့လူဟာ ကိုယ့်ကိုယ်စားလှယ်ရဲ့ မျက်နှာကိုတောင်မှ မမြင်ဘူးကြဘူး။ တစ်ခါတစ်ရံ နာမည်ကိုတောင် မသိဘူးကြဘူး။ သူ့စိတ်နေစရိုက်ကို သိဖို့ဆိုတာတော့ ဝေးရော။ အက်သင်းမြို့တော်က မဲဆန္ဒရှင်တွေဟာ ကျွန်တော်တို့ခေတ် သာမန် မဲဆန္ဒရှင်တွေထက် ပိုပြီး နိုင်ငံရေးမှာ ကျင့်သားရခဲ့ကြတယ်။ အဲဒီခေတ်က နိုင်ငံရေးမိန့်ခွန်းတွေရဲ့ အဆင့်မြင့်ပုံကို ကြည့်လိုက်ရင် အက်သင်းမြို့သားတွေရဲ့ နိုင်ငံရေး အဆင့်ကို မှန်းနိုင်ပါတယ်။ အရစ္စတိုတဲလ်က 'လူသည် နိုင်ငံရေး တိရစ္ဆာန်တည်း' လို့ ဆိုခဲ့တာဟာ သူ့ အမျိုးသားကို သူ ညွှန်းပြီး ပြောလိုက်ခြင်း ဖြစ်တယ်။ နိုင်ငံရေး ပညာပေးတယ်ဆိုတာ လွှတ်တော်ထဲမှာ ဆွေးနွေးကြတဲ့ ပြဿနာကို နားလည်ရုံလောက်မျှသာ မဟုတ်ဘူး။ အဲဒီလို တောင်ခြေအောက်ယံက လက်တွေ့ လိုအပ်ချက်၊ လက်ငင်း ပြဿနာတွေရဲ့ အထက်ဘက်မှာ မြေတဲ့ မြေဆီသီတာ၊ ကြည်သာတဲ့ လေညင်းကို သွင်းပေးနိုင်တဲ့ ဘာသာရေး၊ စာရိတ္တရေး၊ တရားဥပဒေ ရေးဆိုတဲ့ မြင့်မားလှတဲ့ တောင်ထွတ်ကြီးတွေ ရှိနေသေးတယ်။

Future Publishing House

www.burmeseclassic.com

www.burmeseclassic.com



ဒီအပြင် ထူးခြားတဲ့ ပညာရေးနောက်တစ်မျိုး ရှိသေးတယ်။ အဲဒီပညာရေးနဲ့ ပတ်သက်ပြီး ပဲရီးကလီးစ် က *'ငါတို့ မြို့တော်၌ စိတ်ပန်းဖြေစရာလည်းများလှစွာ၏။ အားကစားသဘင်၊ ယာဇ်နတ်သဘင်အားဖြင့်လည်း ဆယ့်နှစ်ရာသီ ရှိ၏။ ငါတို့၏ လူထုအဆောက်အုံ ဂူကျောင်းဗိမာန်တို့၏ ကျော့မော့ တင့်တယ်မှုသည် ဟဒယကို မြူးကြွစေလျက်၊ ပသာဒဖြင့်မျက်စိကို နိစ္စဓူဝ ချမ်းမြစေကုန်၏။ ဤသို့သော သုခမျိုးကို ပေးနိုင်သည့် မြို့ပြ တစ်ပါးတွင် မရှိတော့ပြီ'* လို့ မှန်းခဲ့ပါတယ်။

ဗိသုကာ အနုပညာမှာ ကြီးကျယ်လိုက်ပုံကလည်း ပြိုကျပျက်စီး နေတာကြီးတောင်မှ ဒီကနေ့အထိ 'ကမ္ဘာ့မြတ်ဌာနီကြီး' အဖြစ် ရောက်နေသေးတာကိုသာ ထောက်ကြည့် ကြပါတော့။ ရှေးခေတ်ကတော့ ပွဲတော်တွေကလဲ တစ်ပုံတစ်ပင်ကြီး၊ ဘာသာရေးပွဲတော် လှည့်ပွဲတွေကလဲ ခြိမ့်ခြိမ့်သဲသဲ စာပြောတွေ ဘာတွေ ခင်းလို့။ ခုခေတ် မနီးယိုးစွဲ ခပ်ဆင်ဆင် ဆိုရင်ဖြင့် ကက်သလစ် ဘုရားပွဲတော်မျိုးပေါ့။

နောက်ဆုံးတစ်ချက်- ကျွန်တော်တို့က ဘယ်လိုမှ လိုက်လို့ မမီနိုင်တာကတော့ 'ဒိုင်အိုနီးဆပ်စ်' ပွဲတော်မှာ ခင်းကျင်းကပြတဲ့ အလွမ်းပြဇာတ်၊ အမြုး





ပြဇာတ်ကြီးတွေပါပဲ။ အခြေခံတာတော့ ဘာသာရေးပဲ။ ဒါပေမယ့် ဘာသာရေး ဘောင်ကျဉ်းကျဉ်းလေးထဲမှာ ရပ်တည်နေတာ မဟုတ်ဘူး။ ဘာသာရေးနဲ့ ပြဇာတ်ပုံပျက် မသွားဘူး။ ရှိတ်စပီးယားရဲ့ ပြဇာတ်ကြီးတွေကို ဘာသာရေးမှာ အခြေခံပြုပြီး စာရိတ္တပြဿနာ၊ နိုင်ငံရေးပြဿနာတွေ ဝေဝေဆာဆာ သမအောင် ထည့်မွှေလိုက်တော့ ဖြစ်ပေါ်လာမယ့် ပြဇာတ်ကောင်းကြီးတွေကို စိတ်ကူးနဲ့ မှန်းကြည့်လိုက်စမ်းပါ။ အဲဒါ သူတို့ခေတ် ပြဇာတ်ကြီးတွေရဲ့ လက္ခဏာပါပဲ။

ဂရိအလွမ်းပြဇာတ်တစ်ခုဖြစ်တဲ့ 'အက်စ်စီးလပ်စ်၏ အသနားတော်ခံ' ပြဇာတ်မှာဆိုရင်-အားနည်းသူတို့ရဲ့ အခွင့်အရေးပြဿနာ၊ အဖိနှိပ်ခံတို့ကို စောင်မဖို့ နိုင်ငံတော်ဟာ စစ်ပွဲကြီးတစ်ပွဲ နွဲသင့် မနွဲသင့် ဆိုတဲ့ ပြဿနာမျိုးကြီးတွေကို တင်ပြသွားတာပဲ။

ပြဇာတ်ကြီးတွေဟာ တစ်ခုပြီးတစ်ခု ဒီလို ပြဿနာမျိုးကြီးတွေကိုချည်း တင်ပြသွားတာပဲ။ နိုင်ငံတော်ရဲ့ ဆန္ဒနဲ့ အခြေခံဥပဒေတို့ အားပြိုင်တာတွေ၊ ချမ်းသာကြီးပွားလို့ ဖောက်ပြန်ပြီး ပျက်စီးကျဆုံးသွားရတဲ့ လောကနိယာမကြီးတွေ၊ မှားမိတဲ့ဝန်တွေအတွက် အပြစ်ဒဏ်ကြွေး ပေးဆပ်ကြတာတွေ၊ စစ်နဲ့ပတ်သက်လာရင်လည်း ရှုဒေါင့်အသွယ်သွယ်ပါပဲ-



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးသားလုံးရဲ့ စစ်အောင်ပွဲကြီးတွေ၊ စစ်ရှုံးသူတို့ရဲ့ ဒုက္ခတွေ၊ စစ်အပြိုင်မှာ အောင်ပန်းဆင်နိုင်သော်လည်း အောက်တန်း ကျသွားရတဲ့ အဖြစ်မျိုးတွေ စသည်ဖြင့် ထောင့်မျိုးစုံက တင်ပြထားကြတာပဲ။

ဇာတ်မြူးပြဇာတ်တွေမှာ တောင်မှ အဲဒီခေတ် နိုင်ငံရေးနဲ့ လူတွေရဲ့စရိုက်လက္ခဏာကို သာမက ကောင်းကျိုး ဆိုးပြစ်တွေကိုပါ တင်ပြနိုင်ခဲ့ကြပါတယ်။ အလွမ်းဇာတ်ကြီးတွေမှာတော့ဖြင့် ပြဇာတ်ရဲ့ အမြင့်ဆုံး အထိ ရောက်သွားခဲ့ကြတယ်။ ပြဇာတ်အနေနဲ့ အနုပညာ အဆင့်မြင့်ရုံလောက်သာ မဟုတ်ဘူး၊ ဘာသာရေး၊ စာရိတ္တရေး၊ နိုင်ငံရေးပြဿနာတွေကို သုံးသပ်စိတ်ဖြာ ပညာပေး နိုင်ခဲ့ကြသေးတယ်။ အဲဒီ ပြဇာတ်ကြီးတွေကလဲ 'အက်သင်း' ပညာရေးမှာ တစ်ခန်းတစ်ကဏ္ဍ တာဝန်ယူခဲ့ကြပါတယ်။

လူထုကိုပညာပေးတဲ့အခါမှာ သဘောတရားချည်း အခြောက်တိုက် ပြောနေရင် ပျင်းစရာကြီး ဖြစ်နေမှာပေါ့။ ကဗျာ၊ ပြဇာတ်စသည်အားဖြင့် အနုပညာပစ္စည်းနဲ့ လက်တွေ့သရုပ်ဆောင်ပြလိုက်မှ သာမန်လူတွေ - သာမန်လူတွေရယ်မှ မဟုတ်ပါဘူးလေ၊ သူသူကိုယ်ကိုယ် ပိုပြီးအလေးအနက် ခံစားနားလည် နိုင်မှာပေါ့။ အက်သင်းပြဇာတ် ဆိုတာတွေက အဲဒီလိုဟာမျိုးတွေ။





နှစ်စဉ်နှစ်တိုင်း တင်ဆက်ကပြလိုက်တဲ့ အဲဒီ ပြဇာတ်ကြီးတွေထဲက လေးနက်တဲ့ အတွေးအခေါ်ကြီးတွေ၊ ထိပ်တန်းအကျဆုံး ကဗျာကြီးတွေ၊ လောကရဲ့အလှ ကန့်လန့်ကာကို ဖွင့်ပြလိုက်တာကြောင့် နားလည်ရုံသာ မဟုတ်ဘဲ စိမ့်ဝင်သွားလောက်အောင် ခံစားလိုက်ရတဲ့ ရသတွေဟာ လူတွေရဲ့စိတ်ဓာတ်ကို ဘယ်မျှထိအောင် ကျေးဇူးပြုလိုက်မယ်ဆိုတာကို ဘယ်လိုမှ မှန်းလို့မရနိုင်ပါဘူး။ ကျွန်တော်တို့ ခေတ်မှာတော့ အဲဒီလို ပြဇာတ်တွေနေရာမှာ ရေပန်းစားနေတာက ရုပ်ရှင်ပေါ့ခင်ဗျာ။

နိုင်ငံရေး၊ နောက်ပြီး ဘာသာရေး၊ အနုပညာ၊ ပြဇာတ်- အဲဒါတွေအားလုံးကို အက်သင်းမြို့သားတိုင်း မျှယူခံစားနိုင်စွမ်း ရှိခဲ့ကြတယ်။ ဒါတွေဟာ တစ်မျိုးသားလုံးနဲ့ ခွဲလို့ကို မရအောင် ရောထွေး ရက်ယှက်ထားလိုက်သလို ဖြစ်နေခဲ့တယ်။

အဲဒါ 'ဗြဟ္မစိုရ် ဒီမိုကရေစီ' တည်ဆောက်နည်း နိဿုည်းပါပဲ ခင်ဗျား။ အက်သင်းမှာ ပေါ်ပေါက်ခဲ့တဲ့ လူမျိုးတစ်မျိုးရဲ့ အံ့မခန်းယဉ်ကျေးမှု ဖြစ်ထွန်းသွားပုံပါပဲ။ ကျွန်တော်တို့ ဒီမိုကရေစီမှာ အဲဒါမျိုး မရှိသေးဘူး။ အနုပညာနဲ့ ပြဇာတ်မှာ အဲဒီနည်းမျိုး ဆန့်ဆန့်ကြီးပမ်းနေတာကတော့ ခေတ်သစ်ရုရှ တိုင်းပြည်ပါပဲ။ (၁၉၄၅ ခုနှစ်က ပြောခဲ့သော မိန့်ခွန်း ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မမေ့သင့်ပါ။ ။ ဘာသာပြန်သူ)

ရှေးခေတ် အက်သင်းမြို့တော်ကို ပြန်လည် ဆန်းသစ်လို့တော့ မရနိုင်တော့ဘူးပေါ့ခင်ဗျာ။ မြို့ပြ နိုင်ငံတော် စနစ်နဲ့အတူ အဲဒီပုံစံကလဲ ပျက်သုဉ်းသွား ခဲ့ပြီ မဟုတ်လား။ ကျွန်တော်တို့ ခေတ်ကြီးရဲ့ အခြေ အနေ အရပ်ရပ်ကလဲ အဲဒါမျိုးတွေပြန်လုပ်လို့ မရနိုင် လောက်အောင် ခြားနားသွားခဲ့ပါပြီ။ ဒါပေမယ့် အက်သင်း ဒီမိုကရေစီဟာ ကျွန်တော်တို့ကို စိန်ခေါ်နေ သလို စံအဖြစ်တော့ ရပ်တည်နေဆဲပါပဲ။ ဒီမိုကရေစီ ကို ဘယ်လို ဖန်တီးသင့်သလဲ၊ ဘယ်လောက်အထိ ဖန်တီးနိုင်သလဲ ဆိုတာကို နည်းပေးလမ်းပြ ပြုလုပ် နေဆဲပါပဲ။ ကျွန်တော်တို့က အဲဒါကို အခြေခံပြီး နောက်ထပ် တိုးတက်အောင် လုပ်နိုင်ကြတာပေါ့။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ လေ့လာ သင်ခန်းစာယူစရာ အနှစ်နှစ်ထောင်စာ သမိုင်းအတွေ့ အကြုံရှိနေပြီ။ ခရစ်ယာန် သာသနာတော် ကလဲ စိတ် နှလုံးကို ဖွံ့ဖြိုးစေခဲ့ပြီ။ အသုံးချသိပ္ပံကလဲ သူတို့ခေတ် ထက် အတိုင်းမသိ သာလွန်တဲ့ ရုပ်ပစ္စည်းတွေကို ပုံအော ပေးထားပြီးပြီ။ ဒီတော့ နိုင်ငံရေး၊ အနုပညာ၊ စိတ်ဓာတ် ဆိုင်ရာတွေမှာ အက်သင်းနဲ့ ယှဉ်နိုင်လောက် တာ ကျွန်တော်တို့မှာ ဘာတွေ ရှိသလဲ။





ကဲ- နိုင်ငံရေးကို ကြည့်လိုက်ကြစို့. . . .

<u>ပြန်ဆိုသူ၏မှတ်ချက်</u>

ဒေါ့ဒ်စ် (၁၇၂၉- ၁၇၇၇) ။ ။ ခရစ်ယာန် တရား ဟောဆရာ။ အဟောအပြောတွင် နာမည်ကြီးပါသည်။ နန်းတွင်း တရားဟောဆရာ အဖြစ်သို့ပင် ရောက်ခဲ့ဖူး သည်။ သို့သော် ပညာကြီးလှသော ဒေါက်တာ ဂျွန်ဆင် ကမူကား သူ့ကို အထင်မကြီးပေ။ ထို့ကြောင့်လည်း မညှာမတာ ဝေဖန်ခြင်းဖြစ်ပေသည်။ ဒေါ့ဒ်စ်မှာ အသုံး အစွဲကြီးလွန်း သောကြောင့် ကြွေးလည်ပင်းခိုက်အထိ ဖြစ်ရသည်။ နောက်ဆုံးတွင် လက်မှတ်လိမ်မှုနှင့် ကြိုးဒဏ် ပေးခြင်းကို ခံရသည်။ ထိုအခါတွင်မူကား ဒေါက်တာဂျွန်ဆင်သည် ဒေါက်တာဒေါ့ဒ်စ် လွတ်ရာ လွတ်ကြောင်း အစွမ်းကုန် ဟိုပြေးဒီလိုက် လုပ်ရှာပါ သေးသည်။ သို့သော် ချမ်းသာခွင့် မရခဲ့ပေ။

ဒိုင်အိုနီးဆပ်စ် ။ ။ ဂရိတို့၏ နတ်ဘုရားတစ်ပါး ဖြစ်သည်။ ကောက်ပဲသီးနှံ အထွက်ကောင်းအောင်၊ မိုးလေဝသ မှန်အောင် မစနိုင်သည်ဟု ယုံကြည်ကြ သည်။ ထိုနတ်ဘုရားအား ပူဇော်သောအားဖြင့် လူတွေ စီတန်း လှည့်လည်ပြီး တေးသီကြွေးကြော်ကြခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကခုန်ခြင်းတို့ကို ပြုလေ့ရှိကြသည်ဟု ဆိုပါသည်။

ဂရိခေတ်က ဒီမိုကရေစီ ပညာပေးမှု ထိန်းသိမ်းမှုတို့တွင် ပြဇာတ်ဆရာကြီးများက တစ်ခန်းတစ်ကဏ္ဍ အလေးအနက် တာဝန်ယူခဲ့ကြပုံကို တွေ့လိုက်ရသော အခါ အလွန်အံ့သြချီးကျူးခြင်း ဖြစ်မိပါသည်။ တကယ့်ကို တာဝန်ယူနိုင်သော၊ တာဝန်ကို ပီပီပြင်ပြင် ထမ်းဆောင်နိုင်သော ပြဇာတ်ဆရာကြီး တစ်ယောက် ဖြစ်ရန် မည်မျှထိအောင် အရည်အသွေး အတွေးအခေါ် မြင့်မားရမည်ကိုလည်း မှန်းဆပြီး ရှိသေခြင်း ဖြစ်မိပါသည်။

ဗိသုကာ အနုပညာရှင်များ၊ သဘင်ပညာရှင်များ၊ ကဗျာစာပေ ပညာရှင်များ၊ နိုင်ငံရေး ခေါင်းဆောင်များ တစ်သားတည်း ပေါင်းစည်းမိကြရုံမျှမက တစ်ပြေးတည်း အရည်မြင့်ကြလျှက် နိုင်ငံသားတိုင်း ယဉ်ကျေးမှု မြင့်မားလာစေရေး၊ ပြဟ္မစိုရ် ဒီမိုကရေစီ ခိုင်မာလာစေရေး စသည်တို့တို့ တက်ညီလက်ညီ လုပ်ဆောင် ကြပုံများကို အလွန်ကြည်ညိုစိတ် ပေါက်မိပါသည်။

'ဒီခေတ်မှာတော့ ရုပ်ရှင်ပေါ့ခင်ဗျာ' ဟု စကားစပ်ပြ လိုက်သောအခါ စာဖတ်သူ ကိုယ်တိုင်လည်း ယနေ့ရုပ်ရှင်ကားများကို ငဲ့စောင်းပြီး ကြည့်လိုက်မိမည်ထင်ပါသည်။ ထိုမျှမက အသုံးချသိပ္ပံကြောင့်





ဖော်ခြင်းသောခြင်း ထွက်နေသော ဗွီဒီယို၊ ရုပ်ရှင်များကိုလည်း သတိရလိုက်မိဦးမည် ဖြစ်ပါသည်။ ထိုမျှမက ယနေ့ တေးဂီတ၊ ယနေ့ စာပေလောကကိုပါ မျက်စိကစားလိုက်ဦးမည် ထင်မိပါသည်။ စာဖတ်သူ၏ မှတ်ချက်ကိုတော့ မမေးလိုတော့ပါ။ ကျွန်တော်နှင့် ထပ်တူလောက် ဖြစ်နေမည်မို့ မေးစရာ မလိုတော့သော ကြောင့် ဖြစ်ပါသည်။

မိန့်ခွန်းတွေမှာဆိုရင်
'လက်ခုပ်ချူ' တာမျိုး၊ အာဝဇ္ဇာန်းလေး
သက်သက်လို ဟာမျိုး လုံးဝမဟုတ်ဘဲ
အကျိုးအကြောင်း ခိုင်ခိုင်မာမာ
တင်ပြထားတာကိုသာ
တွေ့ရတယ်။
ကျွန်တော်တို့ ဒီခေတ် 'လေကြောရှည်'
လူထုမိန့်ခွန်းတွေမှာ
အဲဒီလို ကောင်းတာမျိုး အလွန်ကို
တွေ့ရခဲပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ဖြဟ္မစိုရ်ပညာရေး (၄)

နိုင်ငံရေး၊ အနုပညာ၊ စိတ်ခါတ်ဆိုင်ရာတွေမှာ အက်သင်းနဲ့ ယှဉ်နိုင်လောက်ကာ ကျွန်တော်တို့မှာ ဘာတွေ ရှိသလဲ။ ကဲ- နိုင်ငံရေးကို ကြည့်လိုက်ကြစို့-

ဒီနေရာမှာတော့ ကျွန်တော်တို့အတွက် ထူးခြားတာက အချိန်မရွေး ဆွဲသုံးနိုင်တဲ့ ပစ္စည်းကောင်း ကိရိယာကောင်းတွေ ရှိလာတယ်။ ဒါပေမယ့် ပြည့်ပြည့်ဝဝတော့ဖြင့် ခုထက်ထိ မသုံးကြသေးဘူး။ အက်သင်တွေရဲ့ ဂိုဏ်းတော်ကြီး (လွှတ်တော်) အစည်းအဝေးတွေမှာ သူ့ခေတ်သူ့အခါက တော်ပေ့ကျော်ပေ့ ဆိုတဲ့ လူတွေ နိုင်ငံရေးပြဿနာ ငြင်းကြခုန်ကြတာကို အက်သင်း မြို့သူမြို့သားတွေ နားထောင်နိုင်တယ်။ ကိုယ်လဲ ဝင်ပြောနိုင်သေးတယ်။

ကျွန်တော်တို့ခေတ်မှာ 'ရေဒီယို' ဟာ အလားတူ အခြေအနေမျိုးကို ဖန်တီးပေးနိုင်တယ်။ နိုင်ငံရေး





ခေါင်းဆောင်တွေက သူတို့ရဲ့ မူဝါဒ ရှင်းလင်းတင်ပြတာကို ကျွန်တော်တို့က နားထောင်နိုင်တယ်။ ဟောပြောတဲ့ ပုဂ္ဂိုလ်ကလဲ 'မိုက်ခရိုဖုန်း' မှာ ပြောရတာဆိုတော့ အမှန်အကန်ကိုသာ ပြောဖို့ အကြောင်းရှိလာတာပေါ့။ လွှတ်လွှတ်လပ်လပ် သေချာ နားထောင်ပြီး ဝေဖန်မယ့် ပရိသတ်ကို ပြောရတာ မဟုတ်လား။ လွှတ်တော်ထဲမှာသာ ဆိုရင်တော့ သူ့ကိုထောက်ခံမယ့် ပါတီဝင်တွေက အလုံးအရင်းနဲ့ ရှိနေတယ်။ အဲဒီလူတွေက လွတ်လပ်တာမှ မဟုတ်ဘဲ။ ထပြီး ဝေဖန်လိုက်ရင် ပါတီက အရေးယူတော့ မှာပေါ့။

အဲဒီအပြင် နောက်တစ်ခုလှမ်းပြီး ထိန်းလိုက်နိုင်တာက ရှိနေသေးတယ်။ မဟုတ်တမ်းတရမ်း ကလီကမာတွေ ပြောလာရင် အတိုက်အခံတွေက ပြန်ပြီးတွယ်လိုက်မှာကိုလဲ ကြောက်ရသေးသကိုး။ ဒီတော့ အမှန်အကန်ကိုပဲ ပြောရမှာပေါ့။

ကျွန်တော်တို့ကလဲ နားထောင်နေရင်း ဟောပြောနေသူရဲ့ အသိဉာဏ်ပညာ အဆင့်လောက် ကိုသာ မကဘူး၊ သူ့ရဲ့ ယုံကြည်ချက်ခိုင်မာမှု၊ စိတ်နေစရိုက်တွေကိုပါ မှန်းဆပုံဖော်နိုင်လာတယ်။ ဒီလို ဟောပြောမှုမျိုးဟာ ရွေးကောက်ပွဲ မဲဆွယ်တဲ့ နိုင်ငံရေးဟောပြောမှုတွေမှာ သိသိသာသာကြီးကို အရေးပါလာနေပြီ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တွေကော

အက်သင်းဂိုဏ်းတော်ကြီး စနစ်ထက် ကျွန်တော်တို့ ရေဒီယိုစနစ်က တစ်ပန်းသာနေတဲ့ အချက်တစ်ခုရှိပါတယ်။ ရေဒီယိုမှာ နိုင်ငံရေးသမားတွေ ပြောတာ ဆိုတာကိုသာ ကြားနာနိုင်ရုံ မဟုတ်ဘဲ တခြား လွတ်လပ်တဲ့ ကျွမ်းကျင်သူ ပုဂ္ဂိုလ်ကျော်များရဲ့ စကား ကိုလည်း ကြားနာနိုင်တဲ့ အချက်ပါပဲ။ သူတို့မှာ ကျောထောက်နောက်ခံ ပါတီမရှိဘူး။ ဒီတော့ သူတို့ကို ဘယ်ပါတီကမှ ကျောကိုကြိမ်ထောက်၊ ခေါင်းကို ဓားမိုးပြီး ပါတီမူဝါဒကို အပြောမခိုင်းနိုင်ဘူး။ ဒီတော့ အဆိုဘက် အချေဘက် စကားနှစ်ရပ်ကိုသာ မကဘဲ ကြားနေသမား (Tertium Quid) တတိယံကဝိ ဆိုပါစို့ - သူတို့ရဲ့ မဖျိုမပဋိပဒါ စကားကိုလဲ ကြားနာနိုင်ပြန် တာပေါ့။

အက်သင်းတွေမှာတော့ သူတို့ဂိုဏ်းတော် သဘင်မှာ နိုင်ငံရေးခေါင်းဆောင် 'ကလီယွန်' ကိုကြားရ မယ်၊ 'နီးစီးယပ်စ်' ကိုကြားရမယ်။ ဒါပေမယ့် ဆော့ခရတ္တိရဲ့ ဝေဖန်ချက်ကို မကြားရနိုင်ဘူး။ သို့သော်လည်း ကျွန်တော်တို့ ရေဒီယိုရဲ့ ပျော့ကွက်က ပရိတ်သတ်ဟာ တစ်ဖက်သတ် နားထောင်ရတာပဲ ရှိတယ်။ ဆွေးနွေးလို့ မရဘူး။ ဟောပြောသူရဲ့ တင်ပြချက်တွေကို မေးခွန်းတွေ တရစပ်နဲ့ ဆီးကြောသုတ်သင်ပြီး တကယ့်အမှန်





သာလျှင် ဆန်ကာတင် ကျန်ရစ်အောင် ရွေကျင်ယူ သလို လုပ်ခွင့် မရဘူး။ အက်သင်းတွေက အဲဒီအခွင့်ကို ရခဲ့ကြတယ်။ ကျွန်တော်တို့မှာ မရဘူး။ ရတယ်ဆိုရင် လည်း နည်းတယ်။ များများရနိုင်ပါတယ်။ ကိုယ့်အချင်း ချင်း စုဝေးပြောဆိုကြတဲ့အခါမှာ အဲ့ဒါမျိုးရှိတယ်။ ဆိုကြပါစို့။ အင်္ဂလိပ် ဘုံရိပ်သာတွေမှာ၊ အထူးသဖြင့် ကျေးလက်တွေမှာ နေညိုညချမ်း စုဝေးပြောဆိုကြပုံဟာ အက်သင်း ဂိုဏ်းတော်သဘင် အသေးစားမျိုးလေးတွေ ပါပဲ။ လူ့ဘဝရဲ့ ပြဿနာပေါင်းစုံကို ဆွေးနွေးကြပါ တယ်။ ဒါပေမယ့် ပျော့ကွက်တစ်ခု ရှိနေတာက အလွတ်သဘောမျိုး ပြောကြ ဆိုကြတာ ဖြစ်လေတော့ အက်သင်း ဂိုဏ်းတော်သဘင်ကို စည်းတွေဘောင်တွေ ဖြုတ်ထား လိုက်သလိုတော့ ဖြစ်သွားတာပေါ့၊ နောက်ပြီး ကိုယ့်ရပ်ရေးရွာရေးထက် ကျော်ပြီးသိတဲ့ တတ်တဲ့သူ မရှိလေတော့ မသိတဲ့လူက မတတ်တဲ့လူနဲ့ အချေအတင် ငြင်းနေတာမျိုးတွေကလဲ မကြာခဏ ပေါ့။ ဒီတော့ ဘယ်ပြဿနာမှ ပြက်ပြက်ထင်ထင် အဖြေကို ရောက်မလာတော့ဘူး။ ကျေးလက်ပညာရှိ ဆော့ခရတ္တိဆိုတာ မျိုးလဲ ပါနိုင်တာမှ မဟုတ်ဘဲကိုး လား။ ငြင်းရင်းခုံရင်း ရန်းရုန်းရင်းရင်း ဖြစ်ကြရအောင်း လားရယ်လို့လည်း ဒါတွေကို ပေါ့ပေါ့ဆဆ သဘော



www.burmeseclassic.com

www.burmeseclassic.com



မထားသင့်ပါဘူး။ တကယ်ဆိုတော့ သူတို့ဟာ အင်္ဂလန်ရဲ့ ဒီမိုကရေစီ လူမမည်ကလေးကို ပုခက်တင် မင်္ဂလာဓချင်း လွှဲပေးပြီး ပြုစုသိမ်းမွေးနေကြတာပဲ မဟုတ်လား။ ဒါပေမယ့် အားနည်းချက် ရှိတာကတော ရှိနေတာပါပဲ။ အထူးသဖြင့် ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး ပြဿနာ ဆိုတာမျိုးတွေက ဆွေးနွေး ညှိနှိုင်းဖို့ လိုအပ်ရုံသာ မဟုတ်ဘူး၊ အသိဉာဏ် ကျယ်ဝန်းဖို့လည်း လိုအပ်နေသေးတာကိုး။

အဲဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တာကတော့ သက်ကြီးပညာရေး အစည်းအရုံး (W.E.A) သင်တန်းမျိုးတွေပါပဲ။ အဲဒီမှာတော့ဖြင့် ကျွမ်းကျင်သူလဲ ပါတယ်။ ဆွေးနွေးမှုလည်း ရှိတယ်။ ပုထုဇဉ် လူသားများ အမေနနဲ့ ဘက်လိုက်မှု အနည်းတကာ့ အနည်းဆုံးဝန်းကျင်လည်း ဖြစ်လာတယ်။ ဒီအစည်းအရုံးကြီး အပေါ် တစ်ပြိုင်နက် တင်လိုက်ကြတဲ့ စွပ်စွဲချက်ကြီး နှစ်ခုကတော့ အကြီးအကျယ် ဂုဏ်ပြုရာတောင် ရောက်သွား ပါသေးတယ်။ စွပ်စွဲချက်တစ်ခုက ဆိုရှယ်လစ်ဝါဒ ပျိုးခင်းကြီးတဲ့။ နောက်တစ်ခုကတော့ အလုပ်သမားအရေးကို သစ္စာဖောက်ပြီး အရင်းရှင်ဝါဒ လက်ထဲ ထိုးအပ်သတဲ့။ ကြေးရတတ်တွေဟာ 'လက်ယာ' ဖြစ်တတ်ကြပြီး အလုပ်သမားတွေဟာ





'လက်ဝဲ' ဖြစ်တတ် ကြစမြဲပါ။ အဲဒီအထဲက ဒီအစည်းအရုံးကြီးဟာ အလုပ်သမား လှုပ်ရှားမှုကြီး စင်စစ် မှန်ပါလျက် ဘယ်ပါတီစွဲမှ မရှိတာဟာလည်း တကယ့်အံ့တစ်ပါးပါပဲ။

အင်္ဂလန်ရဲ့ နိုင်ငံရေးဒီမိုကရေစီအပေါ် ဒီအစည်းအရုံးကြီးရဲ့ ကျေးဇူးပြုမှုကတော့ တကယ့်ကို အနန္တပါပဲ။ သူ့မှာလည်း သူမတတ်နိုင်တဲ့ ပျော့ကွက်တော့ ရှိနေသေးတာပေါ့။ ဒါဟာလည်း သူ့အပြစ်၊ သူ့တာဝန် မဟုတ်ပါဘူး။ အဲဒါက အသိပညာ မြင့်မေ့ဆိုတဲ့ လူတွေကိုသာလျှင် ထိတွေ့နိုင်တာ ဖြစ်ပါတယ်။ အဲဒီလို လူမျိုးတွေ အတွက်တော့ဖြင့် အင်္ဂလန်က အက်သင်းထက်တောင် ပိုပြီးပြည့်ဝအောင် လုပ်ပေးနိုင်ပါသေးတယ်။ ဒါပေမယ့် အက်သင်းနဲ့ ပြောင်းပြန်ဖြစ်နေတာက မဲဆန္ဒရှင် လူထုကြီးရဲ့ နိုင်ငံရေး အသိပညာပေးအတွက် အင်္ဂလန်ဟာ ခုအထိ ဘာကိုမှ လုပ်မပေးသေးဘူး။ ကြည်းတပ်မတော် အတွက်ကိုသာ အခြေခံပညာရေး လိုအပ်ချက်ကို တပ်မတော်ပညာရေးဌာနက ၁၉၃၉ ကစပြီး လုပ်ပေးခဲ့တယ်။ ဒီတော့ မဲဆန္ဒရှင်တွေဟာ နိုင်ငံရေးကို မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်နိုင်ကြပါတယ်ဆိုရင် အဲဒါ ကျွန်တော်တို့ကြောင့်တော့ဖြင့် လုံးဝမဟုတ်ပါဘူး။ ဒါဟာ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်ကြရမယ့် ပြဿနာပါပဲ။ ကိုင်တွယ်တာမှ အမျိုးသားတစ်ရပ်လုံး အတိုင်းအတာနဲ့ သက်ကြီးပညာရေးအဖြစ် ကိုင်တွယ်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အင်္ဂလန်နဲ့ အမေရိကန် နိုင်ငံရေး ပညာပေးမှုကို အက်သင်းနိုင်ငံ ပညာပေးမှုနဲ့ ယှဉ်ကြည့်လိုက်ရင် တချို့နေရာတွေမှာ ကျွန်တော်တို့က မြင့်ပြီး တချို့နေရာတွေမှာ ကျွန်တော်တို့က နိမ့်နေတယ်။ အက်သင်းတွေက တစ်မျိုးသားလုံးကို နိုင်ငံရေး အနုပညာ လေ့ကျင့်ပေးနိုင်ခဲ့တယ်။ ကျွန်တော်တို့က လူနည်းစုကလေးကို သူတို့ထက်ပိုပြီး ကျကျနန လေ့ကျင့်ပေးနိုင်တယ်။ ညံ့ရာရောက်ပါတယ်။ ကျွန်တော်တို့သာ သက်ကြီးပညာရေးကို ကျကျနန ကိုင်တွယ်မယ်ဆိုရင် အဆမတန် ပိုကောင်းလာနိုင်ပါတယ်။

အဲ . . နိုင်ငံရေးကို ကျော်ပြီး ယဉ်ကျေးမှုကို သြဇာပြုတဲ့ တခြားဟာတွေကို ယှဉ်ကြည့်လိုက်မယ်ဆိုရင်တော့ ကျွန်တော်တို့က သိပ်ပြီး မဟန်လှတော့ဘူး။

ပဲရီးကလီးစ် ပြောခဲ့တဲ့ ဘာသာရေး ပွဲတော်ကြီးတွေနဲ့ ဗိသုကာပညာရပ်ကြီးတွေကို ကြည့်လိုက်ကြရအောင်။





ဘာမင်ဂန်၊ မန်ချက်စတာ၊ လိဒ်စ်၊ ဂလပ်စကို မြို့ကြီးသားတွေဟာ အက်သင်း မြို့သူမြို့သားတွေထက် ပိုပြီး ချမ်းသာတယ်၊ လူဦးရေလည်း ပိုပြီးများတယ်။ ဒါပေမယ့် အဲဒီမြို့ကြီးတွေမှာရှိတဲ့ ကိုယ်ပိုင် အဆောက်အအုံတွေ၊ လူထုအဆောက်အအုံတွေကို အက်သင်းက ပရီပီလေးတို့၊ ပါသီနွန်တို့ဆိုတဲ့ ဗိမာန်ကြီးတွေနဲ့ ပြိုင်ကြည့်စမ်းပါလို့ ပြောမယ်ဆိုရင်တော့ ဘယ်မှာတော်နိုင်ပါ့မလဲ။

ကျွန်တော်တို့ဆီက မြို့ကြီးပြကြီးတွေမှာလည်း လမ်းမကြီး တစ်လျှောက်ကို မျှော်ကြည့်လိုက်ရင် ဗိသုကာပညာ ဆိုတာဖြင့် ဒါပါပဲရယ်လို့ ကြည့်မောနိုင်စရာတွေ ရှိတာအမှန်ပါပဲ။ ဒါပေမယ့် ယုတ်စွအဆုံး အင်္ဂလန်မှာ ဆိုရင်ပေါ့ခင်ဗျာ၊ အမြင့်မြတ်ဆုံး အတင့်တယ်ဆုံး အဆောက်အအုံ ဗိမာန်တွေ၊ အလှဆုံး မြို့ကြီးတွေအတွက် ဂုဏ်ယူကြစတမ်းဆိုရင် ဂုဏ်ယူနိုင်တာက ကျွန်တော်တို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဘိုးဘွားတွေသာလျှင် ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ခေတ်မီတဲ့ မြို့ကြီးပြကြီးတွေ ရှိနေပေမယ့် အက်သင်းက တစ်ပန်းသာနေတဲ့အချက်က သူတို့ရဲ့ အဆောက်အအုံ ဗိမာန်တွေက သူတို့ဘဝမှာ 'အမြတ်နိုးဆုံး အရာကို အကြည်လင်ဆုံးသဒ္ဒါ' နဲ့ ရည်စူးခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒီဟောပြောချက်ကို 'လန်ဒန်' နဲ့ 'ယော့ခ်' ကြား မီးရထားပေါ်မှာ ရေးခဲ့တာ ဖြစ်ပါတယ်။ အပြင် တစ်လျှောက်ကို မျှော်ကြည့်လိုက်ရင် စိမ်းညို့နေတဲ့ တောအုပ်ကလေးတွေထဲက၊ ဒါမှမဟုတ် ဝင်းမှည့်နေတဲ့ ပြောင်းခင်းတွေ ထဲက ထိုးထွက်နေတဲ့ ပြာမှိုင်းမှိုင်း စုလစ်မွမ်းချွန်ကလေးတွေ မျှော်စင်ဘုံမြင့်ကလေးတွေကို လေးငါးမိုင်လောက်ဆိုရင် တစ်ခုကျ လောက် တွေ့သွားရတယ်။

အဲဒီအဆောက်အအုံကို ကျေးလက်အိမ်ခြေကလေးတွေက ဝန်းလို့ရံလို့။ အဲဒီလို အောက်ခြေကျေးလက်ကလေးတွေမှာ အက်သင်းအငွေ့အသက်ကလေးတွေ ကျန်နေသေးတယ်။ ကိုယ့်အစုအဝန်းကလေးတစ်ခုမှာ အဆောက်အအုံကလေး တစ်ခုစီနဲ့ပေါ့။ တစ်ခါတစ်ရံလည်း 'အောက်မေ့ဖွယ်ရာ' အဆောက်အအုံလေး ဖြစ်ချင်ဖြစ်ပေမပေါ့။ ဒါပေမယ့် ပေါ့ပေါ့ တန်တန် မဟုတ်ဘူး။ လူ့ဘဝ အခြေခံဖြစ်တဲ့ မွေးတာ၊ လက်ထပ်တာ၊ သေတာ စတဲ့ သာမှု၊ နာမှု၊ ဘာသာရေး ကောင်းချီးမင်္ဂလာပေးမှု တွေနဲ့ တစ်စပ်တည်း ဖြစ်နေတဲ့ အဆောက်အအုံကလေးတွေပါပဲ။

အဲဒီနောက် မီးရထားက 'ပီတာဘောရိုး' ကို ဖြတ်သွားတော့ နော်မန်ဘုရားကျောင်းကြီးကို မြင်လိုက်





ရတယ်။ ယော့ခ်မြို့ကို အဝင်မှာ ထိုးထွက်နေတဲ့ ဘုရားကျောင်းစုလစ်ကြီးကို မြင်လိုက်ရတော့ ကျွန်တော့်ရင်ထဲမှာ ဖြစ်သွားလိုက်ပုံဟာ အက်သင်းလူမျိုးတွေ ပါသီနွန်မုခ်ဦးက ကျောက်ဖြူ တိုင်လုံးကြီးတွေကို မြင်လိုက်ရတဲ့အခါ 'အက်သီနာ နတ်ရှင်မယ်' ရဲ့ ရွှေလုံ သွားပေါ် နေခြည်ထိုးနေတာကို မြင်လိုက်ရတဲ့ အခါမျိုးမှာ ဒီလိုခံစားမှုတွေ ဖြစ်မှာပဲလို့ အောက်မေ့လိုက်မိပါတယ်။

အက်သင်းက ဆင်းရဲသူ ဆင်းရဲသားတွေဟာ လန်ဒန်အရှေ့စွန်က ဆင်းရဲသားတွေလိုပဲ နေကြရရှာမှာပါပဲ။ ဒါပေမယ့် သူတို့မှာက မျက်ခွံကလေး ပင့်ကြည့်လိုက်ရုံနဲ့ ကျောက်သားနဲ့ဖော်ထားတဲ့ အလှတရားကို တွေ့ကြရတော့တာပဲ။ တစ်စုံတစ်ဦးက ပိုင်တာ မဟုတ်ဘဲ အားလုံး ခံစားနိုင်တဲ့ အများပိုင် အလှရတနာသိုက်ကြီး ဖြစ်နေပြန်တာကြောင့် ပိုပြီး ကောင်းနေပါသေးတယ်။

ကျွန်တော်တို့ဆီက 'အက်သ်နယ်ဂရင်း'တို့၊ 'အီစ်ဟမ်' တို့မှာ နေတဲ့လူတွေကျတော့ ဒါမျိုးတွေကို မြင်ခွင့် မရကြတော့ပါဘူး။ အက်သင်းကို အလှဆင်ခဲ့တဲ့ ဒီလို ဗိမာန်မျိုးတွေ မရှိတော့ဘူးဆိုရင် ကျွန်တော်တို့က ပိုပြီး ဆင်းရဲမွဲတေရာ ရောက်သွားပြီပေါ့။ ဒါတွေကို



www.burmeseclassic.com

www.burmeseclassic.com



ငါတို့လူမျိုးတွေ ဖန်တီးနိုင်ပါကလားရယ်လို့ ပြည်ချစ်ဇာတိမာန် ပေါ်လာနိုင်စေရမယ်။ အမျိုးသား ပညာရေးမှာလည်း ဒါမျိုးတွေကို နှစ်သက်လိုလားတတ်အောင်၊ လေးစား မြတ်နိုးတတ်အောင် ထည့်သွင်းလေ့ကျင့်ပေးရမယ်။

ဒီလို ဂုဏ်ယူတတ်မှု၊ ဒီလို ပညာပေးမှု ဘယ်လောက် လိုအပ်နေပြီ ဆိုတာကို မျက်ဝါးထင်ထင် မြင်ချင်သပဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်လောက်က အောက်စ်ဖို့ဒ်မြို့တော်နဲ့ ဒီနေ့ အောက်စ်ဖို့ဒ်မြို့တော်ကိုသာ ယှဉ်ကြည့်လိုက်ပါတော့။ မဆင်မခြင် လုပ်ပစ်လိုက်ကြလို့ မဖြစ်စလောက် ကာလကလေး အတွင်းမှာ ကမ္ဘာပေါ်မှာ အလှဆုံးမြို့လေး တစ်မြို့ဟာ ဘယ်လောက် နာသွားရတယ် ဆိုတာကို တွေ့လာကြရပါလိမ့်မယ်လို့ပဲ ပြောလိုက်ပါရစေတော့။ ။

## ပြန်ဆိုသူ၏မှတ်ချက်

ကလီယွန် ။ ။ အပြောအဟော အာဝဇ္ဇာန်းကောင်းလှသောကြောင့် ၄၂၇ ဘီစီ လောက်စပြီး နာမည်ကြီးလာသော အက်သင်း နိုင်ငံရေး ခေါင်းဆောင် တစ်ဦးဖြစ်သည်။





နီးစီးယပ်စ် ။ ။ အက်သင်း နိုင်ငံရေး ခေါင်းဆောင် စစ်ဗိုလ်ချုပ်ဖြစ်သည်။ လူချမ်းသာ တစ်ယောက်ဖြစ်ပြီး အာဝဇ္ဇာန်းသမား ကလီယွန်နှင့် ပြိုင်ဘက် အတိုက်အခံ ဖြစ်သည်။

အက်သီနာ ။ ။ ရှေးခေတ်ဂရိသမိုင်းတွင် အတတ်ပညာ၊ စစ်ရေးစစ်ရာ၊ စိုက်ပျိုးရေး၊ အနုပညာ စသည်အားဖြင့် ဘက်ပေါင်းစုံတွင် တန်ခိုးကြီးလှသော 'အပျိုစင် နတ်မိမယ်' တစ်ပါးဖြစ်ပါသည်။ သူ၏ပုံကို သရုပ်ဖော်ရာတွင် ရှေးခေတ် ဂရိအကျီဝတ်၊ ဝတ်ရုံခြုံ၍ ဗိုင်းစွဲ၊ သံခမောက် ဆောင်းထားလေ့ ရှိသည်။ ပန်းပု ပညာကျော်ကြီး ဖိဒီးယပ်စ်၏ နာမည်ကြီး လက်ရာ မွန် နှစ်ခုအနက် ပါသီနွန် မုဒ်ဦးတွင်ထားသော 'အက်သီနာ နတ်ရှင်မယ်' ရုပ်ထု မှာ တစ်ခုဖြစ်သည်။ ရိုးသားခြင်းနှင့် သိမ်မွေ့ခြင်း၊ အောင်နိုင်စွမ်း ရှိခြင်းနှင့် ငြိမ်းချမ်းခြင်း၊ ပညာကြီးခြင်းနှင့် ရိုးစင်းခြင်းတို့ကို ပေါင်းစပ်ပေါ်လွင် စေခြင်းကြောင့် အံ့ဩဖွယ် အနုပညာလက်ရာ ဖြစ်သည်ဟု ဆိုကြပါသည်။

ဘာမင်ဂန်၊ မန်ချက်စတာ၊ လိဒ်စ်၊ ဂလပ်စကို စသည်တို့မှာ စက်မှုမြို့ကြီးများဖြစ်လျက် ကြွယ်ဝချမ်းသာသူလည်း ပေါများပါသည်။ လန်ဒန်မြို့၏ အရှေ့စွန်မှာ လူဆင်းရဲများနေကြသော ဒေသဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဘက်သ်နယ်ဂရင်း(Bethnal Green)၊ အိစ်ဟမ်(East Ham) ဆိုသည်မှာ လူနေမှု အလွန်နိမ့်ကျသော ဆင်းရဲသားများနေထိုင်ရာ ရပ်ကွက်များဖြစ်ပါသည်။ အက်သင်းမြို့တွင် မည်မျှ ဆင်းရဲစေဦး သူတို့အတွက် ခံယူဖွယ်ရာ ဂုဏ်ယူဖွယ်ရာ အနုပညာများ၊ ဗိမာန်များ ရှိနေကြသည်ကို ပြောလိုခြင်း ဖြစ်ပါသည်။

အောက်စ်ဖို့ဒ်တက္ကသိုလ်ရှိ အချို့သော အဆောက်အအုံဟောင်းများကို ဖြိုချ၍ ခေတ်မီအဆောက်အအုံသစ်များကို ဆောက်လုပ်ကြပါသည်။ ဆရာကြီးက အဟောင်းများ၏ အလှကို ဖျက်ဆီးရက်ကြလေခြင်းဟု ရင်ထုမနာ ဖြစ်ဟန်ရှိပါသည်။ ထို့ကြောင့် အလှ၏တန်ဖိုးကို မသိကြသော၊ ဂုဏ်ယူရန်နားမလည်ကြသော သူများအဖြစ် ဝေဖန်လိုက်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါလိမ့်မည်။

ဆရာကြီး၏ ဟောပြောချက်များတွင် ပြဟ္မစိုရ်ဒီမိုကရေစီအတွက် သက်ကြီးပညာရေးကို အထူးအလေးပေးပြီး ပြောသွားသည်ကို အလေးအနက်ဆင်ခြင်သင့်သည်ဟု ထင်ပါသည်။ ကျွမ်းကျင်သူများကိုဖိတ်ခေါ်ပါဝင်စေလျှက် ဆွေးနွေးခြင်း၊ မေးမြန်းခြင်းတို့၏ အရေးပါပုံကိုလည်း ဆင်ခြင်သင့်ပါသည်။ ရှေးဟောင်းအမျိုးသားအနုပညာ၊ အဆောက်အအုံဗိမာန်၊





ဂူကျောင်း ဘုရားတို့၏ အရေးပါပုံ၊ မိမိ ရပ်ရွာဒေသကို အားကြိုးမာန်တက် အလှဆင်နိုင်ရန် ကြိုးပမ်းသင့်ကြပုံကိုလည်း သတိပြုသင့်ပါသည်။ အထူးသဖြင့် ဤသို့သော အချက်များကို ပညာရေးနှင့် ဆက်စပ်ပြထားပုံကိုပိုပြီး လေးလေးနက်နက် ဆင်ခြင်သင့်သည်ဟု ထင်မိပါကြောင်းတင်ပြရင်း ဤစာစုကို နိဂုံးချုပ်လိုက်ရပါသတည်း။ ။

ငါတို့မြို့တော်၌
စိတ်ပန်းဖြေစရာလည်း များလှစွာ၏။
အားကစားသဘင်၊ ယာဇ်နတ်သဘင်အားဖြင့်လည်း
ဆယ့်နှစ်ရာသီရှိ၏။
ငါတို့၏ လူထုအဆောက်အုံ ဂူကျောင်းဗိမာန်တို့၏
ကျော့မော့ တင့်တယ်မှုသည်
ဟဒယကို မြူးကြွစေလျက်၊
ပသာဒဖြင့် မျက်စိကို နိစ္စဓူဝ ချမ်းမြစေကုန်၏။
ဤသို့သော သုခမျိုးကို ပေးနိုင်သည့် မြို့ပြ
တစ်ပါးတွင် မရှိတော့ပြီ။



www.burmeseclassic.com